# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၂၃) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၃) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၀၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၃.၉၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်ပါ့ မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ၉-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၁၁ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၅ ဦးရှိ၍ စုစုပေါင်း ကိုယ်စားလှယ် ၂၆ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၅ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်အဖြစ်တိုင်ကြားသူ ကိုယ်စားလှယ် ၇ ဦးနှင့် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၂ ရက်အဖြစ်တိုင်ကြားသူ

ကိုယ်စားလှယ် ၈ ဦး၊ စုစုပေါင်း ကိုယ်စားလှယ် ၁၅ ဦးရှိပါတယ်။ ကိုယ်စားလှယ် ၁၅ ဦးမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း (ခ) ဦးထွန်းထွန်း၊

(၂) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ်၊

(၃) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းမြခေါင်လွင်၊

(၄) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး၊

(၅) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊

(၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇော်ခေါင်၊

(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊

(၈) ခနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊

(၉) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊

(၁၀) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း၊

(၁၁) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း၊

(၁၂) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း၊

(၁၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၊

(၁၄) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၊

(၁၅) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတို့သည် ခွင့်အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။

ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင်များအား အမြန်ဆုံးစိစစ်မှတ်ပုံတင်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်မြင့်(ဗိုလ်တထောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာ ပို့လိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၏ လိုအပ်ချက်အရ ပြည်သူများ၏ကိုယ်စား လုပ်ငန်းလိုင်စင်များ အလျင်မြန်ဆုံး ပြည်သူများလက်ဝယ်သို့ ချပေးဖို့ လွယ်ကူသော အစီအစဉ်များ ရှိ၊ မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင်ချပေးရန် စိစစ်ရာတွင် အခြေခံလိုအပ်ချက်များစိစစ်ပြီး သက်ဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီး EC Board တင်၍ ဆုံးဖြတ်ပြီးမှ လိုင်စင်များချပေးမည်ဟု တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ သိရှိပါတယ်။ သက်ဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းများ များသည့်အပေါ်မှာ အချိန်ကြန့်ကြာမှုများ ရှိနေပါသောကြောင့် စီးပွားရေးလုပ်ငန်းရှင် ပြည်သူများ၏လုပ်ငန်းများ မြန်ဆန်အဆင်ပြေလုပ်ကိုင်နိုင်ရန် ဟိုတယ်နှင့် ခရီးသွား

လုပ်ငန်းလိုင်စင်များအား လွယ်ကူသော၊ အဆင်ပြေချောမွေ့သော၊ မြန်ဆန်သောနည်းစနစ်များဖြင့် လုပ်ပေးနိုင်ဖို့ အစီအစဉ် ရှိ၊ မရှိ သိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနမှာ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဌေးအောင်(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်မှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း လိုင်စင်များဟာ အမြန်ဆုံးစိစစ်ရွေးချယ်လိုင်စင်များ မှတ်ပုံတင်ခွင့်ပြုရန် အဆင်ပြေမှု၊ မြန်ဆန်သော အစီအစဉ်ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဌေးအောင်အား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ လုပ်ငန်းလိုင်စင် ၄ မျိုးကို ချထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းလိုင်စင် ၄ မျိုးဟာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းလိုင်စင်၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်နှင့် ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်တို့ပဲဖြစ်ပါတယ်။ ၎င်းလိုင်စင်များအနက် ကမ္ဘာလှည့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း လိုင်စင်နဲ့ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များကို လျှောက်ထားရာတွင် ပါဝင်ရမည့် သက်ဆိုင်ရာ အထောက်အထား အချက်အလက်များ ပြည့်စုံမှန်ကန်စွာပါရှိပါက ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန အစီအစဉ်ဖြင့် တိုက်ရိုက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်လုပ်ငန်းလိုင်စင်တစ်မျိုးဖြစ်တဲ့ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် လျှောက်ထားတဲ့နေရာမှာ လုပ်ငန်းရှင်သည် ခရီးသွားလုပ်ငန်း ကော်မတီထူထောင်ရန်အတွက် ကော်မတီမှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ရပါတယ်။ မှတ်ပုံတင်ခွင့်ရရှိတဲ့ အခါ အခြားသက်ဆိုင်ရာ စာရွက်၊ စာတမ်းများနဲ့အတူ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြလျှောက်ထားလာတဲ့အခါမှာ ခရီးသွားလုပ်ငန်းတည်ရှိရာ မြို့များတွင်ရှိတဲ့ ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန ရုံးခွဲများမှအဖွဲ့များဖြင့် ကုမ္ပဏီ၏ လိပ်စာနှင့်ရုံးခွဲဖွဲ့စည်းမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး စစ်ဆေးမှုမှတ်တမ်းကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ

လစဉ်ကျင်းပပြုလုပ်တဲ့ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင်တင်ပြအတည်ပြုချက်ရယူပြီး လုပ်ငန်းလိုင်စင်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်လုပ်ငန်းလိုင်စင်တစ်မျိုးဖြစ်တဲ့ ဟိုတယ်နှင့်ခရီးသွား၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် လုပ်ငန်းရှင်သည် ပြည်ပဧည့်သည်များ တည်းခိုနိုင်ရန်အတွက် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုကြောင်းသက်ဆိုင်ရာ အထောက်အထားစာရွက်၊ စာတမ်းများ၊ ဒေသအာဏာပိုင်နဲ့ သက်ဆိုင်ရာဌာနများ၏သဘောထားမှတ်ချက်များ အထူးသဖြင့်ကမ်းခြေဒေသများမှာ သက်ဆိုင်ရာဒေသအာဏာပိုင် ပုဂံဒေသမှာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်များဦးစီးဌာန၊ အင်းလေးဒေသမှာ သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောရေးရာဝန်ကြီးဌာနတို့ရဲ့ သဘောထားမှတ်ချက်နှင့် ထောက်ခံချက်များပါဝင်တဲ့ ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြလျှောက်ထားလာပါက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ရုံးခွဲများမှ အဖွဲ့များဖြင့် ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်အတွက်စစ်ဆေးကြည့်ရှုပြီး ဟိုတယ်နှင့်ခရီးသွားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ လစဉ်ကျင်းပပြုလုပ်သောစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် တင်ပြအတည်ပြု ချက်ရယူပြီးလုပ်ငန်း လိုင်စင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်များကို ခွင့်ပြုပေးလျက်ရှိရာ ပြည်ထောင်စုအစိုးရသစ်လက်ထက်တွင် ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့အထိ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၈၉လုံး၊ အိပ်ခန်းအားဖြင့် ၃၁၈၆ခန်း၊ လုပ်ငန်းလိုင်စင် ခွင့်ပြုပေးနိုင်ခဲ့ပြီး။ ၂၀၁၂ခုနှစ်၊ ဇွန်လကုန်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၇၅၈ လုံး၊ အိပ်ခန်းအားဖြင့် ၂၆၄၆၃ ခန်းအား လုပ်ငန်းလိုင်စင်ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ထားတဲ့ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေအခန်း(၆) ပုဒ်မ ၈ ၌ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်လိုသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရနှင့်ဖက်စပ်လုပ်ကိုင်သည့် အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည်လုပ်ငန်းစီမံချက်စတင် အကောင်အထည်မဖော်မီ ကြိုတင်၍ ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနသို့သတ်မှတ်သော နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်ဟု ဖော်ပြပါရှိပါသော်လည်း လုပ်ငန်းရှင်များ လုပ်ငန်းလိုင်စင်ရယူရာတွင် အဆင်ပြေစေရန်နှင့် ဟိုတယ်အခန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်တို့အတွက် ဟိုတယ်ဆောက်လုပ်ခွင့် တင်ပြခြင်းအပြင် ဆောက်လုပ်ပြီးအဆောက်အအုံများကိုလည်း လုပ်ငန်းလိုင်စင်ခွင့်ပြုပေးရန် လျှောက်ထားလာပါက ဖြေလျော့ စိစစ်

ခွင့်ပြုပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အချုပ်အားဖြင့် မြန်မာနိုင်ငံတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝန်ကြီးဌာနအနေဖြင့် ဖော်ပြပါလုပ်ငန်း ၄ မျိုးအတွက် လုပ်ငန်းလိုင်စင်များကို စီမံခန့်ခွဲမှုကော်မတီ ကျင်းပသည့် အချိန်ကာလအထိ မစောင့်ဆိုင်းဘဲ တင်ပြသည့် Case အရသာ လုပ်ငန်းလိုင်စင်များချထားပေးပြီး စီမံခန့်ခွဲမှုကော်မတီတွင် အတည်ပြုချက် ပြန်လည်ရယူခြင်းဖြင့်လည်းကောင်း အထူးသဖြင့် သက်ဆိုင်ရာဌာနများရဲ့သဘောထားမှတ်ချက်လိုအပ်သော ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ကိုတော့ ဆိုင်ရာဌာနများရဲ့ စာရွက်၊ စာတမ်းပြည့်စုံမှု စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုအစီရင်ခံစာတို့အရ လုပ်ငန်းလိုင်စင်များ ချထားပေးပြီးမှ စီမံခန့်ခွဲမှုကော်မတီတွင် အတည်ပြုချက် ပြန်လည်ရယူခြင်းဖြင့်လည်းကောင်း အဆင်ပြေလွယ်ကူအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ရေငန်တားတာပတ်ရာမှ စိုက်ပျိုးနိုင်သော မြေသစ်များကို ပြန်လည်ခွဲဝေပေးနိုင်ရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ဖြစ်ပါတယ်။ ကျွန်တော်က တောင်သူလယ်သမားများအကျိုးအတွက် မေးမြန်းမှာ ဖြစ်ပါတယ်။ ပင်လယ်ကမ်းရိုးတန်းဒေသအချို့မှာ ပင်လယ်တိမ်ကောသွားသဖြင့် ပေါ်ထွက်လာသော မြေသစ်များကို ရေငန်တားတာပတ်ပေးသဖြင့် လယ်မြေများ ဧကသောင်းချီ၍ ပေါ်ပေါက်လာခဲ့ပြီး စိုက်ပျိုးနိုင်သော မြေသစ်များကို ခွဲဝေချထားပေးခြင်းခံရသူများသည် ချထားပေးသော မြေဧကပြည့် တာဝန်ယူစိုက်ပျိုးမှု မရှိသဖြင့် တိုင်းပြည်အတွက် အကျိုးမဲ့ဖြစ်စေသလို ဒေသခံလယ်မဲ့ယာမဲ့များအတွက်လည်း ရသင့်ရထိုက်သော အခွင့်အရေးများ နစ်နာခဲ့ရသဖြင့် အထက်ပါဖြစ်စဉ်များကို ပြန်လည် စိစစ်သုံးသပ်၍ ဒေသခံလယ်မဲ့ယာမဲ့များအား သင့်လျော်သလို မြေယာများကို ပြန်လည်ခွဲဝေပေးသင့်ကြောင်း အဆိုပါ ရေငန်တားတာပတ်ရာမှ ထွက်ပေါ်လာသည့်စိုက်ပျိုးနိုင်သော မြေသစ်များကို ဒေသခံလယ်မဲ့ယာမဲ့

များအား ပြန်လည်ခွဲဝေပေးနိုင်ရန်အတွက် လုပ်ဆောင်ရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်၏ စိုက်ပျိုးမြေအသစ်များပေါ်ထွက်လာမှုအပေါ် ခွဲဝေပေးနိုင်မှုနှင့်ဆိုင်တဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းတွင် ပင်လယ်ကမ်းရိုးတန်းဒေသအချို့၌ ရေငန်တားတာပတ်ရာမှ ထွက်ပေါ်လာသော စိုက်ပျိုးနိုင်သည့်မြေသစ်များကို ဒေသခံ လယ်မဲ့ယာမဲ့များအား ပြန်လည်ခွဲဝေပေးနိုင်ရန်အတွက် လုပ်ဆောင်ပေးရန်အစီအစဉ်ရှိ၊ မရှိသိလိုကြောင်းဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့ကို နိုင်ငံတော်သမ္မတက ၃၀-၃-၂၀၁၂ ရက်စွဲဖြင့် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေအခန်း(၂) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုခြင်း၊ ပုဒ်မ ၇ တွင် ဤဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ကိုင်ခွင့် ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် နိုင်ငံတော်က အခါအားလျော်စွာ ဖော်ထုတ်သော လယ်ယာမြေများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ထုတ်ပေး၍ စိုက်ပျိုးလုပ်ကိုင်အသုံးပြုခွင့်ပေးရန် ထည့်သွင်းပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်များကို လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် လယ်ယာမြေနည်းဥပဒေများကို ရေးဆွဲပြုစုဆောင်ရွက်လျက်ရှိရာ မကြာမီ ထုတ်ပြန်နိုင်တော့မှာ ဖြစ်ပါတယ်။ ပြုစုရေးဆွဲလျက်ရှိသည့် လယ်ယာမြေနည်းဥပဒေများ မူကြမ်းတွင် အထက်ပါလယ်ယာမြေဥပဒေပုဒ်မ ၇ ပြဋ္ဌာန်းချက်မှာ ဖော်ပြပါရှိတဲ့ နိုင်ငံတော်က အခါအားလျော်စွာ အသစ်ဖော်ထုတ်သော လယ်ယာမြေများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်

ညီညွတ်သည့်လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအနေဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားနိုင်ကြောင်း ယင်းသို့ လျှောက်ထားရာတွင် လူပုဂ္ဂိုလ်ဖြစ်ပါက လယ်မဲ့ယာမဲ့ အရင်းအနှီးချို့တဲ့သည့် လယ်ယာလုပ်သားများ၊ လယ်ယာမြေချို့တဲ့သူများ၊ တိုးချဲ့လုပ်ကိုင်နိုင်စွမ်းရှိသူများအား ဦးစားပေးစိစစ်ခွင့်ပြုသွားရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး ခေတ်မီစက်မှုလယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်၍ လယ်ယာမြေတွင် အမှန်တကယ် စိုက်ပျိုးနိုင်သည့် အခြေအနေရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော အဖွဲ့အစည်းများကိုလည်း ပေါ်ထွက်လာသည့် မြေအခြေအနေအရ စိစစ်ခွင့်ပြုဆောင်ရွက်ပေးသွားရန် နည်းဥပဒေများတွင် အသေးစိတ်ထည့်သွင်းထားရှိပြီး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း(၃) တွင်လည်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုရန်ကိစ္စနှင့်စပ်လျဉ်းပြီး အသေးစိတ်ပြဋ္ဌာန်းထားရှိပါတယ်။ ယင်းဥပဒေ အခန်း(၄) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍သတ်မှတ်ချက်များ၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(က) ပုဒ်ခွဲငယ် ၄ တွင် ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၅၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို သက်ဆိုင်ရာ ဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသတွင် အခြေချနေထိုင်သော တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းအဖွဲ့က ခွင့်ပြုချထားပေးရန် နည်းဥပဒေများတွင် ထည့်သွင်း ရေးဆွဲထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် ရေငန်တားတာပတ်ရာမှ ထွက်ပေါ်လာသော စိုက်ပျိုးနိုင်သောမြေသစ်များအား လုပ်ကိုင်ခွင့်ချထားပေးခြင်းနှင့် စပ်လျဉ်းပြီး လယ်ယာမြေဥပဒေအရ နိုင်ငံတော်က အခါအားလျော်စွာ ဖော်ထုတ်ချထားသော လယ်ယာမြေဖြစ်သော်လည်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေအရ ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြသည့် တောင်သူလယ်သမားမိသားစုများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်အသုံးပြုခွင့် ရရှိရေးအတွက်သော်လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

ယင်းဥပဒေများအရ လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်မည့် နည်းဥပဒေများတွင်လည်း အသေးစိတ်ထည့်သွင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၆၁ အရ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် များ ဖွဲ့စည်းထားပြီး ယင်းဥပဒေပုဒ်မ ၂၄၈ အရ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ တိုင်းဒေသကြီး ပြည်နယ်အစိုးရ အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဒေသအတွင်း ပေါ်ပေါက်လာသည့်ကိစ္စရပ်များ အား အောက်ခြေမြေပြင်ပကတိ အခြေအနေမှန်အတိုင်း ဥပဒေနှင့်အညီ တိုက်ရိုက်ကိုင်တွယ် ဖြေရှင်း ဆောင်ရွက်ပေးနိုင်ကြမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းထား သည့် ရေငန်တားတာပတ်ရာမှ ပေါ်ထွက်လာသော စိုက်ပျိုးနိုင်သည့်မြေသစ်များကို ဒေသခံလယ်မဲ့ ယာမဲ့များအား ပြန်လည်ခွဲဝေပေးနိုင်ရန် ကိစ္စနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာနယ်မြေဒေသအလိုက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲကြီးကြပ်မှုဖြင့် သက်ဆိုင်သည့်လယ်မြေစီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သည့် လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် ပေါ်ပေါက်လာမည့် နည်းဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အင်းလေးဒေသ သွားလာမှုလွယ်ကူစေရန် ချောင်းများတူးဖော်ပေးခြင်း၊ လမ်းများဖော်ထုတ် တည်ဆောက်ပေးခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ (ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေ မဲဆန္ဒနယ် အင်းလေးဒေသက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပညာရေးအတွက် သွားလာမှုလွယ်ကူစေရန် မေးခွန်းများ မေးမြန်း သွားပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ် အင်းလေး ဒေသသည် ရှမ်းကုန်းမြေမြင့်ဒေသတစ်ခုဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိပါတယ်။ ပယ်လယ်ရေ မျက်နှာပြင်အထက် ပေပေါင်း ၂၉၀၀ ကျော်အမြင့်တွင် တည်ရှိပါတယ်။ ရှမ်းပြည်နယ်ရဲ့

မြို့တော်ဖြစ်တဲ့ တောင်ကြီးမြို့သည် ၄၇၁၂ ပေမြင့် တောင်ကြီးခရိုင်အတွင်းမှာပါဝင်ပြီး ကမ္ဘာမှာ ထင်ရှားတဲ့ ဝိသေသတစ်ခုလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၅ဝ ကျော်ကာလများမှာ အင်းလေး ရေပြင်အကျယ်ဟာ အလျား ၁၄ မိုင် အနံ ၇ မိုင်ရှိကာ သဘာဝ စိမ်းလန်းသောသစ်တောများဖြင့် အလွန်ပင် သာယာကြည်နူး ဖွယ်ကောင်းသော ဒေသတစ်ခု ဖြစ်ခဲ့ပါတယ်။ ယခုအခါတွင်မူ လူဦးရေ ထူထပ်ပြီး သဲ၊ နုန်းမြေများ ပို့ချခြင်း၊ သဘာဝရာသီဥတု ပြောင်းလဲလာမှုများကြောင့် အင်းလေးရေပြင် ဟာကျဉ်းမြောင်းလာခဲ့ပါတယ်။ နွေရာသီကာလများမှာပင် လောင်းလှေကလေးဖြင့် တစ်ရွာလုံး လှော်ခတ်သွားလာခဲ့ရသော ရွာကလေးများမှာ ယခုအခါ ခြေကျင်နှင့်တစ်မျိုး၊ စက်ဘီးနဲ့ တသွယ်၊ ဆိုင်ကယ်နဲ့တဖုံ သွားလာနေကြရပါတယ်။ သို့သော်လည်း အင်းလေးဒေသရှိ အချို့ကျေးရွာဒေသ များရဲ့ အခြေအနေမှာ စက်လှေ၊ မော်တော်ဘုတ်စသည်များဖြင့် ဈေး၊ ကျောင်းများသို့ သွားလာရန် မလွယ်ကူပါ။ စက်ဘီး၊ ဆိုင်ကယ် စသည်ဖြင့်လည်း သွားလာ၍ မရဖြစ်နေပါတယ်။ သို့ပါ၍ အင်းလေး ဒေသရှိ မန်းတောက်ဈေး၊ ခေါင်တိုင်ဈေး၊ ခေါင်တိုင်ရေပူ၊ ပန်းထောင်ဈေး၊ အင်းတိုင်ဈေး၊ နန့်ပန် ဈေးကဲ့သို့ ဈေးဝင်လမ်းများ၊ ချောင်းများ၊ ကျေးစား၊ မင်းချောင်း၊ သပြေပင်၊ သလဲဦး၊ ဟဲယာရွာမ၊ အင်းပေါခုံ၊ တာလေးအစရှိသော အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းရှိရာ ဒေသသို့ အနီးအနားကျေးရွာများမှ စက်ဘီးဖြင့်တစ်မျိုး၊ လှေများဖြင့်တသွယ် ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရေးအတွက် သွားလာမှုလွယ်ကူစေရန် ဆည်မြောင်းဌာနများမှ ချောင်းများတူးဖော် ပေးခြင်း၊ စက်ဘီး၊ ဆိုင်ကယ်လမ်းများ ဖော်ထုတ်တည်ဆောက်ပေးခြင်း အစီအစဉ်ဆောင်ရွက်ပေး နိုင်ရန်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ဖော်ထုတ်ပေးမည်နည်း။ အစီအစဉ်မရှိဘူးဆိုပါက မည်သည့်အတွက်ကြောင့် မဖြစ်နိုင်သည်ကို သိလိုပါသည်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ၏ အင်းလေးဒေသရှိ ဟဲယာရွာမကျေးရွာသို့ အနီးအနားကျေးရွာများမှ ကျောင်းသူ ကျောင်းသားများ သွားလာမှုလွယ်ကူ

စေရန် ချောင်းများတူးဖော်ပေးခြင်း၊ စက်ဘီး၊ ဆိုင်ကယ်လမ်းများ ဖော်ထုတ်တည်ဆောက်ပေးခြင်း အစီအစဉ် ရှိ၊ မရှိ ဟူသော မေးခွန်းနှင့်ပတ်သက်၍ ဆက်လက် ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးစီမံကိန်း၏ စူးစမ်းလေ့လာတိုင်းတာခြင်း၊ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ကန်အတွင်းသဲနုန်း တူးဖော်ခြင်း၊ ရေလမ်း ကြောင်းများ တူးဖော်ခြင်း၊ ရေလမ်းတစ်လျှောက် ရေလမ်းအမှတ်အသားနှင့် နယ်နိမိတ်မှတ်တိုင်များ ပြုလုပ်ခြင်းနှင့် ကျွန်းမျောများ၊ ရေမှော်များ၊ ဗေဒါများ၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း စသည့် လုပ်ငန်းများကို စက်ယန္တရားအင်အား ၁၅ စီးဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ရေလမ်းသွားလာမှု လွယ်ကူစေရန်အတွက် ချောင်းများ တူးဖော်ပေးနိုင်ပါရန်နှင့်ပတ်သက်၍ လက်ရှိအခြေအနေတွင် ဟဲယာရွာမ အထက်တန်းကျောင်း၊ အင်းပေါခုံကျေးရွာ အထက်တန်းကျောင်း၊ နန့်ပန်ပြည်သူ့ဆေးရုံအဝင် ရေလမ်းကြောင်းများနှင့် ငါးဖယ်ချောင်း၊ နန့်ကတ်ချောင်းတို့တွင် ရေလမ်းကြောင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး အတွက် ဆည်မြောင်းဦးစီးဌာနမှ သောင်တူးစက် ၂ စီး၊ မြေတူးစက် ၁ စီး တို့ဖြင့် တူးဖော်လျက်ရှိ ပါတယ်ခင်ဗျား။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အင်းလေးကန်အတွင်း သွားလာမှုလွယ်ကူ အဆင်ပြေ စေရန်အတွက် ရေလမ်းကြောင်းတူးဖော်ခြင်းကို အဓိကဆောင်ရွက်လျက်ရှိပြီး အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းခြင်း စီမံကိန်းတွင် သစ်တော ဦးစီးဌာနမှ ဦးဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီး ဌာန၊ မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဒေသအတွင်းရှိ ဌာနဆိုင်ရာများမှ ကော်မတီဝင်များအဖြစ် ကဏ္ဍ အလိုက်ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အင်လေးကန်အတွင်း ရေလမ်းကြောင်းများတူးဖော်ခြင်း၊ ရေနုတ်မြောင်းများ၊ ချောင်းများကို စဉ်ဆက် မပြတ် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် ဟဲယာရွာမ အထက်တန်း ကျောင်း၊ အင်းပေါခုံအထက်တန်းကျောင်းနှင့် နန်းပန်ပြည်သူ့ဆေးရုံ အဝင်လမ်းကြောင်းတို့တွင် ရေလမ်းသွားလာမှု လွယ်ကူချောမွေ့လျက်ရှိပြီဖြစ်သဖြင့် စက်ဘီး၊ ဆိုင်ကယ်လမ်းများ သီးသန့် ဖော်ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုတားဆီးပေးရန်နှင့် ကမ်းပါးပြို၍ ဖျက်သိမ်းထားသော အိမ်ထောင်စုများအတွက် မြေနေရာချပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်ဝင်း(ပန်းတောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ ပန်းတောင်းမြို့၊ စည်သာရပ်ကွက်မှာ ဧရာဝတီမြစ်ရေဟာ ၂၀၁၂ ခုနှစ်၊ မတ်၊ ဧပြီလမှာ ရေတိုက်စားခဲ့ပါတယ်။ ရေတိုက်စားတဲ့အတွက်ကြောင့်မို့လို့ ပန်းတောင်း-တောင်ငူလမ်းမကြီး မိုင်တိုင် အမှတ် ၁၁/၆ အနီးမှာ ကမ်းပါးပြိုပြီးတော့ ပန်းတောင်း-တောင်ငူလမ်းမကြီးဘေး ပေ ၁၂၀ ခန့် အကွာအထိ ရောက်ရှိနေပြီဖြစ်ပါတယ်။ အဲ့လို ကမ်းပါးပြိုတဲ့အတွက်ကြောင့်မို့လည်း စည်သာရပ်ကွက် ကလူနေအိမ်ခြေ ၈၀ ခန့် ဖျက်သိမ်းပြီးတော့ ထားရတဲ့အနေအထားမှာ ရှိပါတယ်။ ဆက်လက်ပြီးတော့ ရေတိုက်စားပါက လမ်းမကြီးနှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် စည်သာတံတားပါ ပျက်စီးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများက တင်ပြချက်အရ ရေကြောင်းပြောင်းလဲ တိုက်စားမှုကို ထိန်းသိမ်းကာကွယ်ပေးစေလိုတဲ့ ဆန္ဒရှိပါတယ်။ နောက် ဖျက်သိမ်းထားရတဲ့အိမ်များ အတွက်လည်း မြေနေရာချထားပေးစေလိုတဲ့ ဆန္ဒများရှိ၍ တင်ပြလာခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် မေးမြန်းလိုသောမေးခွန်းမှာ (က) အဆိုပါနေရာအား ကမ်းပြိုမှုတားဆီးပေးရန် အစီအစဉ် ရှိ၊ မရှိ (ခ) ကမ်းပါးပြို၍ ဖျက်သိမ်းထားရသော အိမ်ထောင်စုများအတွက် မြေနေရာချထား ပေးရန်အစီအစဉ်ရှိ၊မရှိ ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ကိုယ်စားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်မှ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးခင်ဝင်း၏ မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်မှာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဖွဲ့စည်းထားရှိပါသည်။ ဒီဦးစီးဌာန၏ အဓိကတာဝန်ကတော့ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်သင်္ဘောများသွားလာတဲ့ မြစ်ချောင်းများအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေကြောင်းလမ်းပြခြင်း၊ ဘေးအန္တရာယ်ရှိသည့် သဲသောင်များတူးဖော်ပေးခြင်း၊ မြစ်တွင်းအတားအဆီးများ ဖယ်ရှားပေးခြင်းများစတဲ့ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ ဗန်းမော်ကနေ ရန်ကုန်အထိ ၄၆ နေရာ၊ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ခန္တီးကနေ မုံရွာအထိ ၃၇ နေရာ၊ နွေမိုးဆောင်းသင်္ဘောများသွားလာနိုင်ရေးအတွက် ရန်ပုံငွေသတ်မှတ်ပြီး နှစ်စဉ်ပုံမှန်မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြစ်ကမ်းနားရှိ မြို့ရွာများ ကမ်းပြိုမှုမှကာကွယ်ရေးအတွက် ပြုပြင်ထိန်းသိမ်းရန် ရန်ပုံငွေသတ်မှတ်ထားခြင်းမရှိပါဘူး။ သို့ဖြစ်ပါ၍ မြစ်ကမ်းနားအနီးမြို့ရွာများ ရေတိုက်စားကမ်းပြိုမှု ဖြစ်ပေါ်ပါက သက်ဆိုင်ရာရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများကတစ်ဆင့် ပြည်နယ်၊တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ အမြန်ဆုံးတင်ပြသတင်းပို့ရမည်ဖြစ်ပါသည်။ ပြည်နယ်၊တိုင်းဒေသကြီးအစိုးရအဖွဲ့များက မြစ်ကမ်းပြိုမှုဖြစ်ပွားတဲ့ နေရာသို့ တာဝန်ရှိသူများအား အမြန်ဆုံးသွားရောက်စစ်ဆေးစေပြီး အရေးပေါ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသည် ထုထည်ပမာဏကြီးမားပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများဖြင့် ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်မည့် လိုအပ်သည့် အစီအမံ၊ ဒီဇိုင်းနှင့်ကုန်ကျစရိတ်များကို အသေးစိတ်တွက်ချက်ပြီးတော့ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတရုံးက လိုအပ်ချက်အပေါ် မူတည်၍ ရန်ပုံငွေခွင့်ပြုသတ်မှတ်ပေးပြီး တိုင်းဒေသကြီးအစိုးရနှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွမ်းကျင်သူများပူးပေါင်းပြီး မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ဦးစွာပထမရှင်းလင်းတင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းမှ ပန်းတောင်းမြို့ စည်သာရပ်ကွက် ဧရာဝတီမြစ်ရေတိုက်စားမှုမှ ပန်းတောင်း-တောင်ကုတ်လမ်းမကြီး မိုင်တိုင် ၁၁/၆ အနီး လမ်းမကြီးဘေး ၁၂၀ ပေခန့်အကွာအထိ ရောက်ရှိနေပြီး စည်သာတံတားပါ ပျက်စီးနိုင်သည့်အတွက် အဆိုပါနေရာအား ကမ်းပါးပြိုမှုမှ တားဆီးပေးရန်အစီအစဉ်ရှိ၊မရှိ မေးမြန်းချက်နှင့်ပတ်သက်၍ ပန်းတောင်းမြို့ စည်သာရပ်ကွက်ရှိ စည်သာတံတားသည် ပန်းတောင်း-ဥသျှစ်ပင်-

တောင်ကုတ်လမ်းမကြီးပေါ်တွင် တည်ရှိပြီး ဧရာဝတီမြစ်အတွင်း စီးဝင်သော ဒီးဒုတ်ချောင်းအား ဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ကမ်းပြိုမှုဖြစ်ပေါ်သောနေရာသည် ဧရာဝတီမြစ်၏ မြစ်ကွေးအပြင်ဘက်ခြမ်းတွင် ကျရောက်နေခြင်း၊ အုတ်ဖိုအနောက်ပြင်ရှေ့ရှိ သောင်စွယ်များကြောင့် ရေနက်စီးကြောင်းသည် စည်သာရွာအနီး မြေပါးများဖြစ်ခြင်းနှင့် ကမ်းပါးမြေသားအတွင်းရှိ အောင်းရေများစိမ့်ထွက်ခြင်း၊ Seepage တို့ကြောင့် ကမ်းပြိုမှုများဖြစ်ပေါ်ရကြောင်း တွေ့ရှိရပါတယ်။ အဆိုပါကမ်းပြိုမှုအား ကာကွယ်နိုင်ရန်အတွက် မြစ်ရေကျဆင်းချိန် ပွင့်လင်းရာသီတွင် အသေးစိတ်တိုင်းတာပြီး ဆောင်ရွက်သင့်သောအစီအမံများအား တွက်ချက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးအစိုးရသို့ တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းမေးမြန်းထားသည့် ပန်းတောင်းမြို့ စည်သာရပ်ကွက်တွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုအား တားဆီးပေးရန်ကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသည့် ရပ်ကွက်မြို့နယ်အုပ်ချုပ်ရေးမှူးများက တိုင်းဒေသကြီးအစိုးရသို့တင်ပြပြီး တိုင်းဒေသကြီးအစိုးရက နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြပြီးတော့ အထူးခွင့်ပြုချက်ရန်ပုံငွေဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။ အိမ်တွေရွှေ့ပြောင်းပေးမှုနှင့်ပတ်သက်လို့ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနှင့် သက်ဆိုင်မှုမရှိကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။

**စစ်တောင်းမြစ်ကြောင်းတိုက်စားပြီး ကျွန်းအဖြစ်သို့ ရောက်ရှိသွားမည့်အခြေအနေအား မြစ်ကြောင်းထိန်းသိမ်းမှုအစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်ရဲ့ကျန်းမာခြင်း၊ စိတ်ရဲ့ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းမှာရှိတဲ့ သရဲသမိန်ကျေးရွာဆိုလျှင် စစ်တောင်းမြစ် အနောက်ဘက်ကမ်းမှာရှိတဲ့ တိုက်နယ်ကျေးရွာကြီးတစ်ရွာဖြစ်ပါတယ်။ အိမ်ခြေပေါင်း ၁၅၀၀ ခန့်ရှိပြီးတော့ အခုချိန်ခါမှာဆိုရင် စစ်တောင်းမြစ်ကြောင်းရဲ့ တိုက်စားမှုကြောင့် ကျွန်းအဖြစ်သို့ ရောက်ရှိမယ့်အခြေအနေ ဖြစ်နေပါတယ်။ ရွာရဲ့ မြောက်ဘက်မှာဆိုလို့ရှိရင် ယခင်အခါတုန်းကတော့ မချစ်ရိုးရှိပြီးတော့ အဲဒီ မချစ်ရိုးဟာ တဖြောင့်တည်းစီးဆင်းတဲ့အတွက် စစ်တောင်းမြစ်ရေဟာ

တဖြောင့်တည်း စီးဆင်းနိုင်ခဲ့ပါတယ်။ အခုအခါမှာတော့ အဲဒီနေရာမှာ သဲနုန်းပို့ချမှုကြောင့် သောင်ခုံ အလျား ၄ မိုင်ခန့် ဖြစ်နေပါတယ်။ စက်ယန္တရားနဲ့ တူးဖော်လို့ရှိရင်တော့ မြစ်ကြောင်း တဖြောင့်တည်း စီးဆင်းနိုင်မှာ ဖြစ်ပါတယ်။ မြစ်ကြောင်းထိန်းသိမ်းရေးဌာနက မြစ်ကြောင်းဖြောင့်ဖို့အတွက် ကွင်းဆင်း စစ်ဆေးတိုင်းတာခဲ့တဲ့အခါမှာ အလျား ၃.၇ မိုင်ခန့် တူးဖော်ရန်ရှိကြောင်း သိရှိခဲ့ရသော်လည်းပဲ ဆက်လက်ပြီးတော့ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ စစ်တောင်းမြစ် ကြောင်း ထိုးဖောက်တိုက်စားမှုကို မြစ်ကြောင်းမပြောင်းနိုင်ပါက ရွာကြီးတစ်ရွာ ပျက်စီးသွားနိုင်တဲ့ အပြင် စိုက်ပျိုးမြေအမြောက်အမြားဆုံးရှုံးနိုင်တဲ့ ဆိုးကျိုးများလည်း ဖြစ်ပေါ်နိုင်တဲ့အတွက် မြစ်ကြောင်း ထိန်းသိမ်းမှု အစီအစဉ် ရှိ၊ မရှိကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ၏ ဝေါမြို့နယ် သရဲသမိန်ကျေးရွာ၏ အနောက်ဘက်မှ စစ်တောင်းမြစ်ဝှမ်းထိုးဖောက်တိုက်စားပြီး ကျွန်းအဖြစ်သို့ ရောက်ရှိသွားမည့် အခြေအနေအား မြစ်ကြောင်းထိန်းသိမ်းမှုအစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ထိန်းသိမ်းရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုများကို ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ဝင်းရဲ့မေးခွန်းမှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခု စစ်တောင်းမြစ်အခြေအနေနဲ့ ပတ်သက်ပြီးတော့ စစ်တောင်းမြစ်တစ်လျှောက်မှာ ရေစားကမ်းပြိုမှုများမှ ကာကွယ်နိုင်ရန်နဲ့ ရေကြီး ရေလျှံမှုလျော့နည်းရေး၊ စိုက်ပျိုးမြေဖော်ထုတ်မှုတို့ကို ရည်ရွယ်ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၀၇ ခုနှစ်၊ မတ်လအတွင်း ကွင်းဆင်းတိုင်းတာခဲ့ပါတယ်။ အဲ့ဒီကွင်းဆင်းတိုင်းတာ တွေ့ရှိချက် များအရ မြစ်ကွေ့ဖြတ်ဖောက်ခြင်း လုပ်ငန်းနေရာပေါင်း ၂၃ နေရာလောက်ဆောင်ရွက်ရမှာ ဖြစ် ကြောင်း တွေ့ရပါတယ်။ အဲ့ဒီလုပ်ငန်းတွေကို ဆောင်ရွက်ရမယ့် စုစုပေါင်းအလျားကတော့ မီတာပေါင်း ၅၁၃၆၆ မီတာရှိပြီး တူးဖော်ရမယ့် မြေသားပမာဏကတော့ ၁၉၉၈၁၀၀ လောက်ရှိပါတယ်။ စက်သုံးဆီ

လိုအပ်ချက်ကတော့ ဂါလန်ပေါင်း ၅၇၀၀၀၀ ကျော် လိုအပ်မယ်လို တွေ့ရှိရပါတယ်။ ခန့်မှန်းကုန်ကျစရိတ်ကတော့ ကျပ်သန်းပေါင်း ၂၅၃၃.၄၁ ဖြစ်ပါတယ်။ သရဲသမိန်ကျေးရွာ အနောက်ဘက်မှ မြစ်ကြောင်းပြောင်းလဲစီဆင်းခြင်းအား ကာကွယ်ရန်အတွက် သရဲသမိန်ရွာ မြောက်ဘက်ရှိ မြစ်ကွေ့ကို ဖြတ်ဖောက်ခြင်းလုပ်ငန်းကလည်း အထက်ဖော်ပြပါလုပ်ငန်း ၂၂၃ ခုမှာ ပါဝင်ပြီးဖြစ်ပါတယ်။ အဲ့ဒီ လုပ်ငန်း ဆောင်ရွက်ရန်အတွက်ကတော့ ၂၀၀၆-၂၀၀၇ တိုင်းတာတွေ့ရှိချက်များအရ စုစုပေါင်း တူးဖော်ရမယ့် အလျားမီတာ ၄၀၀၀ ခန့်ဖြစ်ပါတယ်။ တူးဖော်ရမယ့် မြေသားပမာဏကတော့ ကျင်းပေါင်း ၁၀၀၀၀၀ ခန့်ရှိပါတယ်။ ခန့်မှန်းကုန်ကျစရိတ် ၁၂၈.၉ သန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ မေးမြန်းထားတဲ့ ဝေါမြို့နယ် သရဲသမိန်ကျေးရွာရဲ့ အနောက်ဘက်ကနေပြီး စစ်တောင်းမြစ်ကြောင်း ထိုးဖောက်တိုက်စားပြီးတော့ ကျွန်းအဖြစ်သို့ ရောက်ရှိသွားမည့် အခြေအနေကို မြစ်ကြောင်းထိန်းသိမ်းမှုဆောင်ရွက်ရန်အတွက် တာဝန်ရှိတဲ့ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြပြီးတော့ တိုင်းဒေသကြီးအစိုးရက နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြ အထူးခွင့်ပြုချက်ရန်ပုံငွေတောင်းခံပြီး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဦးအောင်သောင်း၊ တောင်သာမဲဆန္ဒနယ်က မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသရှိ ပြည်သူများ မျက်စိဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့် ကုသပေးရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သောင်း(တောင်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုမွန်ကောင်းပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ဖြစ်ပါတယ်။ ဒီနေ့တင်ပြမယ့်အဆိုကတော့ အပူပိုင်းဒေသရှိ ပြည်သူများခံစားနေရသော မျက်စိဝေဒနာကို အထူးအစီအစဉ်ဖြင့် ကုသပေးရေးအဆိုကို တင်ပြသွားမှာ ဖြစ်ပါတယ်။ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ဟာ မိုးခေါင်ရေရှားဒေသကြီးဖြစ်ပါတယ်။ မိုးရေချိန်လည်း အလွန်နည်းပါးပါတယ်။

အထူးသဖြင့် ဒီနှစ်ဆိုရင် မိုးဟာယခင်နှစ်ထက်တောင် ပိုပြီးတော့မှ နည်းစွာရွာသွန်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မိုးရေချိန်နည်းတဲ့အတွက် လူတစ်ကိုယ်ရေသန့်ရှင်းရေးအတွက်ရော၊ မျက်စိသန့်ရှင်းရေးအတွက်ပါ အလွန်အားနည်းပါတယ်။ မိုးရေချိန်နည်းတဲ့အတွက်လည်း မြေကြီးရဲ့ သိပ်သည်းမှုဟာလည်း အလွန်နည်းပါတယ်။ အပူချိန်များတဲ့အတွက် မြေဟာလည်းပဲ ဖုန်ထမှုများ ပါတယ်။ နေပူချိန်များပြီးတော့မှ ဒါလေပြင်းတိုက်လိုက်လို့ရှိရင် ဒီဖုန်တွေ၊ သဲတွေကြောင့် လူတွေမှာ လည်းပဲ ညစ်ပတ်စေပြီးတော့ အထူးသဖြင့် မျက်စိကိုပိုမိုပြီး ဒုက္ခရောက်စေပါတယ်။ အဲဒီတော့ မျက်စိဝေဒနာပေါင်းစုံရပါတယ်။ မျက်ခမ်းစပ်အပါအဝင် မျက်စိအခြားဝေဒနာများပါ ပေါင်းစုံခံစား နေရတဲ့အခြေအနေကို သိရှိနိုင်ပါတယ်။ များသောအားဖြင့် ကျေးရွာတွေမှာလည်းပဲ အများစုဟာ မျက်စိဝေဒနာခံစားနေရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲဒီတော့ မျက်စိဝေဒနာရှင်တွေအနေနဲ့ ဆေးကုဖို့ဆိုတာလည်းပဲ စီးပွားရေးအရလည်း အခက်အခဲရှိပါတယ်။ ဒီအပူပိုင်းဒေသဟာ များသော အားဖြင့် စိုက်ပျိုးရေးကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းဖြစ်ပါတယ်။ မိုးရေအင်မတန်နည်းတဲ့အတွက် လည်း စိုက်ပျိုးရေးကလည်းမဖြစ်ပါဘူး။ မဖြစ်တဲ့အတွက် စားရေးသောက်ရေးမှာလည်း မလုံလောက် တဲ့အတွက် အခြားဒေသကိုထွက်ပြီး အလုပ်ရှာပြီး ဝမ်းစာကို ထိန်းကျောင်းနေရတဲ့ အခြေအနေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဆေးရုံသွားကုသနိုင်ဖို့အတွက်ဆိုတဲ့ဟာ အခြေအနေဟာ အတော်ခက်ခဲ ပါတယ်။ ငွေကြေးအသင့်အတင့်နှင့် ပြေလည်သူများသာလျှင် ဆေးရုံသွားရောက်ကုသနိုင်ပါတယ်။ များသောအားဖြင့် ကုသနိုင်မှုမရှိတာကို တွေ့ရှိရပါတယ်။ ဒီတော့ တတ်နိုင်သမျှ၊ မိမိသိသမျှ၊ တတ်သမျှနှင့် ဆေးမြီးတိုနှင့်ကုတဲ့အခါကျတော့ ရောဂါဟာ မသက်သာသည့်အပြင် ပျောက်ကင်း မသွားသည့်အပြင် မျက်စိကွယ်သည်အထိ ရောက်သွားပါတယ်။ အဲဒီတော့ မျက်စိကွယ်တဲ့အခါ ကျတော့ ဒုက္ခသည်အဖြစ်လည်းရောက်တယ်၊ အခြားမိသားစုကိုလည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး တော့မှ တာဝန်တွေဟာ ပိုလာတာကိုတွေ့ရပါတယ်။ အဲဒီတော့ ဒီအခြေအနေမျိုးနှင့် ခံစားနေရတဲ့ အခြေအနေရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မိုးခေါင်ရေရှားဒေသမှာ အထူးအစီအစဉ် များနှင့် မျက်စိစီမံချက်တွေနဲ့ ကုသပေးနေပါတယ်။ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေး စီမံကိန်းများရှိ ကြောင်းလည်းသိရပါတယ်။ တကယ်တမ်းလည်းပဲ ဆောင်ရွက်ပေးနေပါတယ်။ ဆောင်ရွက်မှုမှာလည်း လုပ်သမျှလည်း ထိရောက်အောင်မြင်မှုရှိကြောင်း တွေ့ရပါတယ်။ ဆေးရုံတွေမှာလည်းပဲ မျက်စိအထူး ကုဆရာဝန်ကြီးတွေထားရှိပြီးတော့ ကုသပေးနေတာလည်း တွေ့ရှိပါတယ်။ သို့သော်လည်းပဲ ဆေးရုံ လာနိုင်တဲ့သူပဲ ကုသနိုင်တဲ့အနေအထားရှိပါတယ်။ ဒီနေ့ ဖြစ်ပျက်နေတဲ့အနေအထားက ရောဂါ

ကုသသူများဟာ များသောအားဖြင့် စီးပွားရေးချို့တဲ့တော့ ဒီစရိတ်စကကို မတတ်နိုင်တာနဲ့ ဒီဆေးရုံကို လာမကုနိုင်ဘူး။ ဒီလို အခြေအနေများနေပါတယ်။ ဒါကြောင့်မို့လို့ လွန်ခဲ့သော ၁၀ နှစ်လောက် ကနေပြီးမှ ဒီတိုင်းကြီး ၃ တိုင်း မှာ ရှိနေတဲ့ မျက်စိဝေဒနာရှင်တွေကို အခမဲ့ကုသပေးရေးအစီအစဉ်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်နဲ့လည်း ဆောင်ရွက်ခဲ့သလို ကျန်းမာရေး ဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့်လည်းပူးပေါင်းပြီးတော့ လုပ်ခဲ့ပါတယ်။ လုပ်ခဲ့တဲ့အခါမှာလည်း အတော်အောင်မြင်ပါတယ်။ အချို့နေရာတွေဟာဆိုရင် အနည်းဆုံး ၂၀၀၀ ကနေ ၆၀၀၀ ကျော်အထိ လာရောက်ပြီးတော့မှ ကုသတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒါတွေ အားလုံးလည်း အောင်မြင်ပါတယ်။ အခမဲ့ကုသတာဖြစ်တဲ့အတွက်လည်း ဝေဒနာရှင်တွေအားလုံးဟာ ဒီအခွင့်ကောင်းကိုယူပြီးတော့ လာရောက်ပြီးတော့ မလွတ်ကြစတမ်းရယူကြပါတယ်။ အဲဒီတုန်းက သယ်ပေးတာတွေကော၊ ကျွေးမွေးစရိတ်တွေကော၊ ထိန်းသိမ်းမှုစရိတ်တွေကော၊ နေထိုင်မှုစရိတ် တွေကော အကုန်လုံးလုပ်ပေးတာအတွက် ဘယ်ဆေးရုံမှမလာနိုင်တဲ့ မျက်စိဝေဒနာရှင်တွေအားလုံး ကလာကြလို့ ခုလိုကုသမှုတွေခံရတာ တော်တော်များတာကို တွေ့ရှိရပါတယ်။ ဒီကုသမှုတွေအားလုံး ကလည်းအတော်ထိရောက်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ပညာရှင်များအားလုံးက ထိထိ ရောက်ရောက်ဆောင်ရွက်ပေးတဲ့အတွက် တော်တော်လေးအောင်မြင်ပြီးတော့ ဝမ်းသာမှုတွေလည်း ဖြစ်ရပါတယ်။ သို့သော်လည်းပဲ နောက်ပိုင်းမှာတော့ နည်းနည်းလေး ဒီဆောင်ရွက်ချက်ဟာ အရှိန်နည်း သွားပါတယ်။ အဲဒီတုန်းကဆိုရင် တချို့ဖြစ်စဉ်တွေဟာ သနားစရာကောင်းသလို၊ ဝမ်းသာစရာ လည်းကောင်းတဲ့ဖြစ်ရပ်တွေလည်း အများကြီးရှိပါတယ်။ မြင်းခြံခရိုင်က မြို့တစ်မြို့မှာ လူဦးရေ ၅၀၀၀၊ ၆၀၀၀ လောက်ကုသတဲ့အဖွဲ့မှာဆိုရင် လင်မယားနှစ်ယောက်လာပါတယ်။ အသက်က ၆၃၊ ၆၄ လောက်ရှိပါတယ်။ သူတို့က မျက်စိကွယ်တာ ၄၀ ဝန်းကျင်မှာ ကွယ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ မျက်စိကွယ်ခဲ့တာဟာ အနှစ် ၂၀ ကျော်လောက်မှ လာရောက်ပြီးတော့ အခုလိုအခွင့်အရေးရပြီး ကုသလိုက်ရတဲ့အတွက် ဆရာဝန်၊ ဆရာမများကလည်း ဒါကိုသိရှိ စိတ်ဝင်စားစွာနဲ့ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးတဲ့အတွက် မျက်စိပြန်မြင်သွားပါတယ်။ မြင်သွားတဲ့အခါကျတော့ သူတို့က တစ်ယောက်နှင့်တစ်ယောက် အသံပဲမှတ်မိတယ်။ ၄၀ တုန်းကလိုပဲ ဇနီးရဲ့ ရုပ်အင်္ဂါ၊ ခင်ပွန်းရဲ့ ရုပ်အင်္ဂါကိုမှတ်မိထားတယ်။ မှတ်မိထားတာက အနှစ် ၂၀ လောက်ကြာတဲ့ အခါကျတော့ ဇရာက ထောင်းလာတဲ့အခါကျတော့ ဒါကို သူမမှတ်မိတော့ဘူး။ မမှတ်မိတော့ အသံတော့မှတ်မိတယ်။ ညည်းကငါ့ဇနီးဟုတ်ရဲ့လား။ ရှင်ကရော ကျုပ်ယောကျ်ားဟုတ်ရဲ့လား။ မေးတာလေးတွေ လူတွေ

ရှေ့မှာတွေ့မြင်ရတယ်။ ဝမ်းသာစရာလည်းကောင်းသလို၊ သနားစရာလည်းကောင်းတဲ့ဖြစ်ရပ်မျိုးတွေ အများကြီးတွေ့ပါတယ်။ နောက်တော့ စက်ရုံတစ်ရုံကနေပြီးတော့မှ ဝန်ထမ်းအမျိုးသမီးလေး တစ်ယောက်ဟာ ၂၃ နှစ် ရှိပါတယ်။ သူ့မျက်စိဟာ စွေနေပါတယ်။ ဘယ်ထောင့်ကပ်လိုက်၊ ညာထောင့် ကပ်လိုက်ဆိုတော့ အခြေအနေက တော်တော်ဆိုးပါတယ်။ တကယ်တော့ သူရဲ့ရုပ်ရည်ရူပကာက ဒီလောက်မဆိုးပါဘူး။ သို့သော် မျက်စိက ဖျက်နေပါတယ်။ ဒါတွေကို ဆရာဝန်၊ ဆရာမတွေက ကုသလို့ရတယ်ဆိုပြီးတော့ ကုသပေးလိုက်တဲ့အခါကျတော့ မျက်စိက ပုံမှန်ပြန်ဖြစ်သွားပါတယ်။ သူ့ရဲ့ ဘဝလေးကလည်း လှသွားပြီးတော့ ကြင်ဖော်ရှာနိုင်တဲ့အထိ ဖြစ်လာပါတယ်။ ယခင်က မျက်စိကစွေ နေတော့ သူ့ကိုဘယ်သူကမှ အရေးဆိုမယ့်သူမရှိပါဘူး။ ခုကျတဲ့အခါကျတော့ ၂၀၀၈ က ကုလိုက်တဲ့ အခါ ၂၀၀၉ ထဲရောက်တော့ မျက်စိအခြေအနေလည်း တည့်သွားရော ရုပ်ရည်လေးကလည်းမဆိုးဘူး၊ အလုပ်ကလည်းရှိနေတော့ အရေးဆိုသူရှိတော့ ခင်ပွန်းကောင်းတစ်ယောက်တောင်ရသွားပြီ ဖြစ်ပါ တယ်။ ဒီလိုအခြေအနေမျိုးတွေဖြစ်ပါတယ်။ အဲဒီကဲ့သို့သော ပုဂ္ဂိုလ်များဟာ မြောက်မြားစွာရှိနေ တာလည်းတွေ့ရှိရပါတယ်။ အဲဒီတော့ ရာသီဥတုက ပြင်းထန်တယ်၊ မိုးကလည်း မရွာဘူး ဖုန်ကလည်း ထတယ်၊ အစာရေစာကလည်း ရှားပါးတယ်။ စီးပွားရေးကလည်း ချို့တဲ့တဲ့အခါ ကျတော့ ရောဂါတွေက လျော့မသွားဘူး။ ဘယ်လောက်ပင် အလုပ်များသော်လည်းပဲ တိုးလာတဲ့အနေအထားရှိပါတယ်။ ဒီလို ခံစားနေရတဲ့ဟာတွေကလည်းပဲ လုပ်အားလည်း ဆုံးရှုံးပါတယ်။ သူတို့ကလည်း ပြည်သူတွေဖြစ်တဲ့ အတွက် ဒီအခြေအနေတွေကို ထောက်ရှုပြီးတော့မှ ကျန်းမာရေးဝန်ကြီးဌာနသော်လည်းကောင်း၊ စေတနာရှင်ပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း တစ်နှစ်မှ တစ်ကြိမ်ကနေနှစ်ကြိမ်အထိ အထူးအစီ အစဉ်များနှင့် ဒါမျက်စိရောဂါကုသပေးဖို့လိုအပ်ပါကြောင်း အဆိုကို ဤလွှတ်တော်ကြီးသို့ တင်ပြရပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်က မ သုံးလုံးဖြစ်တဲ့ မန္တလေး၊ မကွေး၊ မြင်းခြံဘက်က မျက်စိဝေဒနာ ရှင် အခြေအနေများကို ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား မသိန်းကြည်ဆိုတဲ့ သဘောမျိုးနဲ့ တင်ပြသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း တင်သွင်းတဲ့ မြန်မာပြည်အလယ်ပိုင်းအပူပိုင်းဒေသရှိ ပြည်သူများ မျက်စိဝေဒနာများစွာ ခံစားနေရမှုကို

အထူးအစီအစဉ်ဖြင့် ကုသပေးရန် အဆိုတဲ့အဆိုဟာ မိုးနည်းရပ်ဝန်းမှ ပြည်သူများ၊ အထူးသဖြင့် ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးကို အထောက်အကူပြုပါသဖြင့် လွှတ်တော်မှ လက်ခံဆွေးနွေးရန် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဦးအောင်သောင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း တင်သွင်းတဲ့အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးအောင်သောင်း၊ တောင်သာမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် ၁၃း၀၀ နာရီအချိန်အရောက် ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ ကြယ်ငါးပွင့် သဘင်္ာလုပ်ငန်းကော်ပိုရေးရှင်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ကို ဆောင်ရွက်လိုပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူများ အသင့်ဖြစ်စေလိုပါတယ်။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီး

ဖြစ်သော ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်က ၃၁-၇-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏မိတ္တူကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၅၀ ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်၏ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြ သော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ (Migrant Workers) များအတွက် ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၁၈) ရက်မြောက်နေ့မှာ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးတင်သွင်းတဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများ (Migrant Workers) များအတွက် ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

ကိုယ်စားလှယ်များတဲ့အတွက် ဆွေးနွေးတဲ့နေရာမှာ ထိထိရောက်ရောက်နှင့်လိုရင်းသာ ဆွေးနွေးဖို့လည်း တင်ပြပန်ကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးစွာ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးတင်သွင်းတဲ့ အဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာဆိုလို့ရှိရင် နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအနေဖြင့် တရားဝင်သွားရောက်တာရှိသလို၊ တရားမဝင်သွားရောက်လုပ်ကိုင်နေတာကိုလည်း အဆိုရှင်ကနေပြီးတော့ တင်ပြသွားတာ ဖြစ်ပါတယ်။ အဲဒီအလုပ်သမားတွေအနေနဲ့ သွားရောက်တဲ့ နေရာမှာ အခက်အခဲပေါင်းစုံ၊ အန္တရာယ်ပေါင်းစုံတို့ တွေ့ကြုံရင်ဆိုင်နေရတဲ့အတွက်ကြောင့်မို့လို့ အချို့ဆိုလို့ရှိရင်လည်း သေဆုံး၊ ဒဏ်ရာရတာတွေ၊ အအေးခန်းမှာ သေတာတွေ၊ နောက်တစ်ခါ ကိုယ်လက်အင်္ဂါတွေ ထိခိုက်တာတွေ အားလုံးတွေ့ကြုံနေရတယ်ဆိုတဲ့အကြောင်းကို မီဒီယာအမျိုးမျိုးကနေပြီးတော့ ကျယ်လောင်စွာကြားနေရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြည်ပက နိုင်ငံတွေနဲ့လည်းကောင်း၊ ILO နိုင်ငံများနှင့်လည်းကောင်း ချိတ်ဆက်ပြီးတော့ ရွှေ့ပြောင်းမြန်မာအလုပ်သမားများအတွက် သွားလာမှုအဆင်ပြေစေရေး၊ ကျန်းမာရေး၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု ကင်းရှင်းရေး၊ လုပ်ငန်းအလုပ်အကိုင်လုပ်အားခတွေ သတ်မှတ်ထားတဲ့အတိုင်း ရရှိရေးအတွက် အမျိုးမျိုးလုပ်ပေးနေတာကိုလည်း အားလုံးသိရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ထိုင်းနိုင်ငံနှင့် ပတ်သက်ပြီးတော့ နယ်စပ်ဒေသတွေဖြစ်တဲ့ မြဝတီရယ်၊ တာချီလိတ်ရယ်၊ ကော့သောင်းရယ်၊ နောက်ဌာနကြီး ၄ ခုနှင့် ထိုင်းနိုင်ငံမှာဆိုလို့ရှိရင် ချင်းမိုင်၊ မဟာချိုင်၊ ဘန်ကောက်၊ စမွတ်ဘရတ်တန်၊ ဆူရက်ဌာနီတွေမှာဆိုလို့ရှိရင် ယာယီနိုင်ငံကူးလက်မှတ်တွေ ရရှိရေးအတွက် အားလုံးဌာန ၉ ခု ဖွင့်ပြီးတော့ နေ့ချင်းပြီးရရှိဖို့အတွက် One Stop Service အနေနဲ့ ဆောင်ရွက်ထားတာကို သိရှိရမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့် တရားဝင်အလုပ်သမားတွေဖြစ်ပြီးတော့ လူအပေါ် ခေါင်းပုံဖြတ်မှုခံရမှု ကင်းဝေးခြင်းနှင့် လူကုန်ကူးမှုခံရခြင်းမှ ကင်းဝေးခြင်းတွေအတွက်ကို ဥပဒေက အကာအကွယ်ပေးထားခြင်းဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့ကလည်း ပူးပေါင်း

ပြီးတော့ နိုင်ငံရပ်ခြားမှာရှိတဲ့ ရွှေ့ပြောင်းမြန်မာနိုင်ငံ အလုပ်သမားများအတွက် လုပ်ငန်းခွင် ကျန်းမာရေး၊ အလုပ်သမားတွေအတွက် ရရှိမယ့်အခွင့်အရေး အပြည့်အဝရရှိရေးတို့အတွက် ကာကွယ် စောင့်ရှောက်နေတာကိုလည်းသိရှိရပါတယ်။ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် အလုပ်သမားများအတွက် ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းပြီးတော့ လုပ်ငန်းကော်မတီ ၃ ခုအနေနဲ့ အလုပ်သမားများ အခွင့်အရေးရရှိရေး၊ အကျိုးခံစားခွင့်ရရှိရေး၊ စီမံခန့်ခွဲရေး၊ အလုပ်သမားများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုတဲ့ ကော်မတီ ၃ ခုဖွဲ့ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံမှာဆိုလို့ရှိရင် ယာယီကူးလက်မှတ်တွေ ထုတ်ပေးတဲ့ လုပ်ငန်းတွေကိုလည်း ထိုင်းနိုင်ငံနှင့်ပေါင်းပြီး ဆောင်ရွက်တဲ့အတွက် ယနေ့ဆိုလို့ရှိရင် ၁.၀၂ သန်းခန့် အလုပ်သမားတွေဟာ တရားဝင်အလုပ်သမားများအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ကျန်တဲ့ ၁ သန်းခန့် ကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ခါ အလုပ် သမားတွေ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ရေး၊ လုပ်ငန်းလုပ်ခ တွေသတ်မှတ်ထားတဲ့ အတိုင်းရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုတွေကြောင့်မို့လို့ ထိုင်းနိုင်ငံအစိုးရ ကနေပြီးတော့ မြန်မာအလုပ်သမားများအတွက် တစ်နေ့လုပ်ခကို ဘတ် ၃၀၀ ကျော် ပေးမည် ဖြစ်ကြောင်း ၂၀၁၂ ခုနှစ်၊ ဧပြီလက ကြေညာခဲ့ပါတယ်။ ထိုင်းနိုင်ငံကလည်း ILO အဖွဲ့ နိုင်ငံဖြစ်တဲ့ အားလျော်စွာ ILO ကချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ မြန်မာအလုပ်သမားတွေကို သူတို့ရဲ့ နိုင်ငံ အလုပ်သမားများနည်းတူ လုပ်ခတွေပေးတာကိုလည်း တွေ့ရှိရပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ဌာနအနေနဲ့လည်း ထိုင်းနိုင်ငံနှင့် အခြားနယ်စပ်ထိတွေ့တဲ့ နိုင်ငံတွေနဲ့ပူးပေါင်းပြီးတော့ နိုင်ငံခြား ရေးဝန်ကြီးဌာနကလည်း မေတ္တာရပ်ခံထားပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေရှိခဲ့လို့ရှိရင် နယ်စပ်ကို အတင်းပို့ခြင်းအားဖြင့် သံရုံးကိုမသိမပေးဘဲနဲ့ နယ်စပ်ကိုပို့မယ်ဆိုရင် ၎င်းအလုပ်သမားတွေဟာ ခေါင်းပုံဖြတ်မှုခံရတဲ့လူတွေထဲရောက်သွားမယ်။ တစ်ခါ လူကုန်ကူးမှုခံရတဲ့ လက်ထဲကို ရောက်သွား မှာဖြစ်တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့လည်း မေတ္တာရပ်ခံထားတာကို သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုသာ နိုင်ငံအနေနဲ့လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတွေ ပြဋ္ဌာန်းတာ တွေနဲ့ပတ်သက်ပြီးတော့လည်း ပြင်းပြင်းထန်ထန်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့ ထိုင်းနိုင်ငံခရီးစဉ်မှာ အတူလိုက်ပါသွားတဲ့ အလုပ်သမားဝန်ကြီးကလည်း ထိုင်းနိုင်ငံ မြန်မာသံရုံးမှာ ရှိတဲ့ မီဒီယာတွေ၊ အလုပ်သမားတွေအတွက် အခွင့်အရေးတွေကို ဆောင်ရွက်နေတဲ့ NGO အဖွဲ့ဝင် များနှင့်ပေါင်းပြီးတော့ အလုပ်သမားများအတွက် ရသင့်ရထိုက်တာတွေရရှိရေး၊ တစ်ခါ NGO

အဖွဲ့တွေက တင်ပြတဲ့ကိစ္စတွေရော၊ တစ်ခါ NGO အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မယ့်ကိစ္စတွေကိုရော၊ NGO အဖွဲ့က တင်ပြမယ့်ကိစ္စတွေရယ်၊ နောက်တစ်ခါ ရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုးကို ဆောင်ရွက်ဖို့အတွက် NGO အဖွဲ့တွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေ ပူးပေါင်းပြီးတော့ ဆောင်ရွက်မှသာလျှင် ဒီလုပ်ငန်းတွေ အောင်မြင်မယ်ဖြစ်တယ်ဆိုတဲ့အကြောင်းကိုလည်းတွေ့ဆုံဆွေးနွေးသွားတာဖြစ်ပါတယ်။ တစ်ခါ ပြည်ထဲရေးဝန်ကြီးနှင့်လည်း တွေ့ပြီးတော့ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေအတွက် ယာယီနိုင်ငံကူးလက်မှတ်တွေ အမြန်ထုတ်ပေးရေး၊ ထပ်ပြီးတော့ ထုတ်ပေးရေးကိစ္စတွေ ယာယီနိုင်ငံကူးလက်မှတ်တွေကို အလုပ်ရှင်တွေကနေပြီးတော့ သိမ်းဆည်းထားခြင်းကို မပြုလုပ်ရေးနှင့် လုပ်သားတွေအတွက် ထိုင်းနိုင်ငံအတွင်းမှာ လွတ်လွတ်လပ်လပ်နှင့် သွားလာလှုပ်ရှားရေး၊ ကျန်းမာရေးအတွက်ပါ ဆွေးနွေးပါတယ်။ ဒါ့အပြင် ပညာရေးနှင့် ပတ်သက်ပြီး အလုပ်သမားတွေရယ်၊ ဒီအလုပ်သမားတွေရဲ့ သားသမီးတွေ ပညာသင်ကြားရေးအတွက် တရားဝင်ညှိနှိုင်းခဲ့ပါတယ်။ မဟာချိုင်ဒေသတွေ၊ ဆူရက်ဌာနီဒေသတွေမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ဘုန်းတော်ကြီးသင်ပညာရေးနှင့်ပတ်သက်ပြီးတော့ ကျောင်းသားတွေ သင်ကြားဖို့အတွက်လည်း ဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားတွေအတွက် လစာရရှိရေး၊ ခေါင်းပုံဖြတ်မှုကင်းရှင်းရေးအတွက်ကို ဆောင်ရွက်နေပေမယ့် အလုပ်သမားများ၏ ဘဝအာမခံချက် လုံခြုံရေးအတွက် ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မှာ လိုအပ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးတင်သွင်းထားတဲ့ နိုင်ငံရပ်ခြားမှာ သွားရောက်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများ (Migrant Workers) များအတွက် ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန်ဆိုတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်း၍ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းဝေး (၁၈) ရက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး

ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦး အဆိုတင်သွင်းထားတဲ့ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်း လုပ်သားများ (Migrant Workers) များရဲ့ အာမခံချက်နှင့်လုံခြုံမှုရရှိစေရေးတို့အတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများကို သွားရောက်အလုပ်အကိုင် အခွင့်အလမ်းနှင့် လုပ်ခလစာပိုမိုရရှိနိုင်ရန် မျှော်မှန်းချက်များအရလည်းကောင်း၊ အခြားအခြေအနေ အရပ်ရပ်အရလည်းကောင်း သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းလုပ်သား (Migrant Workers) များမှာ အခြားတိုင်းပြည်များသို့ ရောက်တဲ့အခါ မိမိတို့မျှော်မှန်းထားချက်နဲ့ လက်တွေ့ မကိုက်ညီတာကို ကြုံတွေ့ရကြောင်း အလုပ်ကြပ်များ၊ ပွဲစားများ၊ ခေါင်းပုံဖြတ်ခံရခြင်း၊ နေထိုင် စားသောက်စရိတ်နှင့် တခြားစရိတ်စကများ မြင့်မားခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အာမခံချက် မရှိခြင်း၊ အမျိုးသမီးငယ်များ လူကုန်ကူးခံကြရခြင်း၊ လုံခြုံစိတ်ချမှုမရှိခြင်းစတဲ့ အခက်အခဲပေါင်း များစွာကို ပြည့်စုံစွာ တင်ပြထားတဲ့အပြင် သူတို့နိုင်ငံမှာရှိတဲ့ အလုပ်သမားတွေရဲ့ အခွင့်အရေးမျိုးကို ကျွန်တော်တို့နိုင်ငံက အလုပ်သမားတွေက မရရှိတဲ့အပြင် ILO က ထုတ်ပြန်ထားတဲ့ ဥပဒေတွေ ကိုလည်း အပြည့်အဝခံစားရခြင်းမရှိတာကို ပြည့်စုံစွာတင်ပြထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ရွှေ့ပြောင်းလုပ်သားများ (Migrant Workers) များရဲ့ ကာကွယ်စောင့်ရှောက်နေရေးအတွက် ကာကွယ်စောင့်ရှောက်ရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ပြင်ပ ရောက်အလုပ်သမားများ ခန့်ထားခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ညှိနှိုင်းသဘောတူညီချက် များရရှိရေးနှင့် ယင်းအလုပ်သမားများအတွက် တရားဝင်အထောက်အထားများ ထုတ်ပေးနိုင်ရေး အတွက် စခန်းများဖွင့်လှစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ပြည့်စုံစွာ တင်ပြထားတာကို လည်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံ ရွှေ့ပြောင်းလုပ်သားများ ဖြစ်ပေါ်စေရေးအကြောင်းကို လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံဟာ အနောက်နိုင်ငံကြီးတွေရဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် ကျွန်တော်တို့နိုင်ငံက ထွက်ကုန်တွေကို ပြည်ပကို တရားဝင်တင်ပို့ရောင်းချနိုင်ခြင်း မရှိတာကိုလည်း တွေ့ရှိရပါတယ်။ အနောက်နိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုတွေ လာရောက် ဝင်ရောက်မှုအားနည်းတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ အလုပ်မဲ့ဦးရေ ထူပြောပြီး ကျွန်တော်တို့နိုင်ငံရဲ့ အလုပ်သမားများဟာ ပြည်ပနိုင်ငံများကို သွားရောက်လုပ်ကိုင်နေကြ တာကိုလည်း ကြုံတွေ့ရပါတယ်။ ဒါကြောင့် သမ္မတကြီးနဲ့ နိုင်ငံတော်အစိုးရက ကျွန်တော်တို့နိုင်ငံရဲ့

ပြည်ပအလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်ပေးနိုင်မယ့် အစီအစဉ်များကို ကြိုးစားဆောင်ရွက် နေပေမယ့်လည်း ပြည့်စုံလုံလောက်မှုမရှိကြောင်းကို ကျွန်တော်တို့ လွှတ်တော်မှာပဲ အလုပ်သမား ဝန်ကြီးက လာရောက်ရှင်းလင်းသွားတဲ့အခါမှာ လက်ရှိဆောင်ရွက်နေတဲ့ မူဝါဒတွေနဲ့ပိုမိုပြည့်စုံတဲ့ Migration Policy တစ်ခုချမှတ်ဆောင်ရွက်သင့်ကြောင်းကို လက်ရှိအလုပ်သမားဝန်ကြီးက တင်ပြသွားတာ တွေ့ရတဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး တင်သွင်းသွားတဲ့ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်နေရတဲ့ ရွှေ့ပြောင်း အလုပ်သမားများ အာမခံချက်နှင့် လုံခြုံမှုရှိရေးဆိုတဲ့အဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မရမ်းကုန်း မဲဆန္ဒနယ်မှာ ဒေါက်တာမေဝင်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မ ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦး အဆိုတင်သွင်းထားတဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများ အတွက် ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ပေးနိုင်ပါရန် တင်သွင်း ထားတဲ့အဆိုနှင့် ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့နိုင်ငံမှာ ၁၀ စုနှစ် တချို့အတွင်း အခြေအနေ တွေပါ၊ ရွှေ့ပြောင်းလုပ်သားဆိုတဲ့ကိစ္စရပ်ဟာ အလေးအနက်ထားစဉ်းစားလာတဲ့ အခြေအနေရှိပါ တယ်။ ကျွန်မတို့နိုင်ငံက လုပ်သားများဟာ တခြားပြည်ပနိုင်ငံများကို အလုံးအရင်းနဲ့ သွားရောက် လုပ်ကိုင်စားသောက်နေကြရပါတယ်။ အခြေခံအကြောင်းကတော့ ပြည်တွင်းမှာ အလုပ်အကိုင် ရှားပါးခြင်း၊ လုပ်ခလစာဟာ စားဝတ်နေရေးအတွက် ဖူလုံမှုမရှိခြင်းနဲ့ ကျေးလက်ဒေသများမှာ လယ်ယာကိုင်းကျွန်းလုပ်ငန်းများ လျော့ပါးလာခြင်းကြောင့် ဖြစ်ပါတယ်။ ဒီစတဲ့ အဓိကအကြောင်း တရားတွေအပြင် လယ်ယာမြေသိမ်းခြင်းခံရတဲ့ ဖြစ်စဉ်များကလည်း ဒီအခြေအနေကိုရောက်အောင် လို့တွန်းပို့နေသလိုဖြစ်နေပါတယ်။ ဘဝရှင်သန်ရေးအတွက် မလွှဲမရှောင်သာ သွားရောက်လုပ်ကိုင် စားသောက်နေတာဖြစ်လို့ ဒီလိုစွန့်စားသွားရောက် လုပ်ကိုင်နေကြသူ ရွှေ့ပြောင်းလုပ်သားများရဲ့

ဘ၀အာမခံချက် လုံခြုံရေးရရှိရေးဆိုတာကို နိုင်ငံတော်က မျက်ကွယ်ပြုမထားပဲ တာဝန်တစ်ခုလုပ်ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၀ မှာ နိုင်ငံခြားတိုင်းတစ်ပါးနဲ့ ဆက်ဆံရတဲ့နိုင်ငံသားတိုင်းဟာ ပြည်တွင်းမှာဖြစ်စေ၊ ပြည်ပမှာဖြစ်စေ၊ နိုင်ငံတော်ရဲ့ကာကွယ်စောင့်ရှောက်မှုတောင်းခံခွင့်ရှိတယ်ဆိုတဲ့ ပြဋ္ဌာန်းထားတာကို အလေးအနက်ပြုကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့သူတို့တစ်တွေရဲ့ ဘ၀လုံခြုံမှုအာမခံချက်ရရှိနိုင်အောင် သင့်တော်မှန်ကန်တဲ့ ထိရောက်ပြီး လက်တွေ့အကျိုးကျေးဇူးခံစားစေနိုင်မယ့် မူဝါဒများရရှိစေရမှာဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ထိရောက်ပြီး လက်တွေ့အကျိုးခံစားမှုရှိဖို့ဆိုရင် အခြေခံအကြောင်းတရားများကို စပြီး စဉ်းစားကြည့်ဖို့လိုပါတယ်။ သူတို့တစ်တွေဟာ ဘယ်လိုအခက်အခဲတွေ့ကြုံနေရလည်း၊ ဘာကြောင့် ခက်ခဲနေတာလည်းဆိုတာတွေကို သိနိုင်မှ ဘယ်လိုကျော်လွှားနိုင်မယ်၊ ဘယ်လိုဖြည့်ဆည်းနိုင်မယ်ဆိုတာကို ကျွန်မတို့ ပီပီပြင်ပြင်မြင်နိုင်မှာ ဖြစ်ပါတယ်။ မြောက်မြားစွာသော ခေါင်းပုံဖြတ်ခံရမှုတွေ အချို့ဆိုရင် အသက်ဆုံးရှုံးရသည်အထိ ဖြစ်နေတဲ့ ဘ၀အာမခံချက်မဲ့မှုများက လူသားဆန်တဲ့ဂုဏ်သိက္ခာနဲ့လျော်ညီတဲ့ အဆင့်အတန်းကို မရကြဘူးလို့ ဆိုရမှာပဲဖြစ်ပါတယ်။ တကယ်တော့သူတို့တွေဟာ ကျွန်မတို့ရဲ့ နိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ ဒီလိုဖြစ်နေရတဲ့ အကြောင်းတရားတွေအနက်အဓိကကျတဲ့ အချို့အချက်လောက်ပဲ ဒီနေရာမှာ ပြောဖို့အချိန်ရမှာ ဖြစ်ပါတယ်။ ဒီလို အဓိကကျတဲ့အချက်တွေကတော့ (၁) တရားဝင်နိုင်ငံကူးလက်မှတ်ဖြင့် အလုပ်လုပ်ကိုင်ခွင့်မရှိခြင်း၊ (၂) သိရန်လိုအပ်တဲ့ ဥပဒေဆိုင်ရာ အချက်အလက်များကို မသိရှိခြင်း၊ (၃) တရားမဝင် သွားရောက်ကြခြင်းဖြစ်၍နိုင်ငံတော်၏ အရိပ်အမိုးအကာမဲ့နေခြင်း၊ (၄) စနစ်တကျဖွဲ့စည်းနိုင်မှုမရှိခြင်း စတာတွေ့ကြောင့်ဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ ရွှေ့ပြောင်းအလုပ်သမားများဟာ အလုပ်အကိုင်ရှာဖွေသွားရောက်လုပ်ကိုင်နေရာမှ လွယ်လင့်တကူ လူကုန်ကူးခံရခြင်း၊ အလုပ်ရှင်နှင့်ကုမ္ပဏီများ၏ နည်းပေါင်းစုံခေါင်းပုံဖြတ်ခံရခြင်း၊ လုပ်ငန်းခွင်မှအပ ဆက်သွယ်မှုဖြတ်တောက်ခံရခြင်း၊ အိမ်ရှင်နိုင်ငံများ၏ဥပဒေအရ အရေးယူခံရခြင်း စတာတွေကြောင့် ဘ၀လုံခြုံမှု အာမခံချက်မဲ့နေရတာ ဖြစ်ပါတယ်။ ပြည်ပနိုင်ငံများကို ရောက်ရှိနေကြတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုနိုင်ငံသားများဟာ နည်းမျိုးစုံနဲ့ကြုံတွေ့နေရတဲ့ ကြေကွဲဖွယ်ဖြစ်ရပ်များကို ဖြစ်စဉ်အမျိုးအစားအလိုက် ထုတ်ဖော်ပြောနေမယ်ဆိုရင်တစ်ထောင့်တစ်ညပုံပြင်လို ပြောရမှာဖြစ်တဲ့အတွက် အထွေထွေသော ဘ၀အာမခံချက်မဲ့မှုများကာကွယ်ပေးနိုင်မှု ပေါ်လစီချမှတ်နိုင်ရန် လိုအပ်ပြီး အဲဒီပေါ်လစီမှာ ပါဝင်သေးတဲ့ အချက်အချို့သာ

တင်ပြသွားမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ကျွန်မတို့ရဲ့ ရွှေ့ပြောင်းလုပ်သားများ သွားရောက်လုပ်ကိုင်နေကြတဲ့ ထိုင်းနိုင်ငံ၊ မလေးရှား၊ စင်္ကာပူ၊ ဒူဘိုင်း၊ ဂျပန်၊ ကိုရီးယားစတဲ့ နိုင်ငံအစိုးရတွေနဲ့ ကျွန်မတို့ ပြည်ထောင်စုအစိုးရကြား၊ ရွှေ့ပြောင်းလုပ်သားဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု နားလည်မှုစာချွန်လွှာများ ခိုင်ခိုင်မာမာတည်ဆောက်ထားနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါဟာ ရွှေ့ပြောင်းလုပ်သား Policy အတွက်အရေးကြီးတဲ့ အဦးဆုံးခြေလှမ်းဖြစ်တယ်လို့ သုံးသပ်တင်ပြလိုပါတယ်။ ဒုတိယအချက်အနေနဲ့ သွားရောက်အလုပ်လုပ်နေကြတဲ့ လုပ်သားများအတွက် နိုင်ငံသားစိစစ်ရေးကတ်၊ နိုင်ငံကူးလက်မှတ်နဲ့၊ အလုပ်လုပ်နိုင်ခွင့် ပါမစ်တို့ကို လွယ်ကူသက်သာစွာရရှိအောင် ဆောင်ရွက်ပေးဖို့နဲ့ နောက်ထပ်သွားရောက် လုပ်ကိုင်လိုကြတဲ့ လုပ်သားများအနေနဲ့ ပြည်ထောင်စုအစိုးရရဲ့ သက်ဆိုင်ရာဌာနများနဲ့ လွယ်လင့်တကူ ချိတ်ဆက်နိုင်ပြီး လိုအပ်တဲ့ သိမှတ်ဖွယ်ရာတွေကို ရှင်းလင်းပြောပြပညာပေးခြင်းတွေ ဆောင်ရွက်နိုင်တဲ့ အစီအမံများ ထားရှိဖို့ပဲဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ ရွှေ့ပြောင်းလုပ်သားများဟာ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံများရဲ့ ဥပဒေဘောင်အတွင်း မိမိတို့ကိုယ်ကို မိမိကာကွယ်နိုင်ဖို့ အလုပ်သမားအခွင့်အရေးဆိုင်ရာ နိုင်ငံတကာအသိုင်းအဝန်းနဲ့ ချိတ်ဆက်နိုင်ဖို့ ရွှေ့ပြောင်းလုပ်သားများ သမဂ္ဂဖွဲ့စည်းနိုင်ခွင့်ရရှိရေးအတွက် တွန်းအားပေးဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ စတုတ္ထအနေနဲ့ ရွှေ့ပြောင်းလုပ်သားများရဲ့အရေးကို အမြဲမပြတ် လေ့လာစောင့်ကြည့်စေနိုင်မယ့် အစိုးရအဖွဲ့အစည်းတစ်ရပ်ကို သတ်သတ်မှတ်မှတ်ဖွဲ့စည်းပြီး အလားတူ အလုပ်သမားအရေးကို စောင့်ကြည့်ဖို့ အားပေးနေကြတဲ့ NGO များ၊ INGO များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အစီအမံတစ်ရပ်ကိုလည်း Policy မှာ မလွဲမသွေပါရှိသင့်ကြောင်း အကြံပြုပါတယ်။ ဒီလို အဖွဲ့အစည်းဟာ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံရဲ့ မြို့ကြီးများနဲ့ သက်ဆိုင်ရာမြန်မာသံရုံးများမှာတင် အခြေကျဆောင်ရွက်ခြင်းထက် ရွှေ့ပြောင်းလုပ်သားများ အများအပြားလုပ်ဆောင်နေကြတဲ့ နယ်မြေဒေသတွေမှာ လက်လှမ်းမီအောင် ထားရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လတ်တလောအခြေအနေမှာ ကြုံရာကျပန်းအခြေခံလုပ်ငန်းများကို သွားရောက်လုပ်ကိုင်နေကြတာများပေမယ့် တတ်၊ သိပညာရှင်အဖြစ် သွားရောက်လုပ်ကိုင်နေကြရတဲ့ ပညာရှင်အချို့လည်း ရှိပါတယ်။ အခုအခါမှာ ဦးနှောက်ယိုစီးမှုဖြစ်နေကြပေမယ့် ကျွန်မတို့ရဲ့ ပြည်တွင်းမှာ တိုးတက်ဖြစ်ထွန်းအောင် ကြိုးစားဆောင်ရွက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုအရွေ့တစ်ခုကလည်း အမှန်တကယ်ပဲ ရွှေ့နေတာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဘက်ပေါင်းစုံမှုကြောင့်များမကြာမီ အနာဂတ်မှာ နိုင်ငံရေးအရ တိုးတက်ပြောင်းလဲမှုများနဲ့ လူမှုစီးပွားရေး တိုးတက်မှုများ

ရှိလာတဲ့အခါမှာ ရွှေ့ပြောင်းလုပ်သားများဟာ ပြန်လည်စုဝေးလာကြမှာပဲ ဖြစ်ပါတယ်။ ဘယ်သူမှ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်မိဘ၊ ကိုယ့်ဆွေမျိုးများကို မခင်တွယ်ပဲရှိကြမှာ မဟုတ်ကြပါဘူး။ ဒီလို ပြန်လာတဲ့အခါမှာ နိုင်ငံတကာကအတွေ့အကြုံတွေ၊ နည်းပညာတွေဟာ သူတို့နဲ့အတူတူ ပြန်ပါလာကြမှာဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်မတို့ Brain Gain ဆိုတဲ့ ဖြစ်စဉ်ပေါ်ထွန်းမှာ ဒါကြောင့်မို့ ရွှေ့ပြောင်းလုပ်သားများ ဖြစ်နေပေမယ့် အနာဂတ်မှာ ပညာသည်အဖြစ်နဲ့ တိုင်းပြည်အကျိုးကို ပြည်လည်ထမ်းဆောင်နိုင်ကြမယ့် အလားအလာကောင်းတွေ ရှိသဖြင့်လည်း ကြိုတင်မှန်းဆထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လည်းပဲ သူတို့ကို ကာကွယ်၊ စောင့်ရှောက်၊ မွေးမြူ ထိန်းသိမ်းပေးဖို့ လိုအပ်နေပါတယ်။ နိုင်ငံတော်ရဲ့အရေးကို လွှမ်းခြုံပေးကြရမှာ ဖြစ်ပါတယ်။ အဲဒီအပြင် အခုအချိန်ကာလမျိုးမှာပင်လျှင် ရွှေ့ပြောင်းလုပ်သားများအနေနဲ့ ပြည်ပအိမ်ရှင်နိုင်ငံများမှာ သွားရောက်လုပ်ကိုင်ခြင်းနဲ့၊ မိခင်နိုင်ငံသို့ ပြန်လည်ဝင်လာခြင်းတို့ကို လွယ်လွယ်ကူကူ လွန်းထိုးလွန်းပျံ့သွားလာနိုင်အောင် Policy ထဲမှာ ပါဝင်နိုင်ဖို့လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ လာမယ့် ၂၀၁၄ ခုနှစ်မှာ အာဆီယံရဲ့ ဥက္ကဋ္ဌဖြစ်လာတော့မယ့် ကျွန်မတို့နိုင်ငံအနေနဲ့ အခုကတည်းက ပြည်ပရောက် ကျွန်မတို့ရဲ့ နိုင်ငံသားရွှေ့ပြောင်းလုပ်သားများအတွက် လုံခြုံခိုင်မာတဲ့ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်တဲ့ Policy တစ်ရပ် ရှိထားရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်းပဲ နိုင်ငံတော်အစိုးရအနေနဲ့ ရွှေ့ပြောင်းလုပ်သားများရဲ့ ဘဝလုံခြုံရေးအာမခံရှိရေးအတွက် မူဝါဒတစ်ရပ်ဆောင်ရွက်ထားဖို့ လိုအပ်နေပြီဖြစ်ကြောင်း လေးလေးနက်နက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား လေးစားဂါရဝပြုရင်းနှင့် မင်္ဂလာပါဟု နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံဆွေးနွေးမှာက ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏ နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်နေကြသော ပြောင်းရွှေ့လုပ်သားများကိစ္စ ဖြစ်ပါတယ်။ နိုင်ငံသားပြောင်းရွှေ့လုပ်သားများ ဆိုတဲ့နေရာမှာ မိမိစီးပွားရေးကောင်းမွန်ရန် ရည်ရွယ်ချက်ဖြင့် အိမ်နီးနားချင်းနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် သွားရောက်ကြသော ကာယ၊ ဉာဏလုပ်သားများ ဖြစ်ကြပါတယ်။ ကာယလုပ်သားများမှာ သင်္ဘောကုန်တင်ကုန်ချ

လုပ်သားများ သာမန်စက်ရုံအလုပ်ရုံအလုပ်သမား၊ ဆောက်လုပ်ရေးလုပ်သားများ၊ ငါးဖမ်းလုပ်သားများ၊ စားသောက်ဆိုင်လုပ်သားများ ဖြစ်ကြသည်။ ဉာဏလုပ်သားများမှာ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ သင်္ဘောသားများဖြစ်ကြပါတယ်။ ထို့အတူ ကျွန်တော် ဆွေးနွေးချင်တာက အပိုင်းနှစ်ပိုင်းဖြစ်ပါတယ်။ ပထမပိုင်းမှာ ပြည်ပသို့မထွက်ခွာမီ သူတို့ရင်ဆိုင်နေရသောကိစ္စများ ဖြစ်ပါတယ်။ အဓိကကတော့ နိုင်ငံရပ်ခြားကို တရားဝင်ဥပဒေနှင့်အညီ ထွက်ခြင်းပဲဖြစ်ပါတယ်။ ထို့ကြောင့် တရားဝင်ပတ်စ်ပို့လုပ် တရားဝင်ကုမ္ပဏီမှာ လျှောက်ထားခြင်းများလုပ်ရပါတယ်။ အဲဒီလိုလျှောက်ထားရာမှာ ငါးပွက်ရာငါးစာချဆိုသလို အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီများက တရားဝင်မဟုတ်ဘဲ တရားဝင်လိမ်လည်မှုကြောင့် ဘဝပျက်ခဲ့ရတာတွေ ရှိနေပါတယ်။ အဲဒီလိုသံသရာလည်နေတာတွေကို အခုထိတွေ့နေရတယ်။ ဒါကြောင့် အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ လိမ်လည်သူကို ဖော်ထုတ်ဖို့၊ ဖယ်ရှားဖို့၊ ပယ်ဖျက်ဖို့ အရေးယူဖို့လိုအပ်ကြောင်း ပထမပိုင်းအနေနဲ့ တင်ပြချင်ပါတယ်။ တရားဝင်မှတ်ပုံတင်ကုမ္ပဏီများကို သူတို့သိအောင် ကြေညာထားရမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပိုင်းအနေနဲ့ ပြည်ပကိုရောက်နေပြီး အလုပ်လုပ်ကိုင်နေကြတဲ့ပုဂ္ဂိုလ်တွေအကြောင်း ဖြစ်ပါတယ်။ ဒီနေရာမှာ တရားဝင်စာရွက်စာတမ်းဖြင့် ရောက်နေကြသူတွေရှိသလို တရားမဝင်နည်းဖြင့် ပြည်ပရောက်ကြသူတွေပါအကျုံးဝင်ပါတယ်။ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှာ ယခုလို စာရွက်စာတမ်းမပါရှိဘဲ တောလမ်းမှပွဲစားများနှင့်ပေါင်းပြီး ခိုးဝင်အလုပ်လုပ်နေကြသူတွေ ရှိပါတယ်။ ဆင်းရဲနွမ်းပါးသော ဒီလိုပုဂ္ဂိုလ်မျိုးကနဲနဲနည်းပါးပါတယ်။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံမှ ထိုသို့တရားမဝင် ခိုးဝင်အလုပ်လုပ်နေသူတွေ ထိုင်းနိုင်ငံ၏ဥပဒေအရ စီမံကိန်းချပြီးတော့ ဖမ်းတာဆီးတာတွေ ရှိပါတယ်။ အလုပ်သမားတွေကလည်း သတင်းရတာနဲ့ တောထဲတောင်ထဲထိ ထွက်ပြေးပုန်းရှောင်ရပါတယ်။ ဒါပေမယ့် စီမံကိန်းချပိုက်စိပ်တိုက် ဖမ်းဆီးရှာဖွေကြတဲ့အတွက် တချို့ အဖမ်းခံရပါတယ်။ တရားဝင်စာရွက်စာတမ်းမရှိတဲ့အတွက် မြန်မာနိုင်ငံသို့ ပြန်အပို့ခံကြရပါတယ်။ တချို့လည်း လူ့အခွင့်အရေးချိုးဖောက်ပြီးအရိုက်အနှက်ခံရခြင်း၊ နှိပ်စက်ခံနေရခြင်းများရှိကြပါတယ်။ ဒီနေရာမှာ စကားမစပ်ပြောရရင်ကျွန်တော်မွန်ပြည်နယ်မှ မွန်တိုင်းရင်းသားများလည်း ထိုနည်းတူ ထိုင်းနိုင်ငံကို ဆိပ်ကမ်းအလုပ်သမားများအဖြစ် လုပ်ကိုင်နေကြပါတယ်။ လူဦးရေ ၂၀၀၀၀၀ ကျော်ခန့် ရှိမယ်ထင်ရပါတယ်။ သူတို့လည်း အဲဒီလိုပြဿနာမျိုးတွေ ကြုံရတတ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ တင်ပြချင်တာက အဲဒီလိုဖမ်းဆီးခံရမှု၊ နှိပ်စက်ခံရမှုတွေမှာ သူတို့ကို ကျွန်တော် ကူညီချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ဖွင့်ထားတဲ့သံရုံးက တာဝန်ရှိသူထဲက ဝင်ရောက်ကူညီပေးဖို့လိုပါတယ်။ ဖမ်းထားသူတွေဟာ မြန်မာနိုင်ငံ တိုင်းရင်းသားများဖြစ်တယ်။ သူတို့အတွက် လိုတဲ့စာရွက်စာတမ်းကို ဆောင်ရွက်ပေးမယ်ဆိုတဲ့ ကူညီမှုပါ။ အဲဒီလောက်အကူအညီရမယ်ဆိုရင် သူတို့အတွက် မဟာကြီးမားတဲ့ အကူအညီပါပဲ။ အဲဒီလို ဖမ်းဆီးတဲ့အခါ အကူအညီမရှိဘဲ ပြန်ပို့ခံရပြီးဘဝပျက်ကြတဲ့ ပြည်ပရောက်သောနိုင်ငံသားတွေအများကြီးပါ။ ဒီလို သံရုံးက ရှေ့ကမတ်တတ်ရပ်ပြီး နိုင်ငံတော်အစိုးရကိုယ်စားပြု ပြီးကာကွယ်ပေးဖို့ အခုအချိန်မှာ အလိုအပ်ဆုံး ဖြစ်နေပါတယ်။ အဲဒီအချက်ကို နိုင်ငံတော်အစိုးရ စီမံချက်ချပြီး ကူညီပေးသင့်ကြောင်း တင်ပြလိုပါတယ်။ အဲဒီလိုကူညီမှုဟာ အဆိုရှင်တင်ပြတဲ့ နိုင်ငံခြားသွားရောက်လုပ်ကိုင်နေသူများ၏ ဘဝအာမခံချက်လုံခြုံရေးရရှိဖို့ နီးစပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရောက်လုပ်သားများနှင့်ပတ်သက်၍ အချက်အလက်တွေအများကြီးရှိပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော်မပြောတော့ပါဘူး။ တကယ်လိုအပ်သော အကူအညီစီမံကိန်းများကိုသာ ချမှတ်ပေးဖို့လိုပါတယ်။ ဒါကြောင့် ဦးဌေးဦးရဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အစည်းအဝေးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ညွှန်ကြားရေးမှူးတို့က ဒီအဆိုနှင့်ပတ်သက်ပြီးတော့ တစ်ယောက် နားထောင်ဖို့လိုတဲ့ဌာနက နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနများ လိုအပ်ပါတယ်။ ဒါကြောင့် သွားရောက်ပြီးတော့ ချိန်းဆိုပြီးတော့ မီတဲ့အချိန်က တက်ရောက်ဖို့ အကြောင်းကြားပေးပါ။ ဆက်လက်ပြီး တာမွေမဲဆန္ဒနယ်က ဒေါ်လဲ့လဲ့ဝင်းဆွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျွန်မတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့အဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါ

တယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတိုင်းဟာ မိမိတို့ရဲ့နိုင်ငံသားတွေကို လူမှုရေးကာကွယ်စောင့်ရှောက်မှုအကျိုးကျေးဇူးများခံစားရရှိနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြတာချည်းပဲဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့လည်း အခြားနိုင်ငံများနည်းတူ ကြိုးစားဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ယခုခေတ်မှာ လူအများဟာ ပိုမိုကောင်းမွန်သော ဘဝနေထိုင်မှု၊ အလုပ်အကိုင်၊ ဝင်ငွေ၊ အကျိုးခံစားခွင့်တို့ ရရှိနိုင်ဖို့အတွက် မျှော်လင့်ချက်များစွာနှင့် တစ်နေရာမှ တစ်နေရာ၊ တစ်နိုင်ငံမှတစ်နိုင်ငံကိုရွှေ့ပြောင်းသွားလာလျက်ရှိပါတယ်။ အဲဒီလို ရွှေ့ပြောင်းသွားလာတဲ့ ပြောင်းရွှေ့လုပ်သား (Migrant Workers) များဟာ တစ်နေ့တခြား ပိုမိုတိုးပွားလျက်ရှိပါတယ်ရှင်။ ကျွန်မလေ့လာတွေ့ရှိရသလောက် ကျွန်မတို့ရဲ့နိုင်ငံ အနီးအနားမှာရှိသော ယိုးဒယားနိုင်ငံမှာဆိုရင် ကျွန်မတို့ရဲ့ရွှေ့ပြောင်းအလုပ်သမားများဟာ ၂.၅ သန်းခန့်ရှိပါတယ်။ ထို့အပြင် မလေးရှားနိုင်ငံမှာဆိုရင်လည်း ၅ သိန်းခန့်ရှိပြီး တရားဝင်လုပ်ကိုင်ခွင့်နှင့်သွားလာနေတဲ့သူတွေရော၊ တရားမဝင်သွားလာနေတဲ့သူတွေရော အခြားအခြားသော တိုင်းပြည်နိုင်ငံများမှာများစွာတွေ့ရှိရပါတယ်ရှင်။ ရွှေ့ပြောင်းသွားလာနေတဲ့ လူဦးရေများပြားလာတာနဲ့အမျှ အဲဒီလိုသွားလာနေတဲ့သူတွေအပေါ်မှာ ကျွန်မတို့မြန်မာအမျိုးသမီးတွေကို လူကုန်ကူးမှုတွေ၊ လုပ်ငန်းခွင်မှာခေါင်းပုံဖြတ်မှုတွေ၊ ညှင်းပန်းနှိပ်စက်မှုတွေ၊ လုပ်ခအပြည့်အဝမရရှိတာတွေ၊ လူမှုရေးအကာအကွယ်ပေးမှုတွေ ခံစားရခြင်းမရှိတာတွေဟာ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ များစွာတွေ့မြင်နေရပါတယ်။ ထို့အပြင် အဆိုပါပြောင်းရွှေ့အလုပ်သမားများအနေနဲ့ ပြည်ပနိုင်ငံများမှာ ကြုံရာကျပန်းအလုပ်တွေ လုပ်ကိုင်နေရပြီး အများစုဟာ အဆိုရှင်ပြောသွားတဲ့အတိုင်း 3D လို့ခေါ်တဲ့ Dangerous အန္တရာယ်ရှိတဲ့လုပ်ငန်းတွေ၊ Difficult ခက်ခဲကြမ်းတမ်းတဲ့အလုပ်တွေ၊ Dirty သူများတွေမလုပ်ချင်လို့လုပ်ရတဲ့ ညစ်ညမ်းတဲ့အလုပ်တွေကို ရက်ရက်စက်စက်ခိုင်းစေတာတွေကို ခံစားနေကြရပါတယ်။ ယင်းသို့ ပြောင်းရွှေ့သွားလာလျက်ရှိတဲ့ အလုပ်သမားတွေထဲမှာမှ ကျွန်မတို့မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားတွေဟာ အကာအကွယ်အမဲ့ဆုံး လူအုပ်စုထဲမှာပါဝင်နေတာကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့ ယခုလက်ရှိအချိန်မှာ အလုပ်သမားစေလွှတ်တဲ့ နိုင်ငံအဖြစ်ရပ်တည်နေရသော်လည်း နောင်တစ်ချိန်မှာ အလုပ်သမားလက်ခံနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့အကြောင်းအရာ ရှိပါတယ်။ အဲဒီလိုဖြစ်လာနိုင်တဲ့အတွက် Labour Migration Policy ကို ချမှတ်ရေးဆွဲတဲ့နေရာမှာ အလုပ်သမားစေလွှတ်တဲ့ နိုင်ငံအဖြစ်သာမက အလုပ်သမားလက်ခံနိုင်တဲ့ နိုင်ငံအဖြစ်ပါ ထည့်သွင်းရေးဆွဲဖို့သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှ

တစ်ဆင့် ကျွန်မအကြံပြုတင်ပြ လိုပါတယ်ရှင်။ ယခုအဆိုပြုတဲ့ Labour Migration Policy ကို ချမှတ်ဆောင်ရွက်နိုင်မည်ဆိုပါက ကျွန်မတို့ မြန်မာပြောင်းရွှေ့အလုပ်သမားများအနေနဲ့ ယခုလက်ရှိ အခြေအနေနဲ့ ကွာခြားတဲ့အကာအကွယ်မှုတွေ၊ ရပိုင်ခွင့်ခံစားမှုတွေ ပိုမိုပြီး အကျိုးကျေးဇူးခံစားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဒွေးဦးရဲ့အဆိုဖြစ်တဲ့ မြန်မာနိုင်ငံရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာမူဝါဒ(Labour Migration Policy) ကို ချမှတ်ဆောင်ရွက်နိုင်ခြင်းအဆိုအား ကျွန်မအနေနဲ့ လေးလေးနက်နက် ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။(သြဘာသံများ)

## ၁၈၅၀ ခုနှစ်၊ တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ(အိန္ဒိယအက်ဥပဒေအမှတ် ၁၈) ကို ရုပ်သိမ်းသည့်ဥပဒေကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဥ် ၁၀ ကို ခေတ္တဆိုင်းငံ့ပြီး အစီအစဥ် ၁၁ ကို ဆောင်ရွက်လိုပါတယ်။ ဒီအစီအစဥ်နဲ့ သက်ဆိုင်တာကတော့ ဥပဒေကြမ်းကော်မတီ၊ အဆိုစတင်တင်သွင်းထားတဲ့ ဦးသိန်းညွန့်၊ တရားရုံးချုပ်တရားသူကြီးတို့နဲ့ သက်ဆိုင်ပါတယ်။ အစီအစဥ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ (အိန္ဒိယ အက်ဥပဒေအမှတ် ၁၈) ကို ရုပ်သိမ်းသည့်ဥပဒေအား လွှတ်တော်က လက်ခံဆွေးနွေးရန်အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ ၁၀-၇-၂၀၁၂ ရက်နေ့မှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က အဆိုတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ပြန်လည်ရှင်းလင်းပြီး ဖြစ်ပါတယ်။ လေးနက်သော ဥပဒေရေးရာအချက်များပါဝင်သဖြင့် အဆိုရှင်ရဲ့တင်ပြချက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ပြည်လည်ရှင်းလင်းဆွေးနွေးပြောကြားချက်တွေကို ဥပဒေ ရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သို့ လွှဲအပ်ပေးခဲ့ပြီး ကော်မရှင်၏ သုံးသပ်တင်ပြချက်ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ပြန်လည်တင်ပြပြီး ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းနဲ့စပ်လျဥ်းပြီး ကော်မရှင်ရဲ့ အစီရင်ခံစာကို ရှင်းလင်းတင်ပြရန် ကော်မရှင်ရဲ့ကိုယ်စား ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီများနဲ့ စီစဥ်ဆောင်ရွက်ထားမှုအခြေအနေကို ကျွန်တော် တင်ပြပါမယ်။ လောလောဆယ်အားဖြင့် စီစဥ်ဆောင်ရွက်မှုကို ကျွန်တော် တင်ပြပါမယ်။ အဲဒါကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်တစ်ဦးအနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ နည်းနည်းလေး တစ်ဦးနဲ့တစ်ဦး အချိတ်အဆက်ကလေး ပြတ်သွားတာကိုတော့ ခွင့်လွှတ်နားလည်ပေးဖို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက ဥက္ကဋ္ဌတာဝန်ပေးတဲ့သူက ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ The Judicial Officer Protection Act (1950)No. 18 တရားရေးအရာရှိများကို ကာကွယ်ခြင်းအက်ဥပဒေဟာ ပယ်ဖျက်ရန် လို၊ မလို ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ သဘောထားတင်ပြချက်အစီရင်ခံစာအား လေးစားစွာ လွှတ်တော်သို့ တင်ပြထားတာဖြစ်ပါတယ်။

၁။ The Judicial Officer Protection Act (1950) ကို မူရင်းအားဖြင့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားပြီး မြန်မာနိုင်ငံဥပဒေများ အတွဲ(၁)တွင် ဖော်ပြထားပါသည်။ အဆိုပါဥပဒေသည် တရားရေးအရာရှိများက တာဝန်ကိုဆောင်ရွက်ရာတွင် သဘောရိုးဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါက အဆိုပါ အပြုအမူအတွက် တရားရေးအရာရှိအား တရားမကြောင်းအရ တရားစွဲဆိုခြင်းမှ အကာအကွယ်ပေးထားခြင်း ဖြစ်ပါတယ်။ အငြင်းပွားမှုဖြစ်စဥ်။

၂။ အဆိုပါဥပဒေသည် အင်္ဂလိပ်အစိုးရက လွန်ခဲ့သော နှစ်ပေါင်း ၁၆၀က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ခြင်း၊ အဆိုပါ ဥပဒေသည် နိုင်ငံသားတိုင်း တန်းတူခံစားခွင့်၊ လွတ်လပ်ခွင့်၊ တရားမျှတခွင့်ကို ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(က)ကို ဆန့်ကျင်နေခြင်း၊ တရားရေးအရာရှိများကို အထူးအခွင့်အရေးပေးထားသော ဥပဒေဖြစ်ခြင်း၊ အဆိုပါဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီတဲ့အတွက် မူလကပင် ပျက်ပြယ်နေသော ဥပဒေဖြစ်နေခြင်း၊ တရားသူကြီးများကို အကာအကွယ်ပေးသော ပြဋ္ဌာန်းချက် ရာဇသတ်ကြီးဥပဒေများမှာလည်းပါရှိနေခြင်း၊ လွတ်လပ်စွာ

တရားစီရင်ရေးကို အကာအကွယ်ပေးရာ မရောက်ခြင်းတို့ကြောင့် ပယ်ဖျက်သင့်ကြောင်း သယ်န်းကျွန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က အကြောင်းပြအဆိုတင်သွင်းလာပါတယ်။

၃။ အဆိုပါဥပဒေတွင် ပုဒ်မတစ်ခုတည်းသာပါရှိပြီး မည်သည့်တရားသူကြီး ရာဇဝတ် တရားသူကြီး၊ ကော်လိပ်တော်အရာရှိ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်သောပုဂ္ဂိုလ်သည် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းကို ထမ်းဆောင်ရာတွင် ၎င်းတွင် စီရင်ပိုင်ခွင့်ရှိကြောင်း သဘောရိုးဖြင့် ယုံကြည်ပြီး ဆောင်ရွက်သည့် ပြုလုပ်မှုအတွက် တရားမရုံးတွင် တရားစွဲဆိုခြင်းမခံထိုက်စေရဟု ဖော်ပြထားကြောင်း တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် သဘောရိုးဖြင့် ဆောင်ရွက်မှုများ အတွက် တရားမရုံးမှာ တရားစွဲဆိုမှုမခံထိုက်စေရန် ကာကွယ်ထားခြင်းဖြစ်ကြောင်း၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူပြုမှု၊ မတော်မတရားပြုလုပ်မှုတို့ကို အကာအကွယ်ထားခြင်း မဟုတ်ကြောင်း၊ သဘောရိုးဖြင့်ဆောင်ရွက်မှုများကို အကာအကွယ်ပေးခြင်း၊ ဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်နေသည့် အခြားဝန်ထမ်းများကိုလည်း အလားတူ ကာကွယ်ပေးထားပါကြောင်း တရားရေး အရာရှိများကို အလားတူကာကွယ်ပေးသည့်ဥပဒေများ နိုင်ငံအတော်များများ၌ ပြဋ္ဌာန်းထား ပါကြောင်း၊ တရားရေးတာဝန်ကို သဘောရိုးဖြင့်ထမ်းဆောင်သူကို အကာအကွယ်ပေးခြင်းဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (က) ပါကိစ္စနှင့် မသက်ဆိုင်ကြောင်း၊ သို့ဖြစ်ပါ၍ ၁၈၅၀ခုနှစ် တရားစီရင်ရေးအရာရှိများကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းရန် မသင့်ပါကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်မှ တင်ပြထားပါသည်။

၄။ တွေ့ရှိချက် ၁၈၅၀ခုနှစ် တရားရေးအရာရှိများကို ကာကွယ်ခြင်းအက်ဥပဒေ ပုဒ်တွဲ(၁) သည် တရားစီရင်ရေးတာဝန်ကို သဘောရိုးဖြင့် တာဝန်ထမ်းဆောင်ရာတွင် ပြုမူသည့် ဆောင်ရွက်ချက်များ အပေါ်တရားမကြောင်းအရ တရားစွဲဆိုမှုမပြုနိုင်ရန် ကာကွယ်ထားခြင်း ဖြစ်ပါတယ်။ ဥပဒေ သက်တမ်းမှာ နှစ် ၁၆၀ ကျော်ဖြစ်ပါတယ်။ အဆိုပါဥပဒေတွင် အဂတိလိုက်စားမှု မလုပ်သင့်သည့် အလုပ်ကို လုပ်ဆောင်မှုတို့အား အကာအကွယ်ပေးခြင်းမဟုတ်ကြောင်း ထင်ရှားပါသည်။ အဆိုပါ ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ဂ ပုဒ်မခွဲ(က) နိုင်ငံသားတိုင်းတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ခံစားခွင့်ရှိသည်နှင့်ဆန့်ကျင်မှု ရှိ၊ မရှိ စိစစ်ရာတွင် ပုဒ်မ ၂၁ ပုဒ်မခွဲ (က)သည် နိုင်ငံသားအားလုံးကို အခွင့်အတူပေးထားခြင်းဖြစ်ပြီး တရားရေးတာဝန်ကို ထမ်းဆောင် ကြသူများကို ဖွဲ့စည်းပုံအခြေခံပုဒ်မ ၂၁ ပုဒ်မခွဲ(က)ပါ အခွင့်အရေးသာမကပဲ တရားရေးအရာရှိများကို

ကာကွယ်ရန်ဥပဒေပါ အခွင့်အရေးကိုပါ ပေးအပ်ထားပါသည်။ ထို့ကြောင့် အဆိုပါဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ အပိုဒ် ၅ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၇၇ တရားစီရင်မှုဆောင်ရွက်ရာ၌ တရားသူကြီးတစ်ဦးသည် ဥပဒေအရ မိမိရရှိသောအာဏာကို သို့တည်းမဟုတ် မိမိရရှိသည်ဟု သဘောရိုးနှင့်ယုံကြည်သည့်အာဏာကို သုံးစွဲဆောင်ရွက်လျှင် ထိုသို့ ဆောင်ရွက်ခြင်းသည် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်မှာ တရားသူကြီး၊ တရားရေးဝန်ထမ်းကို ပြစ်မှုကြောင်းအရ တရားစွဲမခံရစေရန် ကာကွယ်ခြင်းဖြစ်ပါသည်။ ယခု ဖော်ပြသော ၁၈၅၀ အက်ဥပဒေက တရားမကြောင်း တရားစွဲဆိုခြင်းမခံရစေရန် ကာကွယ်ခြင်းဖြစ် ပါတယ်။ ပုဒ်မ ၇၇မှာ ပြစ်မှုမမြောက်ဟုသာ ဆိုပါသည်။ တရားမစွဲဆိုရဟု ဆိုလိုခြင်းမဟုတ်ပါ။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးနှင့် တရားသူကြီးများကိုပင် စွပ်စွဲပြစ်တင်နိုင်ခွင့် ခွင့်ပြုထားသဖြင့် တရားရေးအရာရှိများ အကာအကွယ် ပေးခြင်းဥပဒေ မရှိသင့်တော့ကြောင်း ဥပဒေကြမ်းအဆိုတင်သွင်းသူက ဖော်ပြထားပါသည်။ တရားလွှတ်တော်ချုပ်၊ တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးများသည် သတ်မှတ်ထားသည့် သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်မှု တာဝန်မကျေပွန်မှုများ ပေါ်ပေါက်လာပါက ၎င်းတို့အပေါ် စွပ်စွဲပြစ်တင်နိုင်ခြင်း ဖြစ်ပါသည်။ အလားတူပင် စည်းကမ်းဖောက်ဖျက်မှု တာဝန် မကျေပွန်မှုဖြစ်ပေါ်ပါကအခြား တရားသူကြီးများ၊ တရားရေးဝန်ထမ်းများနှင့် ဝန်ထမ်းစည်းမျဉ်း၊ ဌာနဆိုင်ရာစည်းမျဉ်းအရ အရေးယူမည်ဖြစ်ပါသည်။ ထို့အပြင် တရားရေးဝန်ထမ်း၏ တာဝန် မကျေပွန်မှုအရ အရည်အချင်းပျက်ယွင်းမှုအပေါ် အရေးယူရန် ဥပဒေရှိနေသကဲ့သို့ အဂတိလိုက်စား မှုအပေါ်တွင်လည်း အရေးယူရန် ဥပဒေရှိနေပါတယ်။ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများ ကာကွယ်ခြင်းဥပဒေသည် တရားသူကြီး၊ တရားရေးအရာရှိများ၏ မတော်မတရားမှုအပေါ်အရေး မယူရဟုပိတ်ပင်ရာမရောက်ကြောင်း တွေ့ရှိရပါတယ်။

၇။ တရားရေးအရာရှိအစရှိသော ပြည်သူ့တာဝန်ကို ထမ်းဆောင်နေကြသည့် ပြည်သူ့ဝန်ထမ်း အသီးသီးက တာဝန်ထမ်းဆောင်ရာတွင် သဘောရိုးဖြင့် ဆောင်ရွက်သောအပြုအမူအတွက် တရား စွဲဆိုခြင်းမခံရစေရန် အကာအကွယ်ပေးထားမှုများ မြန်မာနိုင်ငံတည်ဆဲဥပဒေတော်တော်များများတွင် ပြဋ္ဌာန်းထားပါတယ်။ ထို့ကြောင့် တရားရေးအရာရှိများ ကာကွယ်ခြင်းဥပဒေကို ဖျက်သိမ်းရန် စဉ်းစား မည်ဆိုပါက အလားတူအကာအကွယ်ပေးထားသည့်အခြားဥပဒေများကိုလည်းပဲ စဉ်းစားရပါမည်။

၈။ သဘောရိုးဆိုသည်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂ အရ ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းတို့ ကင်းသောပြုလုပ်မှုသည် သို့တည်းမဟုတ် ယုံကြည်မှုသည် သဘာရိုးဖြင့် ပြုလုပ်သည်မမည် သို့တည်းမဟုတ် ယုံကြည်သည်မမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် လုပ်ခွင့်မရှိသော အလုပ်ကိုလုပ်ခြင်း၊ လုပ်ရမည်ကိုမလုပ်ခြင်း၊ လုပ်ခွင့်ရှိသည်ထက် ကျော်လွန် လုပ်ကိုင်ခြင်းတို့သည် သတိလက်လွတ်လုပ်ရာရောက်သည်ဟု ဆိုလိုနိုင်ပါသည်။ ပြည်သူ့တာဝန်ကို ထမ်းဆောင်နေကြသူများအား ထိုက်သင့်သော အကာအကွယ်ပေးခြင်းမှာ နိုင်ငံတကာ၏မူသာဖြစ် ပါသည်။ မြန်မာနိုင်ငံရှိတည်ဆဲဥပဒေများတွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများကို တာဝန်ယူ ဆောင်ရွက်ရသော ပြည်သူ့ဝန်ထမ်းများကိုအကာအကွယ်ပေးလေ့ရှိပါတယ်။ ဥပမာ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသောငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေနှင့် နိုင်ငံတော်အခြေခံဥပဒေဆိုင်ရာခုံရုံးတို့တွင် တွေ့ရှိနိုင်ပါသည်။ သို့ပါ၍ ဝန်ထမ်းများအား ဥပဒေအရကာကွယ်ပေးမှုများ များလွန်းသဖြင့် ဝန်ထမ်းအပေါ်အရေးယူ၍ မရနိုင်များလွန်းသည် ဆိုသောအချက် မပေါ်ပေါက်ခဲ့ဟုဆိုနိုင်ပါသည်။ တရားရေးအရာရှိအပါအဝင် ဝန်ထမ်းများအပေါ် အရေးယူနိုင်သည့်ဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းများ၊ မြန်မာနိုင်ငံတွင် အပြည့်အစုံရှိနေသည်ဟု သုံးသပ်ရရှိပါသည်။ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများ ကာကွယ်ခြင်းဥပဒေကြောင့် တရားရေး အရာရှိများအပေါ် ဝန်ထမ်းစည်းမျဉ်းအရလည်းကောင်း၊ ပြဋ္ဌာန်းထားသော အခြားဥပဒေအရ လည်းကောင်း အရေးယူနိုင်ခြင်းကို ပိတ်ပင်မထားပါ။

၉။ ထောက်ခံတင်ပြချက် ၁၈၅၀ ခုနှစ် တရားရေးအရာရှိများ ကာကွယ်သည့်အက်ဥပဒေသည် ၂၀၀၈ ခုနှစ် အခြေခံဥပဒေနှင့် ဆန့်ကျင်သည့်သဘောမရှိပါ။ ထို့အပြင် တရားသူကြီးများအား အထူးအခွင့်အရေးပေးပြီး ကာကွယ်သောဥပဒေမဟုတ်ပါ။ သဘောရိုးဖြင့် တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းကိုသာ အကာအကွယ်ပေးထားသောဥပဒေဖြစ်ပါသည်။ ထို့ကြောင့် ၁၈၅၀ ခုနှစ် တရားရေးအရာရှိများ အကာအကွယ်ပေးခြင်းဥပဒေကို ဆက်လက်၍ ထားရှိသင့်ပါကြောင်း တင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုစတင် တင်သွင်းခဲ့တဲ့ ဦးသိန်းညွန့်ရဲ့ သဘောထားပြောပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဟိုနေ့က အဆိုတင်သွင်းတဲ့အခါမှာ တော်တော်များများ ကျွန်တော် ပြောခဲ့ပြီးပါပြီ။ အခုကော်မရှင်ရဲ့ သုံးသပ်ချက်ပေါ်မှာ ကျွန်တော် မူပြသနာကို ဖြေရှင်းပါ့မယ်။

(၁) ကတော့ အခြေခံဥပဒေမှာပါတဲ့ နိဒါန်းနောက်ပြီးတော့ ကျွန်တော်တင်ပြထားတဲ့ ပုဒ်မ ၂၁ ပုဒ်မခွဲ (က)အရ တန်းတူမှု၊ တန်းတူမှုအပေါ်မှာ ဆန့်ကျင်နေတဲ့ နှစ်ပေါင်း ၁၆၀ က ဟောင်းနွမ်းဆွေးမြည့်နေတဲ့ဥပဒေကြီး ဖြစ်ပါတယ်။ နောက်ဒုတိယအချက်က နိုင်ငံတကာမှာလည်း ကာကွယ်ထားတဲ့ နိုင်ငံတကာမူဖြစ်တယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်မှတ်ထိုးထားတဲ့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းမှာ ပုဒ်မ ၃၀ ပါပါတယ်။ အဲဒီလို ဥပဒေရဲ့အထက်မှာ တရားသူကြီးတွေကို ကာကွယ်ပေးရမယ်ဆိုတဲ့ ပုဒ်မတစ်ချက်မှ လူ့အခွင့်အရေးကြေညာစာတမ်းမှာ မပါပါဘူး။ နိုင်ငံတကာမူဆိုတာ ကျွန်တော်တို့နိုင်ငံလက်မှတ်ထိုးထားတဲ့ လူ့အခွင့်အရေးကြေညာစာတမ်းမူနဲ့ သုံးသပ်ရပါမယ်။ (၃) အချက် သဘောရိုးဟုတ်တယ်၊ မဟုတ်တယ်ဆိုတာ ဥပဒေပြဿနာမဟုတ်ပါဘူး။ အချက်အလက်ပြဿနာပါ။ ဖြစ်မှုဆိုင်ရာဥပဒေမှာလည်း ဖြစ်မှုမမြောက်ဘူးဆိုတာ အကာအကွယ်ယူထားပြီးပါပြီ။ အဲဒီတော့ တရားမကြောင်းနဲ့ တရားစွဲဖို့ဆိုတာ ဒီနေ့နိုင်ငံတကာမှာ တရားမနစ်နာမှုဥပဒေဆိုတာ လူတိုင်းကျင့်သုံးနိုင်တဲ့ဥပဒေပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ပွင့်ပွင့်လင်းလင်းတင်ပြရရင် ဒီနေ့ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးဟာ ကျွန်တော် အမြဲတမ်းတင်ပြတဲ့အတိုင်းပဲ တရားစီရင်ရေးနယ်ပယ်မှာ အင်မတန်မှကို မပြုပြင်မပြောင်းလဲပဲနဲ့ အဟောင်းထဲမှာပဲနေနေပါတယ်။ အဲဒီတရားစီရင်ရေးယန္တရားကို ထိန်းကျောင်းဖို့ ပြည်သူတွေရဲ့ဘက်က ဘယ်လိုလက်နက်မျိုးတပ်ဆင်ပေးရမလဲဆိုရင် ဒီဥပဒေရုပ်သိမ်းပြီးတော့ တရားမကြောင်းအရ ပြည်သူတွေစိန်ခေါ်ဖို့ လိုအပ်ပါတယ်။ သဘောရိုးဟုတ်တယ်။ မဟုတ်တယ်ဆိုတာ အဲဒီအချိန်မှာ တရားမကြောင်းကြားနာလိုက်လို့ရှိရင် ပေါ်ပေါက်မှာပါ။ အဲဒီအခါမှာ ဒီနေ့ အကျင့်ပျက်နေတဲ့တော်တော်များများသော တရားသူကြီးများကို ပြည်သူတွေထိန်းကျောင်းနိုင်ဖို့ အခွင့်အရေးရလာပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကတော့ မူအနေနဲ့ ပြောရင် ဘယ်ဥပဒေဖြစ်ဖြစ် ပြည်သူ့ဆန္ဒနဲ့ ရေးဆွဲခဲ့တဲ့ ဥပဒေမျိုးတွေရဲ့ အုပ်ချုပ်မှုပဲခံချင်ပါတယ်။ နှစ်ပေါင်း ၁၆၀ ကျော် ဥပဒေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကျွန်ပြုခဲ့တဲ့ လူတွေက ဆွဲခဲ့တဲ့ ကိုလိုနီဥပဒေပါ။ ဒါကြောင့် ဒီဥပဒေနဲ့ပတ်သက်ပြီး ရုပ်သိမ်းသင့်တယ်ဆိုတဲ့ ရပ်တည်ချက်အတိုင်းပါပဲ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ကျွန်တော် လေးလေးစားစားခံယူပါ့မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ တရားလွှတ်တော်ချုပ်အနေနဲ့ ပြောရန်ရှိက ပြောပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဥပဒေကြမ်းကော်မတီတွေက

ရှင်းလင်းသွားတဲ့ အချက်များဟာ အင်မတန်မှ သင့်မြတ်လှပါကြောင်း တွေ့ရှိရပါတယ်။ အခု ဦးသိန်းညွန့်တင်ပြတဲ့ အခြေခံဥပဒေပါနိဒါန်း၊ နောက်တစ်ခါ ဖွဲ့စည်းအုပ်ချုပ်ပုံ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)၊ နောက်နိုင်ငံတကာမှာ ပြဋ္ဌာန်းထားတဲ့ကိစ္စတွေ၊ လူ့အခွင့်အရေးမှာမပါတဲ့အချက်တွေ၊ သဘောရိုး ပြဿနာတွေ နှစ်ပေါင်း ၁၆၀ ကျော်ဆိုတဲ့ ပြဿနာတွေအားလုံးကိုလည်း ဥပဒေကြမ်းကော်မတီထဲမှာပဲ အစီရင်ခံစာထဲမှာ ပြည့်ပြည့်စုံစုံရှင်းလင်းထားပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အခုထပ်မံတင်ပြ သွားတဲ့တရားသူကြီးများ၊ တရားစီရင်ရေးဆိုင်ရာပုဂ္ဂိုလ်များ တရားစီရင်ရေးယန္တရားကို ထိန်းကျောင်း ဖို့အတွက် ဒီဥပဒေဟာ လိုအပ်ပါတယ်လို့ တင်ပြတဲ့အချက်နဲ့ပတ်သတ်ပြီး ရှင်းလင်းတင်ပြရရင် ဒီဥပဒေဟာ တရားစီရင်ရေးယန္တရားကို ထိမ်းကျောင်းဖို့အတွက်ဆောင်ရွက်နိုင်တဲ့ ဥပဒေမဟုတ်ပါဘူး။ အကယ်၍သာ တရားစီရင်ရေးယန္တရားကို ထိန်းကျောင်းဖို့ ဒီဥပဒေက ဆောင်ရွက်နိုင်တယ်ဆိုရင် ကျွန်တော့်အနေနဲ့ ဦးသိန်းညွန့်ပြောတဲ့ တင်ပြတဲ့အဆိုကို လက်ခံနိုင်မှာ ဖြစ်ပါတယ်။ သို့သော် ဒီမှာ ပြဋ္ဌာန်းထားတဲ့အချက်တွေက တရားစီရင်ရေးယန္တရားကို ထိန်းကျောင်းနိုင်တဲ့အချက်အလက်များ မပါတဲ့အတွက် ဦးသိန်းညွန့်ရဲ့အဆိုကို လက်မခံသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေပြုအဖွဲ့အနေနဲ့လည်း အလေးအနက်ထား သုံးသပ်ဆောင်ရွက်ရမည့် ကိစ္စဖြစ်သလို တရားသူကြီးများအပိုင်းအနေနဲ့လည်း စဉ်းစားဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါတယ်။ သို့ရာတွင် အဆိုရှင်ပြောတဲ့ ဥပဒေပြန်ရုပ်သိမ်းဖို့ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ နှစ်ဘက်ဆွေးနွေးချက်၊ ဥပဒေကော်မရှင်ရဲ့ အကြံပြုချက်များကိုလည်းထည့်သွင်း စဉ်းစားရမှာဖြစ်သလို တင်ပြလာတဲ့ အဆိုရှင်ရဲ့ တင်ပြမှုကိုလည်း အလေးအနက်ထားစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးသိန်းညွန့် တင်ပြခဲ့တဲ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲခံယူဖို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒါကြောင့် ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းအတွက် ဆန္ဒမဲရယူပါ့မယ်။ စက်ခလုတ် အသုံးပြုတဲ့နည်းလမ်းကို ဆောင်ရွက်ပါမယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ မဲပေးနိုင်ပါပြီ။ ထောက်ခံ ၁၂၁မဲ၊ ကန့်ကွက် ၂၁၄ မဲ၊ ကြားနေ ၃၃ မဲဖြစ်တဲ့အတွက် ဦးသိန်းညွန့်အဆို ရှုံးကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို နေ့လယ် ၁၃း၄၅ အချိန်မှာ ပြန်လည် ကျင်းပပါ့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမ အတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[နေ့လယ်စာသုံးဆောင်ရန် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၃း၅၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟင်္သာတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးတင်သွင်းထားတဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ (Migrant Workers) များအတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ် ဆောင်ရွက်ပေးပါရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ မိမိနေရပ်ဌာနကနေပြီးတော့ စွန့်ခွာ ပြီးတော့ စီမံကိန်းလုပ်ငန်းများရှိတဲ့နေရာများမှာ မိသားစုယာယီနေထိုင်ပြီးတော့မှ တစ်နေရာမှ တစ်နေရာသို့ လုပ်ကိုင်နေကြတဲ့ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများရှိသလိုပဲ ပြည်ပနိုင်ငံများသို့ သွားရောက်ပြီးတော့မှ လုပ်ကိုင်နေကြတဲ့ ပြည်ပရွှေ့ပြောင်းလုပ်သားများလည်းရှိတာဖြစ်ပါတယ်။ ဒါကြောင့် နှစ်မျိုးနှစ်စား ရှိတာတွေ့ရမှာဖြစ်ပါတယ်။ သူတို့နိုင်ငံရဲ့ပထဝီအနေအထားကိုကြည့်ရင် အိမ်နီးချင်းနိုင်ငံ ၅ နိုင်ငံနှင့် မိုင်ပေါင်း ၃၀၀၀ ကျော် ဆက်စပ်လျက်ရှိပါတယ်။ အဲဒီအပြင်

အိမ်နီးချင်းနိုင်ငံအချို့ဟာ ကျွန်တော်တို့ နိုင်ငံထက်စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လျက် အလုပ်အကိုင် အခွင့်အရေးပေါများတာကြောင့် မိမိနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများရဲ့ နယ်စပ်မှာနေထိုင်ကြတဲ့ ပြည်သူများဟာ ပထဝီအနေအထားအရ အနေနီးကြတာကြောင့် နယ်ခြားမျဉ်းကို ဖြတ်ကျော်ပြီးတော့မှ ဟိုဘက်ဒီဘက် ကူးလူးသွားလာကြရင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့ နိုင်ငံဘက်သို့ သွားရောက်ပြီးတော့မှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြတဲ့ ရွှေ့ပြောင်းလုပ်သားများ ရှိသလိုပင် ကျွန်တော်တို့အာဆီယံနိုင်ငံများ အခြားနိုင်ငံများကိုလည်းပဲ သွားရောက်ပြီးတော့မှ လုပ်ကိုင် ဆောင်ရွက်နေကြတဲ့လုပ်သားများ စုစုပေါင်းဟာ မှတ်ပုံတင်ထားတာအားလုံး ၁ သန်းကျော်ရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ အခုလို ပြည်ပရွှေ့ပြောင်း လုပ်သားပမာဏအတိုင်းအတာတစ်ခုအထိ ရှိရခြင်းရဲ့အကြောင်းအရင်းကတော့ အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများဟာ ကျွန်တော်တို့ နိုင်ငံထက်ဖွံ့ဖြိုးတိုးတက်နေပြီးတော့မှ အလုပ်အကိုင်အခွင့်အလမ်း ပေါများတဲ့အတွက် ဖြစ်ပါတယ်။ ကာယလုပ်အားကိုအခြေခံတဲ့ လုပ်ငန်းများဖြစ်တဲ့ အထည်စက်ရုံများ၊ အအေးခန်းစက်ရုံများ၊ လယ်ယာ လုပ်ငန်းခွင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ သတ္တုတွင်းလုပ်ငန်းခွင်နှင့် ရေလုပ်ငန်းခွင်များမှ ကျွန်တော်တို့နိုင်ငံသား တော်တော်များများဟာ ရွှေ့ပြောင်းလုပ်သားအဖြစ်နဲ့ လုပ်ကိုင်ဆောင်ရွက် လျက်ရှိတယ်လို့ သိရှိရပါတယ်။ ပြည်ပနိုင်ငံများကို အလုပ်သွားရောက်လုပ်ကိုင်ကြတဲ့နေရာမှာ တရားဝင်ခွင့်ပြုချက်နှင့် သွားရောက်လုပ်ကိုင်ကြတဲ့သူများရှိသလို တရားမဝင်သွားရောက်လုပ်ကိုင် ကြတဲ့ လုပ်ကိုင်သူများလည်းရှိတာကြောင့် ပြည်ပမှာရှိနေတဲ့ ရွှေ့ပြောင်းလုပ်သားများရဲ့ လုပ်ခ၊ လစာရသင့်သလောက် မရရှိခြင်း၊ အလုပ်သမားများ ရသင့်ရထိုက်တဲ့ အခွင့်အရေး မရရှိခြင်း၊ လုပ်ငန်းရှင်အချို့ရဲ့ အနိုင်အထက်ပြုမှုရှိခြင်းစတဲ့ အခြေအနေအနေအရပ်ရပ်နဲ့ ကျန်းမာရေး၊ ပညာရေး၊ အလုပ်ခွင်သာယာရေးနှင့် လူမှုဘဝနိမ့်ကျလျက်ရှိတာကြောင့် ကျွန်တော်တို့နိုင်ငံသား ပြည်ပရောက်နေတဲ့ ရွှေ့ပြောင်းလုပ်သားများရဲ့ လုပ်ခလစာရရှိရေး၊ လုပ်ငန်းခွင်သာယာရေး၊ သက်သာချောင်ချိရေးကိစ္စများစတဲ့ အခြေအနေအရပ်ရပ်ကို သက်ဆိုင်ရာအစိုးရဌာနများ၊ အလုပ်ရှင် များနှင့် ညှိနှိုင်းပြီးတော့မှ စီမံဆောင်ရွက်ဖို့ လိုအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေ့ပြောင်းလုပ်သားများရဲ့ အခြေအနေလိုပါပဲ။ ကျွန်တော်တို့နိုင်ငံအတွင်းမှာလည်းပဲ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လမ်းတံတားဆောက်လုပ်ရေး လုပ်ငန်းများ၊ ဆည်မြောင်းလုပ်ငန်းများနှင့် သတ္တုတွင်းလုပ်ငန်းများမှာလည်းပဲ ရွှေ့ပြောင်းလုပ်သား များရှိကြပါတယ်။ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများကတော့ဖြင့် စီမံကိန်းများပေါ်မှာမှီပြီးတော့မှ

စီမံကိန်းတစ်ခုပြီးပါက နောက်အသစ်လုပ်မယ့် စီမံကိန်းနေရာကို ယာယီပြောင်းရွှေ့ပြီးတော့မှ မိသားစု နေထိုင်ပြီးတော့မှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိတာကိုလည်းပဲ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံခြားရွှေ့ပြောင်းလုပ်သား၊ ပြည်ပရောက်ရွှေ့ပြောင်းလုပ်သားများလိုပဲ ပြည်တွင်းမှာ ရှိနေတဲ့ လုပ်သားများရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဘဝများကိုလည်းပဲ မြှင့်တင်ပေးနိုင်ဖို့ အတွက် လိုအပ်တဲ့အစီအမံများ ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအတွင်း အာဆီယံဟာ ၂၀၁၅ ခုနှစ်မှာ Integrated Economic Communication ကို ထူထောင်သွားမှာဖြစ်တဲ့အတွက် ရွှေ့ပြောင်း လုပ်သားများရဲ့အရေးကိစ္စဟာလည်းပဲ အခုကတည်းက ထည့်သွင်းစဉ်းစားရမယ့်ကိစ္စ ဖြစ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားများနဲ့ အစိုးရများအကြားမှာ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ သဘော တူညီချက် တိတိကျကျပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်တဲ့အခြေအနေ ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ် အာဆီယံပဋိညာဉ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံ အတွင်းသို့ ရွှေ့ပြောင်းလုပ်သားများ စတင်ရောက်ရှိချိန်မှစ၍ ရွှေ့ပြောင်းလုပ်သားများနှင့် မိသားစုများ၏ အရေးကိစ္စများအား ကာကွယ်ရန် နှင့်ကူညီဆောင်ရွက်ပေးရန် ပါရှိပါတယ်။ အဆိုပါ သဘောတူညီချက်ကို အာဆီယံလမ်းပြမြေပုံ ၂၀၀၉-၂၀၁၅ မှာလည်း ထည့်သွင်းပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ အာဆီယံဒေသ အတွင်း ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ Asean Committee Migrant Workers (ACMW)ကိုလည်းပဲ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်တဲ့အတွက်ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီးတော့မှ နိုင်ငံရပ်ခြားသို့ရောက်ရှိနေတဲ့ အလုပ်အကိုင်ရှိနေကြတဲ့ ပြည်ပရွှေ့ပြောင်း လုပ်သားများရှိတဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြည်ပရွှေ့ပြောင်းလုပ်သားများရဲ့ ရရှိသင့်တဲ့လုပ်ခ၊ လစာ ရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံမှုရှိရေးအတွက်ကို သက်ဆိုင်ရာနိုင်ငံများမှ အစိုးရများ၊ အလုပ်ရှင်များနှင့်ညှိနှိုင်းပြီးတော့မှ လိုအပ်တဲ့အစီအမံများ ချမှတ် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒါကြောင့် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးတင်သွင်းသွားတဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ Migrant Workers များအတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက် Migration Policy

ချမှတ်ဆောင်ရွက်နိုင်ပါရန် အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးတင်ပြသွားတဲ့ ရွှေ့ပြောင်းအလုပ်သမားများရဲ့ ဘဝအာမခံချက်နှင့်လုံခြုံမှု ရရှိရေးတို့အတွက် Migration Policy ချမှတ် ဆောင်ရွက်သင့်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြချင်တဲ့အချက် ၃ ချက်ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ အာဆီယံနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံထိပ်သီးအစည်းအဝေးမှာ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်ပြီးတော့ ကြေညာချက်တစ်စောင်ကို ချမှတ်ခဲ့တာ လေ့လာတွေ့ရှိရပါတယ်။ အဲဒီစီဘူး ကြေညာချက်နှင့်ပတ်သက်၍ အနည်းအကျဉ်း အကျဉ်းချုံးတင်ပြလိုပါတယ်ခင်ဗျား။ ရွှေ့ပြောင်းအလုပ်သမားတွေနှင့်ပတ်သက်ပြီးတော့ လက်ခံတဲ့နိုင်ငံတွေ၊ စေလွှတ်တဲ့နိုင်ငံတွေဟာ မိမိနိုင်ငံတွေနဲ့ ဆိုင်တဲ့ဥပဒေတွေ၊ စည်းမျဉ်းတွေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ရွှေ့ပြောင်းအလုပ်သမားတွေနှင့် ပတ်သက်တဲ့ မူဝါဒတွေချမှတ်ရမယ်ဆိုတာကို အဲဒီကြေညာချက်မှာ ဖော်ပြထားပါတယ်ခင်ဗျား။ ပြီးတော့ လူသားချင်းစာနာထောက်ထားဖို့အတွက် ရွှေ့ပြောင်းအလုပ်သမားကိစ္စတွေကို ဆောင်ရွက်တဲ့နေရာမှာလည်း လက်ခံတဲ့နိုင်ငံတွေရော၊ စေလွှတ်တဲ့နိုင်ငံတွေရောဟာ ရွှေ့ပြောင်းအလုပ်သမားတွေနှင့် မကဘဲနှင့် သူတို့နှင့်ပတ်သက်တဲ့ မိသားစုတွေအတွက်ပါ ထည့်သွင်းစဉ်းစားရမယ်ဆိုပြီးတော့ ဒီကြေညာချက်မှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ဒီစီဘူးကြေညာချက်မှာ ရွှေ့ပြောင်းအလုပ်သမားတွေနှင့်ပတ်သက်ပြီး လက်ခံတဲ့ နိုင်ငံတွေရယ်၊ စေလွှတ်တဲ့နိုင်ငံတွေဟာ ဆောင်ရွက်ရမယ့်တာဝန်ဝတ္တရားတွေကိုလည်း အသေးစိတ် ဖော်ပြထားပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီဘူးကြေညာချက်မှာပါတဲ့အတိုင်းပဲ အချုပ်အခြာအာဏာပိုင်နှင့် နိုင်ငံတစ်နိုင်ငံဟာ ချမ်းသာကြွယ်ဝ၍ အလုပ်သမားကို လက်ခံနိုင်တဲ့နိုင်ငံဖြစ်စေ၊

ဆင်းရဲ၍ အလုပ်သမားစေလွှတ်ရတဲ့နိုင်ငံဖြစ်စေ၊ မိမိနိုင်ငံရဲ့အကျိုးစီးပွားအတွက် စီဘူးကြေညာချက်ပါအတိုင်း မိမိနိုင်ငံရဲ့ နိုင်ငံသူ နိုင်ငံသားပြည်သူများအတွက် ကာကွယ်စောင့်ရှောက်ရမယ်ဆိုတာကို ထင်ရှားနေပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေ့ပြောင်းအလုပ်သမားတွေ နှင့် ပတ်သက်ပြီးတော့ မဲဆန္ဒရှင်တွေနဲ့ ကြုံဆုံတွေ့ခဲ့ရတဲ့အချက်တွေကို အဓိကထားပြီးတော့ အကျဉ်းချုံးတင်ပြလိုပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် အခြားအခြားသော ကိုယ်စားလှယ်ကြီးများကလည်း ရွှေ့ပြောင်းအလုပ်သမားတွေနှင့်ပတ်သက်ပြီးတော့ အကျယ်တဝင့်ဆွေးနွေးကြတာတွေရှိပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာရင်းဇယားတွေအရ ထိုင်းနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်သမား ၂.၅ သန်းခန့်၊ မလေးရှားနိုင်ငံမှာ ၅ သိန်းခန့်ရှိတယ်ဆိုပေမယ့်လည်း ပြည်ပအခြားသောနိုင်ငံတွေနဲ့ တရားမဝင်စာရင်းတွေအရဆိုရင် ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အရေအတွက်ဟာ ဒီထက်ပိုများနေတာ သေချာပါတယ်ခင်ဗျား။ ဒီရွှေ့ပြောင်းအလုပ်သမားတွေဟာ အဓိကအလုပ်လုပ်ကြတဲ့ဆီမှာ ပေးဆောင်ရတဲ့ စရိတ်စကတွေကြီးမားတယ်၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ အာမခံချက်မရှိဘူး၊ အလုပ်သမားအခွင့်အရေးတွေ အပြည့်အဝမရဘူး၊ လုပ်ခလစာပေါ်မှာ ခေါင်းပုံဖြတ်ခံရတယ်၊ ပြီးတော့ အမျိုးသမီးငယ်တွေ လူကုန်ကူးခံရတယ် ဒါတွေဟာ အမြဲတမ်းကြားနေတဲ့ဟာတွေပဲ ဖြစ်ပါတယ်ခင်ဗျား။ ပြီးတော့ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ လူမှုဒုက္ခမျိုးစုံထဲမှာ မိသားစုပြိုကွဲတာတွေ၊ ဘဝဆုံးရှုံးတာတွေလည်း အများကြီးရှိပါတယ်ခင်ဗျား။ အထူးတင်ပြလိုတဲ့အချက်ကတော့ ရွှေ့ပြောင်းအလုပ်သမား မိသားစုတွေက ပေါက်ဖွားလာတဲ့ ကလေးသူငယ်တွေဟာ အချိန်ကာလတစ်ခုကြာလာတဲ့အချိန်မှာ မိမိနိုင်ငံသားတွေအဖြစ် လက်ခံဖို့ အချက်အလက်မပြည့်စုံ၊ အခြားနိုင်ငံကလည်း လက်မခံနှင့် နိုင်ငံသားပျောက်နေတဲ့ အခြေအနေမျိုးတွေ ရောက်လာတယ်ဆိုတာကို အဓိကထားပြီးတော့ ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဒါတွေကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာကိုလည်း အရေးကြီးကိစ္စအနေနဲ့ စဉ်းစားသင့်တယ်ဆိုတာကို တင်ပြဆွေးနွေးလိုပါတယ်ခင်ဗျား။ ဒါကလည်း စီဘူးကြေညာချက်ကိုလိုက်နာတဲ့ သဘောပဲ ဖြစ်ပါတယ်။ စီဘူးကြေညာချက်မှာပါတဲ့အတိုင်း ရွှေ့ပြောင်းအလုပ်သမားတွေအတွက်သာမကပဲနှင့် ၎င်းတို့နှင့်သက်ဆိုင်တဲ့ မိသားစုတွေအတွက်ပါ၊ လူသားချင်းစာနာထောက်ထားတဲ့ အချက်တွေပါ ထည့်သွင်းစဉ်းစားရမယ်ဆိုတဲ့အချက်ကို ပေါ်လွင်စေပါတယ်ခင်ဗျား။ နောက်တစ်ချက်အနေနဲ့ ရွှေ့ပြောင်းအလုပ်သမားများတွေ့ကြုံဆုံနေရတဲ့အခက်အခဲ၊ အလုပ်ပင်ပန်းတဲ့ဒဏ်၊ လစာအပြည့်အဝမရတဲ့ဒဏ်၊ ခေါင်းပုံဖြတ်တဲ့ဒဏ်ခံနေရတဲ့အချိန်မှာ မိမိနိုင်ငံမှာ ကျန်ခဲ့တဲ့

မိသားစုတွေအတွက် ၎င်းတို့ ခြိုးခြံချွေတာ အပင်ပန်းခံပြီးစုဆောင်းထားတဲ့ လစာလုပ်ခလေးတွေကို ပြန်ပို့တဲ့အချိန်မှာ တရားဝင်နည်းလမ်းတွေနဲ့ ပို့ဆောင်ရပါတယ်။ အဲဒီလိုပို့ဆောင်တဲ့အချိန်မှာ ရတဲ့ လစာလေးတွေ ခြစ်ခြုတ်ပြီး စုထားတဲ့ဆီက လိမ်ခံထိတာ၊ ပြန်မရောက်တာ အဲဒီလိုမျိုးနဲ့ အလုပ်လုပ်တဲ့ ရွှေ့ပြောင်းအလုပ်သမားနိုင်ငံသားရော၊ ကျန်ခဲ့တဲ့ မိသားစုဝင်တွေရောဟာ အဲဒီအတွက် အကျိုး ကျေးဇူးဘာမှမရရှိခဲ့တာကို တွေ့ရပါတယ်ခင်ဗျား။ အဲဒီအတွက်လည်း ဒီမိသားစုတွေအတွက် လုပ်ခ၊ လစာလေးတွေ ပြန်လည်ပို့ဆောင်တဲ့ကိစ္စတွေမှာ အခက်အခဲရှိတဲ့အချက်တွေကို နိုင်ငံတော်အစိုးရ အနေနဲ့ ထည့်သွင်းစဉ်းစားပြီးတော့ ကူညီဖြေရှင်းပေးဖို့ လိုအပ်တယ်ဆိုတာကို ထင်ရှားနေပါတယ် ခင်ဗျား။ ပြည်ပနိုင်ငံကို အလုပ်သွားလုပ်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေဟာ ပညာအရည်အချင်း အရသော်လည်းကောင်း၊ အသက်အရွယ်အပိုင်းအခြားအရသော်လည်းကောင်း နိုင်ငံအတွက် အားကိုး အားထားပြုနိုင်တဲ့အရွယ်၊ အသက်အပိုင်းအခြားများ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ရွှေ့ပြောင်း အလုပ်သမားများအတွက် ပိုမိုထိရောက်စွာ၊ အကျိုးရှိစွာဆောင်ရွက်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှာလည်း လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်ဖို့လိုအပ် တယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မတိုင်ခင်မှာ ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ် တော်ကြီး ဦးသိန်းအောင်ဆွေးနွေးတဲ့အထဲမှာလည်း အနည်းအကျဉ်းပါရှိပြီးပါပြီခင်ဗျား။ နိုင်ငံမှာရှိတဲ့ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေ၊ ၎င်းတို့ရဲ့ သက်ဆိုင်ရာလုပ်ငန်းတွေကို စနစ်တကျ ဖြစ်စေဖို့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် အာမခံချက်ပေးနိုင်ဖို့ တာဝန်ယူမှုအနေအထားတွေ၊ စည်းကမ်းရှိမှုအနေအထားတွေကို သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက ပြန်လည်စိစစ် ကြပ်မတ်ဖို့ လိုပါတယ်ခင်ဗျား။ မသိနားမလည်တဲ့ပြည်သူလူထုအပေါ် ကျေနပ်အောင် မက်လုံးတွေပေး ငွေကြေး မျိုးစုံယူပြီးတော့ ပြည်ပအလုပ်အကိုင်တွေ လုပ်ကိုင်ဖို့ တာဝန်ခံဆောင်ရွက်ပေးပြီးတော့ ပြဿနာဖြစ် လာတဲ့အချိန်မှာ မည်သည့်တာဝန်ယူမှု အာမခံချက် မရှိဘဲနှင့် တာဝန်မယူနိုင်ကြတဲ့ ပြည်ပအလုပ် အကိုင်ရှာဖွေရေးအေဂျင်စီတွေကို စိစစ်အရေးယူဆောင်ရွက်သင့်တာတွေ ဒီထက်ပိုပြီး ကြပ်ကြပ်မတ် မတ်ဆောင်ရွက်သင့်ပါတယ်ခင်ဗျား။ ဒါတင်မကသေးဘဲ ဒီကိစ္စတွေပေါ်မှာ အသိအမြင်ဗဟုသုတ နည်းသေးတဲ့ ပြည်သူလူထုအတွက် အသိအမြင်မြှင့်တင်ရေးကိစ္စတွေကိုလည်း ဆောင်ရွက်သင့်တယ် ဆိုတာကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ သတိထားသင့်တဲ့အချက်တစ်ချက်အနေနဲ့ တင်ပြလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယတင်ပြလိုတဲ့အချက်ကတော့ ပြည်ထောင်စု အစိုးရလက်ထက်မှာ အလုပ်သမားရေးရာကိစ္စတွေနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို အနည်းငယ်ဆွေးနွေးလိုပါတယ်ခင်ဗျား။ ယခင်အစိုးရလက်ထက်မှာ ဒီရွှေ့ပြောင်းအလုပ်သမားတွေနှင့်ပတ်သက်၍ စီမံချက်အမျိုးမျိုးနှင့် ဆောင်ရွက်ခဲ့တာတွေ ရှိသော်လည်း အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးကြောင့် ထိရောက်စွာအကျိုးပြုနိုင်မှု နည်းခဲ့ပါတယ်ခင်ဗျား။ ယခုပြည်ထောင်စု အစိုးရသစ်လက်ထက်မှာ ရွှေ့ပြောင်းအလုပ်သမားတွေ Migrant Workers များအတွက် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ကော်မတီတွေ ဖွဲ့စည်းတည်ဆောက်တာ၊ ပြည်ပရောက်အလုပ်သမား ခန့်ထားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ဆောင်ရွက်တာ နိုင်ငံတကာနှင့်ညှိနှိုင်းသဘောတူမှုတွေလုပ်တာတွေ၊ တရားဝင်အထောက်အထားများ ထုတ်ပေးနိုင်ရေးအတွက် စခန်းများ ဖွင့်လှစ်ဆောင်ရွက်တာတွေ အများကြီးရှိပါတယ်ခင်ဗျား။ ထိုအပြင် ပြည်တွင်းမှာလည်း အလုပ်သမားများအတွက် ရည်ရွယ်ပြီးတော့ အလုပ်သမားအဖွဲ့အစည်းတွေ၊ အဖွဲ့အစည်းဥပဒေမျိုးတွေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကြမ်းတွေ၊ လူမှုဖူလုံရေးဥပဒေကြမ်းတွေ၊ အနည်းဆုံးအခကြေးငွေဥပဒေကြမ်းစတဲ့ ဥပဒေအသီးသီးကိုလည်း လွှတ်တော်အသီးသီးမှ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ဖို့ ကြိုးစားနေတာကို တွေ့ရပါတယ်ခင်ဗျား။ ဒါကြောင့်မို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနှင့် နိုင်ငံသားအလုပ်သမားများနှင့်ပတ်သက်ပြီးတော့ ပြည်တွင်းမှာရှိတဲ့ အလုပ်သမားများအတွက်သော်လည်းကောင်း၊ ပြည်ပရောက် အလုပ်သမားများအတွက်သော်လည်းကောင်း ဂရုတစိုက်ဆောင်ရွက်နေတယ်ဆိုတာကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့တွေဟာ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်ပြီး လူမှုရေး၊ စီးပွားရေး၊ ဘဝလုံခြုံမှုစိတ်ချရရေးတို့အတွက် မူဝါဒများသတ်မှတ်ဆောင်ရွက်နိုင်ခဲ့တာကြောင့် အကျိုးကျေးဇူးဖြစ်ထွန်းကြတာကို တွေ့ရှိရပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့လည်း အလုပ်သမားစေလွှတ်တဲ့ နိုင်ငံဖြစ်တဲ့အတွက် စီဘူးကြေညာချက်ပါမူဝါဒတွေ၊ လုပ်ငန်းတာဝန်တွေကို လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်၏ အခြေခံမူများ ပုဒ်မ ၂၄ အရသော်လည်းကောင်း၊ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ ၃၈၀ အရသော်လည်းကောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ (Migrant Workers)

များအတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဆိုတာ ထင်ရှားပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါဆွေးနွေးတင်ပြခဲ့တဲ့ အကြောင်းအရာ အချို့တွေကြောင့် ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့ ရွှေ့ပြောင်း အလုပ်သမားများအတွက် ပိုမိုထိရောက်အကျိုးရှိစွာ စောင့်ရှောက်ပေးနိုင်မယ့် Migration Policy ကို ချမှတ် ဆောင်ရွက်သင့်ကြောင်းအဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုရဲ့ဦးပိုင်းမှာ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို မေတ္တာရပ်ခံခဲ့ပါတယ်။ ဆွေးနွေးတဲ့သူ ၂၂ ယောက်အတွက် တိုတိုနှင့်လိုရင်း ထိထိရောက်ရောက်ဆွေးနွေးပေးပါလို့ တင်ပြခဲ့တဲ့အတွက် ခုအချိန်ထိ ဆွေးနွေးခဲ့တာလည်း တိုတိုနဲ့လိုရင်းနှင့်ထိရောက်မှုများရှိခဲ့ပါတယ်။ ဒါ့အပြင် ဆွေးနွေးချက်တွေအပေါ် မိမိစီရင်သုံးသပ်တဲ့အခါမှာ ဝန်ကြီးဌာနတစ်ခုတည်းက ဒီလုပ်ငန်းဆောင်တာများကို စီမံဆောင်ရွက်လို့ မရနိုင်ဘဲနှင့် ပြည်ထဲရေး၊ နိုင်ငံခြားရေး၊ ပြီးတဲ့အခါမှာ လူဝင်မှုကြီးကြပ်ရေးအပါအဝင် အခြားဝန်ကြီး ဌာန အဖွဲ့အစည်းများမှာ ပါဝင်တက်ရောက်နားထောင်မယ်ဆိုရင် ပိုပြီးအကျိုးရှိနိုင်တဲ့အတွက် သက်ဆိုင်ရာဌာနများ အကြောင်းကြားပါတယ်။ သို့ရာတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ မရှိတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များကလည်း နောက်မှာရှိတဲ့ စင်မြင့်မှာရောက်ရှိ ပြီးတော့ နားထောင်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ မိမိတို့နိုင်ငံ့သားကောင်း ဝန်ထမ်းများအနေနဲ့ ကိုယ်စားလှယ် များဆွေးနွေးချက်များကို အလေးအနက်ထားစဉ်းစားပြီး နိုင်ငံနှင့်နိုင်ငံတော် အကျိုးအတွက် ဆက်လက်ဆောင်ရွက်ဖို့လိုပါတယ်။ ဒီနေ့ ဆွေးနွေးချက်တွေကို ပြန်လည်သုံးသပ်တဲ့အခါမှာ မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေ သန်း ၆၀၊ သန်း ၆၀ ထဲကမှ တကယ်အလုပ်လုပ်နိုင်စွမ်းရှိတဲ့ လူဦးရေက ၃၇.၄ သန်း လောက်ရှိတယ်။ အဲဒီကမှ နိုင်ငံတကာကို ရောက်နေတဲ့ လူဦးရေဟာ ၃ သန်းကနေ ၄ သန်း ကြားအထိရှိတယ်။ ဒါကြောင့် သန်း ၆၀ နှင့်တွက်မယ်ဆိုရင် နိုင်ငံခြားကို ရောက်နေတဲ့ လူဦးရေ ဟာ လူ ၂၀ မှာ တစ်ယောက်နှုန်းပြောမယ်ဆိုရင် ၅ ရာခိုင်နှုန်းကနေ ၆ ရာခိုင်နှုန်းကို ရောက်နေတယ်။ အလုပ်လုပ်နိုင်တဲ့လူဦးရေနှင့် တွက်မယ်ဆိုလို့ရှိရင် အလုပ်လုပ်နိုင်တာ ၃၇.၄ သန်း အဲဒီကမှ နိုင်ငံခြား ရောက်နေတာက ၃ သန်း သို့မဟုတ် ၄ သန်းဆိုရင် ၁၀ ပုံ ၁ ပုံ သို့မဟုတ်ရင် ၁၀ ရာခိုင်နှုန်း ၁၂

ရာခိုင်နှုန်း ရောက်တဲ့အတွက် ဒီကိစ္စဟာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ လေးလေးနက်နက်ဆွေးနွေးသလို လေးလေးနက်နက်စဉ်းစားဆုံးဖြတ်ပြီး ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ ဒီနေ့ဆွေးနွေးချက်တွေကို ပြန်ပြီးတော့ သုံးသပ်လိုက်တဲ့အခါမှာ အဆို မှာတော့ နိုင်ငံခြားကို သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားများကို ဆိုလိုသော် လည်း ဆွေးနွေးသွားတဲ့ပုဂ္ဂိုလ်များရဲ့ ဆွေးနွေးချက်အရ ပြည်တွင်းမှာလည်း ရွှေ့ပြောင်းအလုပ်သမား များရှိတဲ့အတွက် ဒီကိစ္စကိုပါ အလေးအနက်ထားပြီးတော့ ပြည်တွင်းမှာ သက်ဆိုင်တဲ့တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များအနေနဲ့ ဆက်လက်ဆောင်ရွက်သွားဖို့လိုကြောင်း ကျွန်တော့်အနေနဲ့ ကြားဖြတ်တင်ပြလိုပါ တယ်။ ဒါကြောင့် ဆက်လက်ဆွေးနွေးကြမယ့် ပုဂ္ဂိုလ်များဟာ ထိထိရောက်ရောက်နှင့် ရှင်းရှင်း လင်းလင်းဖြစ်အောင် ဆက်လက်ဆွေးနွေးဖို့ တိုက်တွန်းထားတဲ့အတွက် မိမိတို့ပြောဆိုမယ့်ကိစ္စများကို မချုံ့လိုက်ဘဲနှင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးဖို့ ထပ်မံတိုက်တွန်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး (သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟသ်ာတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဒွေးဦးရဲ့ နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ (Migrant Workers) များအတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေး အတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးပါရန်အဆိုကို ဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ နိုင်ငံကနေ နိုင်ငံရပ်ခြားအလုပ် သွားလုပ်ကြတဲ့ Migrant Workers ရွှေ့ပြောင်းအလုပ်သမားများဟာ တစ်နေ့တခြား ပိုမိုများပြားလာတာကို တွေ့ရပါတယ်။ ထိုင်းမှာဆို ၂ သန်းကျော်၊ မလေးရှားမှာ ၅ သိန်းကျော်၊ စင်္ကာပူမှာ ၂ သိန်းကျော်၊ ကိုရီးယားမှာ၊ ဂျပန်မှာ၊ ဘင်္ဂလားဒေ့ရှ်မှာ၊ အာရပ်နိုင်ငံတွေမှာ ပေါင်းလို့ရှိရင် လေးသန်းကျော် ငါးသန်းလောက်အထိ ရှိနိုင်ပါတယ်။ မြန်မာ့ရွှေ့ပြောင်းအလုပ်သမား အများစုဟာ အိမ်ရှင်နိုင်ငံသားတွေမလုပ်ချင်တဲ့ အန္တရာယ်များတဲ့၊ လုံခြုံမှုမရှိတဲ့ အလုပ်တွေကို လုပ်ခလစာ အနည်းအကျဉ်းလောက်နဲ့ သွားရောက်လုပ်ကိုင်နေကြရတာပါ။ နိုင်ငံခြားသွားရောက်ရင် နိုင်ငံကူးလက်မှတ် အနီမြင်တာနဲ့စပြီးတော့ မယုံမကြည် ခွဲခြားဆက်ဆံခံရတော့တာပါပဲ။ မြန်မာနိုင်ငံ က အမျိုးသမီးငယ်တွေ ဖျက်ဆီးခံရတာ၊ အသတ်ခံရတာ၊ လုယက်ခံရတာ၊ အလုပ်ရှင်ရဲ့ အနိုင်ကျင့်ခံ

ရတာ အလုပ်ချိန်ကို သူတို့နိုင်ငံသားတွေအတွက် တစ်ရက် ၈ နာရီ သတ်မှတ်ထားပေမယ့် နိုင်ငံခြားသားတွေကို ၁၂ နာရီက ၁၄ နာရီ အထိခိုင်းတာ အခြေခံလစာလေးကို လျှော့ပေးပြီးတော့ အချိန်ပိုများများ ဆင်းခိုင်းတာ၊ အလုပ်ခွင်မှာ ထိခိုက်မှုရှိရင်လည်း လျော်ကြေးမပေးတာ၊ တစ်နှစ်တစ်ကြိမ်တောင် အိမ်ပြန်ခွင့်မပေးတာ ခွင့်တင်ရင်တစ်ခါတည်း အလုပ်ကပါ ထွက်ခိုင်းတာတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ မြန်မာနိုင်ငံသားတွေအတွက် တချို့နိုင်ငံတွေမှာ အတော်မလုံခြုံတာတွေ့ရပြီး အလုံခြုံဆုံး၊ အကောင်းဆုံးဆိုတဲ့ နိုင်ငံမှာတောင် Special Pass ရှိသူကို အခြေခံလစာ စင်္ကာပူငွေ ၂၁၀၀ သတ်မှတ်ပေမဲ့ အလုပ်ချိန်တစ်လ နာရီ ၆၀ ပိုဆင်းတာခံရပါတယ်။ သိရက်နဲ့ ကျေကျေနပ်နပ်လုပ်နေကြရပါတယ်။ မဟုတ်ရင် အလုပ်ပြုတ်ပြီးတော့ အိမ်ပြန်ရမှာ ကြောက်ကြလို့ပါ။ ယခင် အစိုးရသံရုံးတွေက အခွန်ကောက်တာပဲလုပ်တာ။ အခုတော့ ဇန်နဝါရီလကစပြီး အခွန်ကင်းလွတ်ခွင့်ပြုတယ်ဆိုလို့ အတိုင်းမသိ ဝမ်းသာကြရပါတယ်။ နိုင်ငံကူးလက်မှတ် သက်တမ်းသွားတိုးရင် ငေါက်တာ၊ ဘာမှအကူအညီမပေးတာ၊ ဘာတာဝန်မှ မယူတာတွေကြောင့် မြန်မာနိုင်ငံသားတွေ အလွန်မျက်နှာငယ်နေကြရပါတယ်။ တကယ်တော့ မြန်မာလူမျိုးတွေဟာ ကိုယ့်အိမ်ကိုယ့်ယာကို ခင်တဲ့လူမျိုးတွေပါ။ ကိုယ့်တိုင်းပြည်မှာ ဘယ်လိုမှ အဆင်မပြေလို့ သွားအလုပ်လုပ်ကြရတာပါ။ ကိုယ်စားလှယ်တော်ကြီးများ မှတ်မိကြအုံးမယ်လို့ ထင်ပါတယ်။ အင်ဒိုနီးရှား အာချေးပြည်နယ် ငလျင်တုန်းက ထိုင်းနိုင်ငံဖူးခက်ကမ်းရိုးတန်းဒေသတွေ ငလျင်ဒဏ်ကို အကြီးအကျယ်ခံခဲ့ကြရပါတယ်။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ အမြောက်အမြား သေကြေဒဏ်ရာရကြပါတယ်။ မြန်မာအစိုးရက ဘယ်လောက်သေလို့ ဘယ်လောက် ဒုက္ခရောက်ကြတယ်ဆိုတာကို သတင်းထုတ်ပြန်တာ အကူအညီပေးတာ လုံးဝမရှိခဲ့ပါဘူး။ နိုင်ငံခြားတိုင်းပြည်မှာ အလုပ်သွားလုပ်သူတွေဟာ အမိနိုင်ငံကို နိုင်ငံခြားငွေရှာပေးနေသူတွေပါ။ သူတို့ ပြန်လာတဲ့အခါမှာ ငွေနှင့်အတူ နည်းပညာများလည်း ပါလာနိုင်ပါတယ်။ ကိုယ့်နိုင်ငံသံရုံးတွေက ကိုယ့်နိုင်ငံသားကို အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်သင့်ပါတယ်။ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားတွေ များမလာအောင် တိုးမလာအောင် ကိုယ့်နိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေများလာအောင် လုပ်ဖို့လည်း လိုအပ်လှပါတယ်။ အလွန်တန်ဖိုးရှိတဲ့ တိုင်းပြည်ရဲ့ ဘတ်ဂျက်ကို အလေအလွင့်မရှိအောင် သုံးသင့်တဲ့နေရာမှာသုံးပြီးတော့ မသုံးသင့်တဲ့နေရာမှာ မသုံးဖို့နဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးနဲ့ ဖွံ့ဖြိုးရေးကဏ္ဍတွေမှာ ပြည်သူ့ဘဏ္ဍာကို ထိထိရောက်ရောက် သုံးဖို့လိုအပ်သလို တစ်ဘက်ကလည်း ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရနဲ့ တရားဥပဒေစိုးမိုးမှုရှိဖို့ ပြည်တွင်းငြိမ်းချမ်းရေးရှိဖို့ ပြည်သူက ယုံကြည်တဲ့အစိုးရ၊ နိုင်ငံကလေးစားတဲ့အစိုးရ

ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တိုးလာပြီတော့ Migrant Workers တွေလည်း လျော့နည်းလာဖွယ်ရှိပါတယ်။ အဲဒီအခါ တိုင်းပြည်ရဲ့ ဂုဏ်ကျက်သရေဟာလည်း တိုးလာမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရောက်နှင့်ပြီးသား Migrant Workers တွေကို အကူအညီပေးဖို့ဆိုရင် အင်ဒိုနီးရှား၊ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်တို့ရဲ့ Migration Policy တွေကိုလည်း အကျယ်တဝင့်လေ့လာဖို့ လိုအပ်ပြီးတော့ ကိုယ့်နိုင်ငံနဲ့သင့်လျော်တဲ့ Policy ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ နိုင်ငံခြားသွားရောက် အလုပ်လုပ်မယ့် နိုင်ငံသားတွေကို ပွဲစားတွေရဲ့အလိမ်မခံရအောင်၊ လူကုန်ကူးမခံရအောင်၊ ကျွမ်းကျင်တဲ့အရည်အချင်းနဲ့ညီတဲ့ အလုပ်ရအောင်၊ လုပ်ခလစာ အပြည့်အဝရရှိအောင်၊ အလုပ်ခွင်အန္တရာယ်ကင်းအောင်၊ အလုပ်သမားအခွင့်အရေး အပြည့်ရအောင်၊ အစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးရမှာဖြစ်သလို နိုင်ငံကူးလက်မှတ်နဲ့ အလုပ်လုပ်ခွင့်လက်မှတ်ကိုလည်း အခမဲ့အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးသင့်ပါတယ်။ အခြားလိုအပ်တဲ့ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းပေးတာ၊ ဘာသာစကားသင်ပေးတာတွေနဲ့ လိုအပ်ချက်များအားလုံးကို Policy ချမှတ်ပြီးတော့ ဆောင်ရွက်ပေးသင့်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာအရ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေကို ပြည်ပနိုင်ငံတွေမှာ အနိုင်ကျင့်မခံရအောင် လုံခြုံမှုရှိအောင်၊ အခွင့်အရေးများ ဆုံးရှုံးခြင်းမရှိအောင်၊ အတတ်နိုင်ဆုံး၊ အစွမ်းနိုင်ဆုံး၊ အကာအကွယ်ပေးရန်နှင့် ကူညီစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရနဲ့ သံရုံးများကို လေးစားစွာတိုက်တွန်းရင်း ဟသ်ာတမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦးရဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ (ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အစည်းအဝေး(၁၈)ရက်မြောက်နေ့က တင်သွင်းခဲ့တဲ့ ဦးဒွေးဦး၊ ဟသ်ာတမဲဆန္ဒနယ်ရဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သား

(Migrant Workers) များအတွက် ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်နိုင်ပါရန်အဆိုကို ကျွန်မပတ်ဝန်းကျင်မှာ ကြားသိနေရတဲ့ စိတ်မချမ်းသာဖွယ်ရာအဖြစ်တွေနဲ့ထင်ဟပ်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ မြို့ရောတောပါမကျန် လူငယ်လူရွယ်များဟာ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြပါတယ်။ အဲဒီလို သွားရောက်တဲ့နေရာမှာ တရားဝင်လမ်းကြောင်းဖြင့် သွားရောက်ကြသူများရှိသလို မိမိတို့နေထိုင်ရာဒေသနဲ့ နီးစပ်ရာလမ်းကြောင်းကနေပြီး တရားမဝင်နယ်စပ်ဖြတ်ကျော်ပြီး သွားရောက်လုပ်ကိုင်နေကြတာလည်း ရှိပါတယ်။ သွားကြတဲ့သူတွေဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ပြီး ဘွဲ့ရလူငယ်တွေလည်း အများအပြားပါရှိကြပါတယ်။ သွားရတဲ့အကြောင်းရင်းကို ကြည့်မယ်ဆိုရင်လည်း အဓိကကတော့ အလုပ်အကိုင်မရှိခြင်း၊ အလုပ်ရှိသော်လည်း မိသားစုစားဝတ်နေရေး ဖူလုံမှုမရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်လည်း မိဝေးဖဝေးနိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ မသွားလိုပေမဲ့လည်း ဘဝရပ်တည်မှုအတွက် ရေကြည်ရာမြက်နုရာကို စွန့်စားရှာဖွေ သွားရောက်ကြရခြင်းဖြစ်ပါတယ်။ ဘယ်လိုနည်းနဲ့ပဲ သွားရောက်သည်ဖြစ်စေ၊ သွားတဲ့သူအနည်းစုက အဆင်ပြေကြပေမယ့် အများစုကတော့ အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်တွေ့ကြုံခဲ့ကြရပါတယ်။ အထူးသဖြင့် အသိပညာဗဟုသုတနည်းပါးတဲ့ တောသူ တောင်သား၊ တိုင်းရင်းသားများဟာ ပွဲစားများပြောသမျှယုံပြီး ပေးဆောင်ရမည့် ကုန်ကျစရိတ်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှာကြံပြီး ပေးဆောင်ခဲ့ကြရပါတယ်။ နယ်စွန်နယ်ဖျားကနေပြီး ရန်ကုန်မြို့အထိ သွားရောက် ဆက်သွယ်ဆောင်ရွက်ရပါတယ်။ အချို့ဆိုရင် လုပ်ငန်းကျွမ်းကျင်မှုအတွက် သင်တန်းတက် စာမေးပွဲဖြေရပါတယ်။ အချိန်ကုန်၊ ငွေကုန်ခံပြီး ကြိုးစားကြရင်း အချို့ဟာ ပွဲစားလူလိမ်တွေနဲ့တွေ့ပြီး ဖွတ်မရ ဓါးမဆုံးဖြစ်ခဲ့ရတာတွေ ရှိပါတယ်။ သွားရောက်လုပ်ကိုင်ခွင့်ရတဲ့သူတွေကို ကြည့်မယ်ဆိုရင်လည်း အဆိုရှင်တင်ပြသွားသလို အန္တရာယ်များပြီး ခက်ခဲကြမ်းတမ်းတဲ့၊ အများမလုပ်ချင်တဲ့ အလုပ်မျိုးလုပ်ကြရတယ်။ အစားအသောက်၊ နေရာထိုင်ခင်းကအစ ဆင်းဆင်းရဲရဲနဲ့ နေထိုင်အလုပ်လုပ်ကြရပါတယ်။ တဖန် လုပ်ခလစာလေးရလာလို့ မိသားစုဆီပို့မယ်ဆိုတဲ့ အခါကျတော့လည်း ဟွန်ဒီ(Hondy) စနစ်နဲ့ ပွဲစားများဆီကနေတစ်ဆင့်ပဲ ပို့ရပါတယ်။ တစ်ခါတရံ ပွဲစားတွေ လိမ်တာခံရပြီး ခက်ခဲပင်ပန်းစွာ လုပ်ခဲ့ရသမျှ မခံစားရဘဲ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံ ကြရပါတယ်။ အဲ့ဒါအပြင် ငွေလဲနှုန်းအပြောင်းအလဲကြောင့်လည်း မှန်းချက်နဲ့နှမ်းထွက်မကိုက်ဘဲ နစ်နာရပြန်ပါတယ်။ အလုပ်ရဖို့အတွက် ကုန်ကျစရိတ်ကြီးမားစွာ ပေးဆောင်ကြရပြီး ပြန်ရတဲ့အခါ ထင်သလောက်မရတဲ့အတွက် အကြွေး

တောင်မကျေဘဲ ကာယံကာရှင်ရော၊ မိသားစုများပါ ဒုက္ခပင်လယ်ဝေကြရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ အလုပ်သမားများဟာ အိမ်ပြန်လည်း မျက်နှာပန်းမလှ၊ ဆက်နေလည်း အချိန်သာကုန်သွားပြီး ဘဝ အာမခံချက်မရှိ ဖြစ်နေကြရပါတယ်။ ဒါတွေဟာ ရွှေ့ပြောင်းလုပ်သားများအတွက် Migration Policy ချမှတ် ဆောင်ရွက်တဲ့နေရာမှာ ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်များဖြစ်ကြောင်းတင်ပြ လိုပါတယ်။

အချို့သော ရွှေ့ပြောင်းလုပ်သားများကတော့ တရားဝင် Agency ကတစ်ဆင့်မဟုတ်ဘဲ နီးစပ်ရာ တရားမဝင်ပွဲစားများ အဆက်အသွယ်နှင့် နယ်စပ်ဖြတ်ကျော်ပြီး အိမ်နီးချင်းနိုင်ငံတွေမှာ သွားရောက် အလုပ်လုပ်ကြရပါတယ်။ တရားဝင်မဟုတ်တဲ့ အတွက်ကြောင့်မို့လို့ အလုပ်ရှင်တွေရဲ့ အမျိုးမျိုးအနိုင်ကျင့်ခြင်း ခံခဲ့ရပါတယ်။ လုပ်ခတန်ရာတန်ကြေးမပေးခြင်း၊ လုပ်ငန်းပြီးစီးခါနီးမှ တစ်ဖက်လှည့်နဲ့ ၎င်းတို့နိုင်ငံရဲတွေနဲ့ လာရောက်ပြီးတော့မှ ဖမ်းဆီးစေတဲ့အတွက်ကြောင့်မို့လို့ တစ်ပြားတစ်ချပ်မှမရပဲ ကိုယ်လွတ်ထွက်ပြေးရတဲ့အထိ ဖြစ်သူတွေလည်း ကြားသိခဲ့ရပါတယ်။ မိန်းကလေးများဆိုရင်လည်း အလုပ်ကောင်း၊ အကိုင်ကောင်းရမယ်ဆိုတဲ့ ပွဲစားများရဲ့စကားကို ယုံကြည်ပြီး လိုက်သွားမိတဲ့အခါမှာ ပြောတဲ့အလုပ်မျိုးမလုပ်ရဘဲ၊ မလုပ်လိုတဲ့ အလုပ်တွေကို အတင်းအကြပ်လုပ်ခိုင်းခံခဲ့ရပါတယ်။ အချို့က ကယ်တင်သူနဲ့တွေ့ပြီး ဘဝလွတ်မြောက်သွားပေမဲ့ အချို့ကတော့ မတတ်နိုင်တဲ့အဆုံး ဘဝကိုရေစုန်မျှောခဲ့ကြရပါတယ်။ အလုပ်သမားအများစုဟာ ကြပ်တည်းကျဉ်းမြောင်းတဲ့အခန်းမှာ ဖြစ်သလိုနေကြရပြီး ရလာတဲ့လုပ်ခငွေများကို ဆိုးသွမ်းသူ လူမိုက်တွေက ကြားဖြတ်လုယက်ခြင်း၊ အမျိုးသမီးများကိုလည်း မတရားအနိုင်ကျင့်၊ အကြမ်းဖက် စော်ကားခြင်း စသည်တို့ ခံရပါတယ်။ ဘယ်နေရာမှလည်း မတိုင်ကြားရဲ၊ ကူညီမဲ့သူလည်းမရှိ၊ လုံခြုံမှု လုံးဝမရှိတဲ့ဘဝအခြေအနေများ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရွှေ့ပြောင်းအလုပ်သမားများအတွက် အကာအကွယ်ပေးမည့် Policy ဟာ မဖြစ်မနေ လိုအပ်နေပြီလို့ ထင်မြင်ယူဆမိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၈ နိုင်ငံသားများ၏ မူလအခွင့်အရေး ပုဒ်မ ၃၈၀ မှာ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ၊ နိုင်ငံတော်၏ မိမိတို့ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့် ရှိသည်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် အဆိုပါနိုင်ငံသားများရဲ့ အခွင့်အရေးကို ကာကွယ်ပေးရမှာ တာဝန်ရှိတဲ့ သူများအပြင်၊ ကျွန်မတို့ ပြည်သူ့ကိုယ်စားလှယ်များလည်း ပါဝင်ဆောင်ရွက်သင့်တယ်လို့ မှတ်ယူပါတယ်ရှင့်။ နိုင်ငံတော်အစိုးရအနေနဲ့ သက်ဆိုင်ရာနိုင်ငံတော်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်း ကာ နိုင်ငံကူးလက်မှတ်များ နေ့ချင်းထုတ်ပေးခြင်း၊ ဘဏ်များအချင်းချင်း ချိတ်ဆက်ထားပြီး

တိုက်ရိုက်ငွေလွှဲပို့နိုင်အောင် စီစဉ်ထားခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရပါတယ်။ အလုပ်သမားဝန်ကြီးဌာနအနေနဲ့လည်း ပြည်တွင်းရှိ အလုပ်သမားများသာမက၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအတွက်ပါ နစ်နာချက်များ မရှိစေရအောင်၊ ပြောင်းရွှေ့အလုပ်သမားများ အခွင့်အရေးအတွက် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေကြောင်း မိမိနိုင်ငံမှအလုပ်သမားများ၊ တရားဝင်သွားရောက် အလုပ်လုပ်နိုင်ရေးအတွက်၊ သက်ဆိုင်ရာနိုင်ငံများနှင့် စာချုပ်ချုပ်ဆိုခြင်း၊ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း၊ ကျွမ်းကျင်မှုသင်တန်းပေးခြင်း၊ စာမေးပွဲကျင်းပပေးခြင်း၊ တရားဝင်အလုပ်အကိုင်ရှာဖွေရေး Agency များဖြင့် ဆက်သွယ်ဆောင်ရွက်စေခြင်း၊ နိုင်ငံရပ်ခြားများတွင် အလုပ်လုပ်ကိုင်ရင်း အခက်အခဲနှင့် ကြုံတွေ့ရသော မိမိနိုင်ငံသားများကိုလည်း သက်ဆိုင်ရာသံရုံးကနေ အကူအညီပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း အားတက်ဖွယ်သိရှိရပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်လျက်ရှိနေတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာတဲ့အခါမှာ နိုင်ငံရပ်ခြားမှာသွားရောက်လုပ်ကိုင်မယ့်အစား အမိနိုင်ငံသို့ပြန်လာပြီး အိုးမကွာ၊ အိမ်မကွာလုပ်ကိုင်လိုသူတွေလည်း ဝမ်းပန်းတသာ မိဘပြည်သူများနှင့်အတူ မျှော်လင့်စောင့်စားနေကြကြောင်း ကြားသိရပါတယ်။ ရွှေ့ပြောင်းအလုပ်သမားဆိုတဲ့နေရာမှာ ပြည်ပမှာသာမက ပြည်တွင်းမှာရှိတဲ့ အလုပ်သမားများ အခွင့်အရေးပါ တစ်ပါတည်း ထည့်သွင်းစဉ်းစားဖော်ဆောင်ပေးသင့်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံရပ်ခြားသို့ တရားဝင်သွားရောက် လုပ်ကိုင်ခွင့်နဲ့ မိမိနိုင်ငံသားများကို ကာကွယ်ပေးတဲ့ Policy တိကျခိုင်မာစွာ ချမှတ်ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံအတွက် နိုင်ငံခြား ဝင်ငွေရရှိပြီး GDP လည်း တိုးတက်မှာ ဖြစ်ပါတယ်။ အဲဒါအပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်လက်မဲ့နည်းပါးရေး၊ လူကုန်ကူးမှုပပျောက်ရေးအတွက် များစွာအထောက်အကူ ဖြစ်စေမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ ဘဝအာမခံချက်ရရှိရေး၊ ဘဝလုံခြုံရေးအတွက် အကာအကွယ်ပေးနိုင်မယ့် ခိုင်မာတဲ့မူဝါဒများချမှတ်ပြီး ထိရောက်စွာ ဆောင်ရွက်ဖို့ အထူးလိုအပ်ပါကြောင်း ဦးဌေးဦး၏အဆိုကို အလေးအနက် ဆွေးနွေးထောက်ခံ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ရောက်ရှိနေကြတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ တင်သွင်းသွားတဲ့ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေဦးတင်သွင်းသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီး အလုပ် သမားများကို ဥပဒေနှင့်အညီ စေလွှတ်ကြောင်းသိရှိခဲ့ရပါတယ်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ပြည်ပ နိုင်ငံ ၁၅ နိုင်ငံသို့ အလုပ်သမားစုစုပေါင်း ၆၀၇၂၂၅ ယောက် စေလွှတ်ခဲ့ကြောင်း သိရှိရပါတယ်။ မြန်မာရွှေ့ပြောင်းအလုပ်သမား ၃ သန်းခန့်ရှိသည့်အနက် အလုပ်သမားဝန်ကြီးဌာနမှ မဟုတ်ဘဲ သွားရောက်လုပ်ကိုင်သူမှာ ၂ သန်းခွဲခန့်ရှိသည်ဟု နားလည်ထားပါတယ်။ ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားတဲ့ အလုပ်သမား ၁.၅ သန်းခန့်ရှိသည်ဟု သိရှိရပါတယ်။ ကျွန်အရေအတွက်က အထောက်အထားမဲ့ အလုပ်သမားတွေ ဖြစ်ပါတယ်။ ပြည်ပရောက် အလုပ်သမားအများစုဟာ အထောက်အထားမဲ့ဖြစ်နေပြီးတော့ အားကိုးရာမဲ့တွေ ဖြစ်နေပါတယ်။ ယခုနှစ် ဇွန်လ ၂၁ ရက်နေ့က ချင်းမိုင်မြို့မှာ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါတယ်။ မြန်မာသံအမတ်ကြီး နာယကအဖြစ် ဦးဆောင်ပြီး ထိုင်းနိုင်ငံရောက်အလုပ်သမားများ ကူညီ စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်း၍ အလုပ်သမားများကြုံတွေ့နေရတဲ့ အခက်အခဲများကို ကူညီဖြေရှင်း ပေးနေကြောင်းလည်း သိရပါတယ်။ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး အဖွဲ့ဝင် ၁၅ ဦးဖြင့် ကော်မတီများ စတင်ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက် နေကြောင်းလည်း သိရှိရပါတယ်။ သို့သော်လည်း မိမိတို့နိုင်ငံ၏ ပြည်ပရောက် ရွှေ့ပြောင်းလုပ်သား များဟာ လုပ်ငန်းခွင်မှာ မတရားခေါင်းပုံဖြတ်မှုတွေ၊ လုပ်ခလစာအပြည့်အဝ မရရှိတာတွေ၊ လူမှုရေး အကာအကွယ်ပေးမှု မခံစားရတာတွေ၊ လူကုန်ကူးမှုတွေကို တွေ့ကြုံခံစားနေရပါတယ်။ အလားတူပဲ အကာအကွယ်မဲ့ဆုံး အုပ်စုမှာပါဝင်နေပါတယ်။ ရွှေ့ပြောင်းလုပ်သားများအား နိုင်ငံတော်ရဲ့ အကာအကွယ်အောက်မှာ ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO နိုင်ငံတကာအလုပ်သမားဥပဒေနှင့်အညီ ခံစားခွင့်ရရှိအောင် နိုင်ငံတော်အစိုးရမှ သက်ဆိုင်ရာနိုင်ငံများ၏ အစိုးရအလုပ်သမားဝန်ကြီးဌာန

အဖွဲ့အစည်းများနှင့် နှစ်နိုင်ငံနားလည်မှုပိုမိုလုပ်ဆောင်ရန် လိုအပ်နေသေးသည်ဟု ထင်မြင်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှာ ခက်ခဲကြမ်းတမ်းသော အန္တရာယ်များသော၊ ညစ်ပတ်ပေရေသော ၎င်းတို့နိုင်ငံရဲ့ နိုင်ငံသားအလုပ်သမားများမှ မလုပ်လိုသောအလုပ်များကို လုပ်ကိုင်နေရသော မိမိတို့နိုင်ငံသားပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများရဲ့ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး တင်သွင်းသော Migration Policy ချမှတ်ဆောင်ရွက်နိုင်ပါရန် အဆိုကို အမြန်ဆုံးဆောင်ရွက်အကောင်အထည်ဖော်သင့်ပါကြောင်း ထင်မြင်ပါတယ်။ ဤကဲ့သို့ ယုံကြည်တဲ့အတွက် ဤအဆိုအား လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိုး(လောင်းလုံမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကျွန်တော် မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါရစေခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံမှာ နိုင်ငံရပ်ခြားမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားကို ထိုင်းနိုင်ငံ မဟိဒေါ်တက္ကသိုလ်မှ ပညာရှင်များရဲ့ လေ့လာဆန်းစစ်ချက်အရ အရှေ့တောင်အာရှနိုင်ငံများမှာ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမားဦးရေဟာ ၂၀၁၂ ခုနှစ်၊ မတ်လတွင် ကောက်ယူရရှိခဲ့တဲ့စစ်တမ်းများအရ ထိုင်းနိုင်ငံမှာ မြန်မာလူမျိုးပေါင်း ၂.၄ သန်းခန့်ရှိပြီး တရားဝင်မှတ်ပုံတင်ထားတာ ၁.၄ သန်းရှိပါတယ်။ မလေးရှားနိုင်ငံမှာ ၅ သိန်းခန့်ရှိပြီး တရားဝင်မှတ်ပုံတင်ထားတာ ၂ သိန်းခွဲရှိပါတယ်။ စင်ကာပူနိုင်ငံမှာ ၂သိန်းခွဲခန့် ရောက်ရှိနေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း ၁ သိန်းခန့် ရောက်ရှိနေခြင်းဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ မြန်မာနိုင်ငံသားများ ၁၅၀၀၀ ခန့်ရှိပြီး တရားဝင်မှတ်ပုံတင်ထားသည့်ဦးရေမှာ ၁၅၇၇ ဦးသာ ရှိပါတယ်။ ထို့နည်းတူစွာပဲ တောင်ကိုရီးယားနိုင်ငံမှာ မြန်မာနိုင်ငံသားပေါင်း ၂၀၀၀၀ ခန့် ရောက်ရှိနေပြီး တရားဝင်မှတ်ပုံတင်ထားသည်မှာ ၆၉၀၃ ဦးသာ ရှိပါတယ်။ တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံများမှာလည်း မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ များစွာရောက်ရှိနေသည်ကို သိရှိရပါတယ်။ စာရင်းကောက်ယူရန် ခက်ခဲတဲ့အတွက် အတိအကျ ဖော်ပြနိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများဟာ နိုင်ငံအပြင်ဘက်မှာ ၄

သန်း ကျော်ခန့်ရှိတယ်လို့ သိရပါတယ်။ ဒီ လေးသန်းကျော်ခန့်သော ရွှေ့ပြောင်းအလုပ်သမားများ ထဲမှာ ၃ အချိုး ၁ ချိုးသာလျှင် တရားဝင်အလုပ်သမားများဖြစ်ပြီး ကျန်တဲ့ ၃ ပုံ ၂ ပုံဟာ ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဒီရွှေ့ပြောင်းအလုပ်သမားများအပေါ်မှာ ဆန်းစစ်ကြည့်မယ်ဆိုရင် အတတ်ပညာဖြင့် သွားရောက်လုပ်ကိုင်နေသော အလုပ်သမားများ၊ ရိုးရိုး အလုပ်သမားများနှင့် လုံးဝကျွမ်းကျင်မှုမရှိတဲ့ ကျပန်းလုပ်ရတဲ့ အလုပ်သမားများအဖြစ်နဲ့ ၃ မျိုး ၃ စား ရှိတာ တွေ့ရပါတယ်။ အထက်ပါစာရင်းဇယားများအရ တရားမဝင်အလုပ်လုပ်ကိုင်နေသူများ ဦးရေက ပိုမိုများပြားနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားတွေ နိုင်ငံရပ်ခြားမှာ တရားမဝင်ဘဲ ရွှေ့ပြောင်းအလုပ်သမားအဖြစ် ဘာကြောင့်သွားလုပ်ကိုင်နေကြရတာလည်းဆိုတဲ့ အကြောင်းအရင်း ကိုဆန်းစစ်ဖို့လိုပါတယ်။ ဒီအကြောင်းအရင်းနှင့်ပတ်သက်ပြီး တနင်္သာရီတိုင်းရဲ့ အနေအထားကို အနည်းငယ်တင်ပြပါရစေခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဟာ ယိုးဒယား၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့ သွားလာရအင်မတန်လွယ်ကူတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဟိုးယခင် ကတည်းကလည်း ကူးလူးဆက်ဆံမှုရှိခဲ့ပါတယ်။ ၁၉၈၈ ခု နောက်ပိုင်းမှာ နိုင်ငံရေးအခြေအနေအရ စစ်မက်ဖြစ်ပွားမှုတို့ကြောင့် ရွာများပြောင်းရွှေ့ခံရခြင်း၊ သောင်းကျန်းသူများနှင့် ဆက်သွယ်ခြင်းဆိုတဲ့ ပုဒ်မ ၁၇/၁ အရ အရေးယူခံရခြင်း၊ ပေါ်တာစွဲခံရခြင်းနှင့် ပြည်သူများဘဝ လုံခြုံမှုနည်းပါးခဲ့ကြရပါ တယ်။ ထို့အပြင် နိုင်ငံရေးဖိနှိပ်မှု၊ အလုပ်အကိုင်ရှားပါးလာမှုနှင့် ဝင်ငွေနည်းပါးလာမှုနှင့်အတူ ဘွဲ့ရ လူငယ်များအား အလုပ်ဖန်တီးမပေးနိုင်မှုတို့ကြောင့် လူငယ်အများစုဟာ တစ်ဘက်နိုင်ငံများသို့ သွားရောက်ပြီး ရရာအလုပ်ကို လုပ်ကိုင်ရင်းနှင့် ရွှေ့ပြောင်းအလုပ်သမားဘဝကို ရောက်ခဲ့ရခြင်း ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ် နောက်ပိုင်းမှာ မွန်၊ ရခိုင်၊ ချင်းစတဲ့ တိုင်းရင်းသားများနှင့်အတူ အထက် မြန်မာနိုင်ငံမှ လူငယ်လူရွယ်အမျိုးသမီးများဟာလည်း ထားဝယ်သင်္ဘောဆိပ်ဖြစ်တဲ့ သရက်ချောင်းမြို့ ရဲ့ အမြန်ယာဉ်သင်္ဘောဆိပ်မှတစ်ဆင့် တစ်ဘက်နိုင်ငံများသို့ နေ့စဉ်ရာထောင်ချီ၍ တစ်ဘက်နိုင်ငံ များသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်နေကြတာ ယနေ့အချိန်ထိဖြစ်ပါတယ်။ ဒါကြောင့် အခုလို သွားရောက်နေကြတဲ့ အကျိုးဆက်တွေကြောင့် လူကုန်ကူးမှုအားကြီးလာခဲ့ပါတယ်။ နိုင်ငံခြား တိုင်းပြည်များမှာ တရားမဝင်အလုပ်လုပ်ကိုင်ရတဲ့ မြန်မာအလုပ်သမားများအတွက် အဆိုရှင် တင်ပြခဲ့သလို သူတို့နိုင်ငံသားများ မလုပ်လို့တဲ့ 3D ဆိုတဲ့အလုပ်တွေကို လုပ်ကြရပါတယ်။ တရားမဝင် အလုပ်သမားများဟာ လူ့အခွင့်အရေးချိုးဖောက်ခံရမှု၊ မတရားအနိုင်ကျင့်ခံရမှု၊ လူ့သိက္ခာချိုးနှိမ်ခံရမှု

တွေကြောင့် နေ့စဉ်နှင့်အမျှ ဘဝလုံခြုံမှုကင်းမဲ့နေခဲ့ကြရပါတယ်။ ယနေ့အချိန်တွင် နိုင်ငံတော် အစိုးရ အနေနဲ့ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အရေးကိုအတတ်နိုင်ဆုံး ဆောင်ရွက်နေတယ်လို့ သိရလို့ အင်မတန်မှ ရွှေ့ပြောင်းအလုပ်သမားများအတွက် ဝမ်းသာမိပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အရေးကြီးဆုံးလိုအပ်ချက်က ဘဝလုံခြုံမှုရှိဖို့ပဲ ဖြစ်ပါတယ်။ လုပ်အားခရရှိလို့ ငွေအနည်းငယ် စုဆောင်းမိလျှင်ပင် တစ်ဘက်နိုင်ငံသားများရဲ့လုယက်မှုနှင့် အသက်အန္တရာယ်စိုးရိမ်မှုတို့ကို နေ့စဉ် နှင့်အမျှ ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့် ရွှေ့ပြောင်းအလုပ်သမားများရဲ့ ဘဝလုံခြုံမှုကို အမြန်ဆုံး ကာကွယ်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုကာကွယ်ပေးဖို့ ဆိုရာမှာလည်း အလုပ်သမားများပြားလွန်းတာ ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့သံရုံးများမှတစ်ဆင့် မြန်မာနိုင်ငံသားများ အားလုံး အပေါ်တာဝန်ယူပေးနိုင်မှုရှိဖို့ ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံသားတိုင်းဟာ မိမိနိုင်ငံကို ချစ်မြတ်နိုးကြ သူများဖြစ်ပါတယ်။ သူတစ်ပါးနိုင်ငံမှာ ဘယ်လောက်ပင်ငွေကြေးရရှိပါစေ၊ မိမိနိုင်ငံတွင် ဥမကွဲ သိုက်မပျက် အတူတကွနေချင်ကြတာကြီးပါပဲ။ သို့ပါ၍ အဆိုရှင်တင်ပြသလို ဘဝအာမခံချက်ရရှိ အောင် အသွင်ကူးပြောင်းရေးကာလမှတစ်ဆင့် ဖြစ်ပေါ်လာမယ့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေ များအရ ပြည်တွင်းတွင် အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်မှသာ နိုင်ငံသားများရဲ့ ဘဝအာမခံချက် ကို ဖော်ဆောင်ပေးခြင်းဖြစ်တယ်လို့ ယူဆမိပါတယ်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအတွက် လုံခြုံမှုရှိစေရေး အတွက်နိုင်ငံတော်အစိုးရမှ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဘဝအာမခံချက် ရရှိရေးအတွက် မြန်မာနိုင်ငံတွင် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ နိုင်ငံရေးဖိနှိပ်မှုများ ကင်းရှင်း အောင်ဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုး ခြင်းနှင့်အတူ ဘွဲ့ရလူငယ်များအား အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်းတို့သာလျှင် နိုင်ငံနှင့်နိုင်ငံသား တို့အတွက် အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၄း၄၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစောသိန်းအောင်(လှိုင်းဘွဲ့မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟသ်ာတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ (Migrant Workers) များအတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးပါရန် အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟသ်ာတ မဲဆန္ဒနယ် ကိုယ်စားလှယ်တော်ကြီး ဦးဌေးဦးရဲ့အဆိုသည် ကျွန်တော်တို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ပြောင်းရွှေ့အလုပ်သမားများရဲ့ ဘဝအာမခံချက်လုံခြုံမှုရရှိရေးကို ရှေးရှုပြီး မေတ္တာ၊ စေတနာ၊ အကြင်နာများစွာနဲ့ လူသားချင်း စာနာထောက်ထားတဲ့ စိတ်ဓာတ်နဲ့အခြေခံပြီး တင်သွင်းတဲ့ အဆိုကောင်းတစ်ခု ဖြစ်ပါတယ်။ တစ်ပြည်ရပ်ခြားမှာ မိမိတို့ရဲ့မိသားစုဘဝ တည်ငြိမ်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက်ရှေးရှုပြီး အိုးခွာအိမ်ခွာ မိသားစုခွာပြီး စွန့်စားသွားရောက်လုပ်ကိုင်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားရဲ့ ဘဝဟာ အချိန်ကာလ ကြာပြီဖြစ်သလို တစ်ပါးနိုင်ငံမှာ နည်းပေါင်းစုံနဲ့ အနိုင်ကျင့်ခံရတာတွေ၊ စော်ကားဖိနှိပ်၊ နှိပ်စက်ခြင်း

ခံရတာတွေ၊ လူမဆန်လောက်အောင် ညှင်းပန်းမှုမျိုးစုံနဲ့ ခံရတာတွေကို နေ့တဓူဝကြားနေရပါတယ်။ အမျိုးသမီးတွေ၊ အလုပ်ရှင်တွေနဲ့ အရပ်အိမ်တွေမှာ အမျိုးမျိုးညှင်းပန်းခံနေရတာကတော့ နေရာတကာမှာ ကြားသိနေရပါတယ်။ ဒီထက်ဆိုးတာကတော့ လူသားချင်းစာနာထောက်ထားမှု သုညဒီဂရီအောက်ရောက်နေတဲ့ အခွင့်အရေးမျိုးလည်းရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်အိမ်ပြီးတစ်အိမ် အလှည့်ကျရောင်းစားခံရပြီး လစာလည်းမရ၊ အညှင်းဆဲအမျိုးမျိုးခံရပြီး ပြန်စရာစရိတ်မရှိ၊ ပြေးစရာလမ်းမမြင်၊ နောက်ဆုံးသည်းညည်းမခံနိုင်တော့တဲ့ ကြမ္မာဆိုးမှာ ဘဝကိုအရှုံးပေးပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားကြတဲ့ အမျိုးသမီးငယ်တွေရဲ့အဖြစ်တွေကို ကြားသိရခြင်းကြောင့် များစွာရင်ထုမနာ အောင်ခံစားရပါတယ်။ စက်ရုံအလုပ်ရုံတချို့ဆိုရင် အလုပ်ကြမ်းသမားများကို ပိုပြီးထမ်းပိုးနိုင်အောင် ဖျော်ရည်တွင် မူးယစ်ဆေးတွေဖျော် အလုပ်သမားတွေကိုတိုက်ပါတယ်။ အလုပ်သမားများစွဲလန်းတဲ့အခါ မသောက်မနေနိုင်ဖြစ်လာပြီး မူယစ်ဆေးပြားကို အလုပ်ရှင်ကရောင်းပြီး လစာမှပြန်ခုနှိမ်ပါတယ်။ နောက်ဆုံးမူးယစ်စွဲပြီး အလုပ်ပင်ကောင်းကောင်း မလုပ်နိုင်ချိန်မှာ လစာဆိုတာလည်းမရနိုင်တော့တဲ့ အချိန်မှာ မသောက်ရင်မနေနိုင်တော့တဲ့ မူးယစ်စွဲသမားတွေကို အခွင့်ကောင်းတစ်ခုသဘောထားပြီး မူးယစ်ဆေးရောင်းစေပါတယ်။ ဒီလိုနဲ့ နဂိုက မိသားစုအတွက် ငွေရှာမယ်လို့ ထွက်လာကြတဲ့ ပြောင်းရွှေ့အလုပ်သမားတချို့ဟာ ချောင်းမတွေ့၍ မြစ်ကိုရှာရေသာများ၍ ငါးမတွေ့ဆိုတာလို မူးယစ်စွဲဘဝ၊ မူးယစ်ရောင်းဘဝ ရောက်ချင်းမလှရောက်ပြီး နောက်ဆုံးမူးယစ်ရောင်းဝယ်မှုနှင့် အဖမ်းခံရပြီး ထောင်ထဲရောက်ကြတာတွေလည်း များစွာရှိပါတယ်။ တချို့ဆိုရင် မိမိတို့ရဲ့ အလုပ်ရှင်သူဌေးကိုယုံပြီး လစာကိုပုံမှန်မထုတ်ဘဲ အိမ်အပြန် အထုပ်အထည်အဖြစ် ယူသွားဖို့ မသုံးရက်မဖြုန်းရက် အလုပ်ရှင်ထံမှာ နှစ်နှင့်ချီအပ်ထားပါတယ်။ နှစ်ကြာလာလို့ တော်တော်စုဆောင်းမိချိန်မှာ အိမ်ပြန်ဖို့စုထားငွေကို ပြန်တောင်းတော့ အလုပ်ရှင်ကသေနတ်ပြပြီး ကျည်ဆန်ယူမလား၊ ငွေယူမလား ဆိုပြီး မတရားပြုမူခံရတာလည်း ရှိပါတယ်။ တစ်ပါးနိုင်ငံမှာ ပြောင်းရွှေ့အလုပ်သမားဖြစ်တဲ့အတွက် မျက်စိသူငယ်နားသူငယ်နဲ့ မည်သူကို တိုင်တန်းအကူအညီတောင်းရမှန်းမသိဘူး ဖြစ်ပါတယ်။ မခံမရပ်နိုင်တဲ့ တချို့ကသက်ဆိုင်ရာကို တိုင်တန်းမယ်ကြံစည်လိုက်တဲ့အချိန်မှာပဲ အလုပ်ရှင်က ကလိန်ဉာဏ်ဆင်ပြီး မူးယစ်ဆေးဝါးတရားခံအဖြစ် ရဲကိုတိုင်လို့ အချုပ်ထဲ၊ ထောင်ထဲရောက်တာလည်း အမြောက်အမြားပါပဲ။ ဒီလို ရက်စက်ညှဉ်းပန်းမှုမျိုးတွေ ဘေးကသီသီလေး လွတ်မြောက်လာတဲ့ ရွာပြန်ရောက်တဲ့ အမျိုးသမီးတစ်ဦးရဲ့ သူ့ဘဝဇာတ်ကြောင်း ပြန်လည်ပြောပြချက်ဟာ ကြက်သီး

မွေးညင်းထလောက်အောင် ထိတ်လန့်ကြောက်ရွံ့ ရှုံမှုန်းနာကြည်းဖွယ်ကောင်းလှပါတယ်။ သူမရဲ့ ပြန်လည်ပြောပြတဲ့ အတွေ့အကြုံအရ သူမဟာ ယိုးဒယားရောက်၍ သူဌေးအိမ်တစ်အိမ်မှာ အလုပ်လုပ်ပါတယ်။ ရုပ်ရည်ရူပကာကောင်းမွန်စွာရှိခြင်း၊ ပညာရည်အဆင့် အသင့်အတင့်ရှိခြင်း၊ ရိုးသားခြင်းများကြောင့် နှစ်အတန်အသင့်ရှိရာမှာ သူဌေးရဲ့ ယုံကြည်မှုကိုခံရပြီး အိမ်မှုကိစ္စတွေကို လွှဲအပ်ခြင်းခံရပါတယ်။ နောက်ဆုံး သူဌေးအလုပ်သွားချိန်မှာ အိမ်မှာရှိတဲ့သော့တွေကို ယုံကြည်စွာ အပ်နှံသွားပါတယ်။ ဒီအခြေအနေထိရောက်ဖို့က သူမဘယ်လောက်ထိရင်းနှီးလာခဲ့ရတယ်ဆိုတာ သူမတစ်ဦးတည်းသာ အသိဆုံးဖြစ်မှာပါ။ ထူးခြားတာက သူမနဲ့အတူလာရောက် လုပ်ကိုင်နေကြတဲ့ အမျိုးသမီးတွေ မကြာမကြာ တစ်ယောက်စ၊ နှစ်ယောက်စ ပျောက်ဆုံးခြင်းပါပဲ။ ရွာပဲ ပြန်သွားသလိုလို၊ တခြားမှာ အလုပ်ပြောင်းသွားသလိုလို ထင်မှတ်ပြီး သူမလည်း ဘာမှစိတ်မကူးဘဲနဲ့ ဖာသိဖာသာ နေခဲ့ပါတယ်။ သူမ သတိထားမိတာတစ်ခုက သူဌေးက သူ့ကိုအပ်သွားတဲ့ သော့ချောင်းတွေမှာ အသုံးမပြုရတဲ့ သော့ချောင်းတွေကိုပြပြီး သတိပေးသွားပါတယ်။ ဒီတစ်ချက်ကိုတော့ သူမ သံသယဝင်မိတယ်။ ဘာကြောင့်လဲဆိုတာကိုလည်း တဖွဖွသိချင်လာတယ်။ ဒါကြောင့် တစ်နေ့မှာ သူဌေးအလုပ်သွားနေခိုက် အသုံးမပြုရဘူးဆိုတဲ့ သော့ချောင်းရှိရာအခန်းကိုရှာပြီး သော့ဖွင့်ပြီး အခန်းထဲဝင်မိတယ်။ အခန်းထဲမှာ ထူးထူးခြားခြား ရေကန်တစ်ကန်တွေ့ရတယ်။ ရေကန်ထဲမှာ တိုင်တစ်တိုင်မှာ ကြိုးတုပ်ထားတဲ့မိန်းကလေးတစ်ဦးကို တွေ့ရတယ်။ သိလိုဇောနဲ့ အနားကပ်သွားကြည့်တဲ့အချိန်မှာ ရေမှာ တစ်ဝက်မြုပ်နေတဲ့ ခြေထောက်တွေမှာ မျှော့တွေ ဒီမိန်းကလေးရဲ့ သွေးကို စုတ်နေကြတာ အများကြီးဆိုတာတွေ့ရတယ်။ မိန်းကလေးက သွေးစုတ်ခံရတဲ့အတွက် မျောနေပါပြီ။ သူမလည်း အလန့်တကြားနဲ့ ဒီအခန်းက ပြန်လည်ထွက်ပြေးပြီး အဝတ်အစားထုတ်ကိုဆွဲ အိမ်ကလစ်ပြေးပြီး ရွာပြန်ရောက်လာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြဆွေးနွေးသွားတဲ့ အကြောင်းအရာများဟာ တစ်ပါးနိုင်ငံမှာ ဒုက္ခဆင်းရဲခံနေကြရတဲ့ ကျွန်ုပ်တို့ရဲ့ ရွှေ့ပြောင်းအလုပ်သမားရဲ့ ဘဝကြေးမုံ ဒုက္ခစုံဖြစ်ရပ်မှန်တွေ ဖြစ်ပါတယ်။ ဒီလိုဘဝအာမခံချက်လုံခြုံမှုတွေ ဆိတ်သုဉ်းကြရတဲ့ ကျွန်တော်ရဲ့ နိုင်ငံရင်နာစရာကောင်းလှတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် နိုင်ငံတော်က နည်းလမ်းရှာကြံပြီး ကူညီဆောင်ရွက်ပေးဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။ သို့မှသာ မိမိတို့ရဲ့ ရသင့်ရထိုက်တဲ့ လုပ်အားခကိုပိုက်ပြီး ကျေးရွာရှိ မိဘထံပြန်လည်ရောက်ရှိနိုင်ပြီး ဘဝသစ်ကို ထူထောင်နိုင်မှာဖြစ်တဲ့အတွက်

ဟသ်ာတမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဌေးဦးရဲ့အဆိုကို လေးလေး နက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မြင့်၊ မြန်အောင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာ ပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်က ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟသ်ာတမဲဆန္ဒနယ်က ဦးဌေးဦးရဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်လို့လည်း အခု ဆွေးနွေးသွားတာတွေဟာ တော်တော်များများလည်း ပြည့်ပြည့်စုံစုံဖြစ်သွား ပါပြီ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တိုတိုတုတ်တုတ်ပဲ ကျွန်တော်ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့ ဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စဖြစ်လာပြီဆိုကတည်းက ကျွန်တော်တို့ ပြည်သူတွေကို အလုပ်အကျွေးပြုဖို့ ကျွန်တော်ဆိုလို့ရှိရင် ကျွန်တော်ရဲ့မဲဆန္ဒနယ်တွေမှာရှိတဲ့ ပြည်သူတွေအကျိုး အတွက် စစ်တမ်းကောက်ယူလိုက်ပါတယ်။ အဲဒီလို စစ်တမ်းကောက်ယူလိုက်တဲ့နေရာမှာ ဘွဲ့ရအလုပ် လက်မဲ့တွေ၊ နောက် ဆင်းရဲမွဲတေနေတဲ့မိသားစုတွေ၊ နောက် လယ်မဲ့ယာမဲ့ပုဂ္ဂိုလ်တွေ၊ နောက် ပြည်ပကိုထွက်ခွာသွား အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ စာရင်းတွေရရှိခဲ့ပါတယ်။ ဒီလိုအခြေအနေတွေကို သိတဲ့အခါမှာ ဘာလို့ပြည်ပကိုထွက်ခွာပြီး အလုပ်လုပ်ကြရတာလဲဆိုတာကို ကျွန်တော် လေ့လာ ဆန်းစစ်ပါတယ်။ မေးမြန်းပါတယ်။ သူတို့ကို မေးမြန်းတဲ့အခါကျတော့ တောင်သူလယ်သမားတွေ ဖြစ်တဲ့အတွက် ကျေးလက်ဒေသပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ပွင့်ပွင့်လင်းလင်းပဲသူတို့ပြောဆိုကြပါ တယ်။ ကျွန်တော်တို့ ဒီနှစ်က စပါးဈေးလည်းမကောင်းဘူး။ ပဲဈေးလည်း မကောင်းဘူး။ ကျွန်တော်တို့ တစ်တွေ အကြွေးတွေနဲ့ နွံပိနေတယ်။ ဒီကြားထဲ လယ်ယာမြေဆုံးရှုံးမှုတွေလည်းရှိတယ်။ အဲဒီလို ကျွန်တော်တို့မှာ ရပ်တည်လို့မရနိုင်တော့လို့ ပြည်ပကို ကျွန်တော်တို့ ထွက်ခွာပြီးတော့ အလုပ်လုပ် ကြရတာပါလို့ပြောတယ်။ ကျွန်တော်ဒီလိုစစ်တမ်းကောက်ယူပြီးတဲ့ နောက်ပိုင်းမှာကိုပဲ ကျေးရွာအချို့ ကနေပြီးတော့ ဘယ်ကျေးရွာကတော့ ဘယ်နှစ်ဦး ထွက်သွားပြန်ပြီဆိုပြီးတော့ ကျွန်တော့်ဆီကို အစီရင်ခံစာတွေ ပို့နေကြတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်မှာ ဒီလိုဆင်းရဲမွဲတေမှုတွေ များပြားနေတဲ့အတွက်၊ ရပ်တည်လို့မရတဲ့အတွက် သွားကြတာဖြစ်တဲ့အတွက် သူတို့ကို ကျွန်တော် အပြစ်မဆိုပါဘူး။ အပြစ်ဆိုစရာလည်း မရှိပါဘူး။ အခုဆိုလို့ရှိရင် ဒီမြန်အောင်မြို့နယ်ထဲမှာရှိတဲ့ လယ်သမားတွေဟာ ဒီလယ်ယာမြေစိုက်ဖို့ဆိုတာတောင် ခုနက အခက်အခဲတွေရှိနေတယ်။ စိုက်ခင်း

တောင်မှပဲ တစ်ဝက်ကျော်ကျော်မလုပ်နိုင်ဘူး။ ကျဲခင်းတွေဖြစ်သွားတယ်။ အဲဒီလို ကျဲခင်းတွေဖြစ်သွားတဲ့အတွက် လယ်ယာလုပ်သားဖြစ်တဲ့ ကျွန်တော်တို့ကောက်စိုက်သမတွေဟာ အလုပ်လက်မဲ့တွေထပ်ဖြစ်သွားတယ်။ အဲဒီလို ဆင်းရဲသံသရာလည်နေတဲ့ အခြေအနေမှာ မိမိတို့ရဲ့မိသားစုအရေးအတွက် သူတို့ဟာ ပြည်ပကိုသွားကြခြင်းဖြစ်ပါတယ်။ ဒီလိုသွားကြတဲ့နေရာမှာလည်း အားကိုးမရှိတဲ့အခါကျတော့ ဒီပွဲစားတွေနဲ့သွားကြရတယ်။ လူကုန်ကူးမှုတွေနဲ့တွေ့လို ဒုက္ခသုတ်ခရောက်နေတာတွေကိုလည်း ကျွန်တော် အများကြီး တွေ့ကြုံခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုယ်တိုင် ကြုံဖူးတွေ့ခဲ့ဖူးတဲ့ ကြားသိခဲ့ဖူးတဲ့အခြေအနေတွေ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေတွေဟာ ၁၉၆၂ ခုနှစ် မတိုင်ခင်ကဆိုရင် ကျွန်တော်နိုင်ငံဟာ အာရှမှာရော၊ အရှေ့တောင်အာရှမှာရော ရွှေနိုင်ငံအဖြစ် ကျွန်တော်တို့ထင်ပေါ်ကျော်ကြားခဲ့ပါတယ်။ အင်မတန် လူဦးရေများပြားတဲ့နိုင်ငံကြီး တွေကနေပြီးတော့ ကျွန်တော်တို့တိုင်းပြည်ကို လာပြီးတော့ တရားဝင်ရော၊ တရားမဝင်ရော ဝင်ရောက်လုပ်ကိုင်ပြီတော့ လာရောက်ပြီးတော့ အလုပ်လုပ်ကိုင်နေရတဲ့ အခြေအနေပါ။ အဲဒီလို ရွှေနိုင်ငံကနေပြီတော့ အခု ဒီလိုအခြေအနေ ရောက်သွားတာဖြစ်ပါတယ်။ ကျွန်တော်တို့ အင်မတန်အားကျပါတယ်ဆိုတဲ့ စင်ကာပူနိုင်ငံတောင်မှပဲ အဲဒီ ၁၉၆၂ ခုနှစ်ဆိုတာတွေ လွတ်လပ်ရေးတောင်မရသေးပါဘူး။ တံငါရွာ သာသာအဆင့် ရှိနေပါသေးတယ်။ အဲဒီ သူတို့နိုင်ငံရဲ့ ခေါင်းဆောင်ကြီး လီကွမ်ယူ ကိုယ်တိုင် ကျွန်တော်တို့မြန်မာနိုင်ငံကို လာပြီးတော့ ရန်ကုန်မြို့ရဲ့အခြေအနေ၊ မင်္ဂလာဒုံလေယာဉ်ကွင်းရဲ့ အခြေအနေတွေ ကျွန်တော်တို့ တိုင်းပြည်ကို အားကျပြီးတော့ သူတို့စင်ကာပူနိုင်ငံကို နမူနာယူပြီးတော့ တည်ဆောက်သွားတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ သိခဲ့ဖူးပါတယ်။ အခု ကျွန်တော်တို့ နိုင်ငံတကာမှာလည်း ရွှေ့ပြောင်းအလုပ်သမားတွေ ရှိတာပါပဲ။ ဘာထူးဆန်းလို့လဲ။ မိမိရဲ့နိုင်ငံကို နိုင်ငံခြားငွေ ရှာပေးနေတာပဲ။ ကောင်းတာပေါ့လို့ ပြောကြတဲ့လူတွေလည်း ရှိပါတယ်။ ဥပမာဆိုရင် ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ဆိုရင်လည်း ပြည်ပအလုပ်လုပ်ကိုင်ပြီးတော့ သွားနေတဲ့ပုဂ္ဂိုလ်များကနေပြီးတော့ တိုင်းပြည်ကိုပြန်ပို့တဲ့ ငွေကြေးဟာ ဆိုလို့ရှိရင် သူတို့တိုင်းပြည်ရဲ့ GDP ရဲ့ ၃၀ ရာခိုင်နှုန်းခန့်သာ ရှိနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလို နိုင်ငံခြားငွေရအောင် သွားကြတဲ့နေရာမှာ ဂုဏ်သိက္ခာရှိရှိနဲ့ တရားဝင်လမ်းကြောင်းကနေပြီတော့ သွားကြမယ်ဆိုလို့ရှိရင် အင်မတန်မှပဲကောင်းမွန်ပါတယ်။ ဒါပေမယ့် အခုဖြစ်နေတာက ကျွန်တော်တို့ တိုင်းပြည်မှာ ဒီလိုဆင်းရဲမွဲတေတဲ့အခါကြတော့ မသိနားမလည်မှုနှင့် ဥပဒေနားမလည်မှုတွေကြောင့် ခုနက လူကုန်ကူးမှုတွေ၊ ဒီပွဲစားတွေရဲ့ စကားအရ ပြည်ပ နိုင်ငံတွေကို ထွက်ခွာသွားနေကြတာတွေကို

ကျွန်တော်တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလဆိုရင် ကျွန်တော် Satellite မှာကြည့်တဲ့အခါကျတော့ ဒီတောလမ်းကနေပြီတော့ ကျွန်တော်တို့ အိမ်နီးချင်း ထိုင်းနိုင်ငံကို ဝင်သွားနေတဲ့လူအုပ်စု အဖမ်းခံရတာကိုတွေ့ရပါတယ်။ အဲဒီထဲမှာ အရွယ်ရောက်ပြီးသား ၁၈ နှစ်၊ ၁၉ နှစ် မိန်းကလေးတွေပါပါတယ်။ နောက်ပြီးတော့ အဲဒီသူတို့နိုင်ငံရဲ့ သတင်းထဲမှာကိုပဲ မဲစောက်မှာ အိမ်တစ်အိမ်ကိုဝင်ရောက်ပြီးတော့ စီးနင်းရှာဖွေလိုက်တဲ့အခါမှာ အမျိုးသမီး ၉၇ ဦး အဖမ်းခံရတယ်။ အဲဒီထဲမှာ ၃၇ ဦးဟာဆိုလို့ရှိရင် အသက် ၁၈ နှစ်မပြည့်သေးတဲ့ ကျွန်တော်တို့ နိုင်ငံ သားတွေဖြစ်နေတယ်။ အင်မတန်ရင်နာဖွယ်ရာ အဖြစ်အပျက်တွေ ကျွန်တော်တို့ တွေ့ကြုံနေရပါတယ်။ အဲဒီတော့ ဒီတိုင်းပြည်တွေကို ကျွန်တော်တို့ တစ်တွေ၊ ကျွန်တော်တို့လူမျိုးတွေ ဘာလို့သွားနေတာလဲ။ ဒါတွေကို ကျွန်တော်တို့ တားဆီးဖို့၊ ကာကွယ်ဖို့ အင်မတန်လိုအပ်နေတယ်။ ဒါတွေကို ဥပဒေနဲ့တားဆီးလို့လည်းမရပါဘူး။ အခု နိုင်ငံတော်သမ္မတကြီးကဆိုရင် ဒီလိုပြည်ပကိုသွားရောက်နေတဲ့ အကြောင်းအရင်းတွေကိုသိတဲ့ အတွက် ကျွန်တော်တို့တိုင်းပြည်အတွင်းမှာပဲ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုပြီးတော့ အရေးတကြီးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်ဟာ အခု ခေတ်ပြောင်း၊ စနစ်ပြောင်း ဒီမိုကရေစီလမ်းကြောင်း ကိုသွားနေတဲ့ကာလမှာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ကလည်း သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးကိုသွားနေတဲ့အတွက် အဲဒီလိုများ ကျွန်တော်တို့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးနဲ့ သန့်ရှင်းတဲ့ အစိုးရဖြစ်လာပြီဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည်ဟာ ပြည်ပနိုင်ငံတွေက နေရင်းနှီးမြှုပ်နှံမှုတွေ၊ စက်ရုံအလုပ်ရုံတွေ၊ နိုင်ငံတကာကူညီပံ့ပိုးမှုတွေ၊ အကူအညီတွေရပြီးတော့ ကျွန်တော်တို့တိုင်းပြည် ထဲမှာပဲ စက်ရုံအလုပ်ရုံတွေအများကြီးနဲ့ ကျွန်တော်တို့ အလုပ်အကိုင်တွေ အများကြီးရရှိလာမှာဖြစ်ပါ တယ်။ ကျွန်တော်ပြောရဲပါတယ်။ ဒီလိုပုံစံနဲ့သာ ကျွန်တော်တို့သမ္မတကြီးကနေပြီးတော့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးနှင့် သန့်ရှင်းတဲ့အစိုးရဖြစ်ပြီဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ မကြာခင်ကာလအတော အတွင်းမှာ အာရှရဲ့ ကျားနိုင်ငံတစ်ခုပြန်ဖြစ်လာမယ်ဆိုတာ ကျွန်တော် လေးလေးနက်နက်ယုံကြည် ပါတယ်။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည် အဲဒီလိုဖြစ်မလာသေးခင်မှာ အခုလက်ရှိ ဒီနယ်စပ် ဖြတ်ကျော်ပြီးတော့ တရားမဝင်အလုပ်လုပ်ကိုင်နေတဲ့ လူတွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေဟာ ကျွန်တော်တို့ ပြည်ပနိုင်ငံတွေမှာ 3D လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နေတာတွေ တွေ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ အကာအကွယ်ပေးဖို့ အင်မတန်လိုအပ်နေပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ဦးဌေးဦးရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ဒီထက်မက ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်ဆွေးနွေးချင်

သော်လည်း အချိန်ကိုင်ငဲ့ညှာသောအားဖြင့် ဒီမျှနဲ့ပဲ နိဂုံးချုပ်ပါရစေလို့ ပြောကြားရင်း အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒဏ္ဍာရီရိမ်ဆန္ဒနယ်မှ ဦးနိုင်ငံလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနိုင်ငံလင်း(ဒဏ္ဍာရီရိမ်ဆန္ဒနယ်)။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဌာနဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဧည့်သည်တော်ကြီးများ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဒဏ္ဍာရီရိမ်ဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ငံလင်း ဖြစ်ပါတယ်။ ကျွန်တော် ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးရဲ့ အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ရှေ့က ကိုယ်စားလှယ်ကြီးတွေက ဆွေးနွေးသွားတာ ပြည့်စုံမှု ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်က အကောင်အထည်ဖော်တဲ့ မူဝါဒ ဖြစ်ပေါ်လာတဲ့အခါမှာ အကောင်အထည်ဖော်တဲ့ အပိုင်းကို ဦးစားပေး ဆွေးနွေးပါ့မယ်။ နောက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုထဲမှာ ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက်လို့ ဆိုထားတဲ့အတွက် ဒီအပိုင်းကို ဦးစားပေးဆွေးနွေးတာ ဖြစ်ပါတယ်။ တကယ်တော့ Migration Policy ဟာ မိခင်နိုင်ငံနှင့် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ကြတဲ့ နိုင်ငံနှစ်နိုင်ငံ သဘောတူညီချက်အပေါ်မှာ အခြေခံပြီးမှ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့အကျိုးကို ဆောင်ရွက် နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်သမားအများကြီးရှိတဲ့ နိုင်ငံတွေနဲ့ သင့်မြတ်တဲ့ ဆက်ဆံရေးရရှိဖို့လည်း လိုအပ်ပါတယ်။ အဲဒီလို ဆက်ဆံရေးကောင်းဖို့ကလည်း ရွှေ့ပြောင်းအလုပ်သမား အရေးကိစ္စကို ပြဿနာတစ်ရပ်အဖြစ် လစ်လျူမရှုထားဘဲ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းဖို့ စီမံကြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အပြုသဘောနှင့် သင်ခန်းစာ ယူရန်အတွက် တင်ပြချင်တာကတော့ အရင်တုန်းက မြန်မာနိုင်ငံရဲ့သံရုံးတွေဟာ တရားမဝင်တဲ့ ရွှေ့ပြောင်းအလုပ်သမားကိစ္စကို မပြောနဲ့ တရားဝင်တဲ့သူတွေကိုတောင် အကူအညီပေးမှုတွေ အားနည်းခဲ့တယ်။ အခွန်ရဖို့လောက်ပဲ စိတ်ဝင်စားခဲ့ကြပါတယ်။ အဲဒါကြောင့် အကြံပေးချင်တာက တော့ နိုင်ငံသားရွှေ့ပြောင်းအလုပ်သမားတွေ များတဲ့ နိုင်ငံတွေမှာ ရှိတဲ့ သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး တွေမှာ ရွှေ့ပြောင်းအလုပ်သမားဌာနများ တိုးချဲ့ဖွင့်လှစ်တာပဲဖြစ်ဖြစ် ဒါမဟုတ် ရှိရင်းစွဲ သက်ဆိုင်ရာ ဝန်ထမ်းများနှင့်ပတ်သက်ပြီး တာဝန်များ ရှင်းရှင်းလင်းလင်း ချမှတ်ပေးရမည့်အပြင် ရပိုင်ခွင့် အခွင့်အရေးများကိုပါ ပြည့်ပြည့်ဝဝ အာမခံပေးရမှာ ဖြစ်ပါတယ်။ ဒါမှ ရွှေ့ပြောင်းအလုပ်သမားတွေ ရဲ့ အကျိုးကို ပိုမိုအာရုံစိုက်လာနိုင်ပြီး နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုလည်း လျော့နည်းလာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပြီးတော့ Committee for the protection of Migrant Workers ဆိုတဲ့ ဂျနီဗာအခြေစိုက် ရွှေ့ပြောင်းအလုပ်သမားအရေးဆောင်ရွက်တဲ့ ကော်မတီဟာ ၂၀၀၄ ခုနှစ်က စပြီး ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ နစ်နာမှုကို ကြားနာပြီးတော့ နိုင်ငံတွေအကြား အငြင်းပွားမှုကို ဖြေရှင်းပေးတဲ့ကော်မတီ ဖြစ်ပါတယ်။ အဲဒီလို ကော်မတီမျိုးမှာ ပါဝင်ဆောင်ရွက်သင့်၊ မသင့်ကိုလည်း ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ ရည်ရွယ်ချက်ကတော့ တချို့ကိစ္စတွေကို နိုင်ငံတော်က တိုက်ရိုက်မဖြေရှင်းဘဲ နိုင်ငံတကာအဖွဲ့က ကြားဝင်ဖြေရှင်းခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မထိခိုက်နိုင်ဘူးလို့ ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ဆွေးနွေးချင်တာက ဒီ Migration Policy ဟာ တရားမဝင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းရဲ့ နောက်ဆက်တွဲ အကျိုးဆက်ဖြစ်တဲ့ လူကုန်ကူးမှုကိုလည်း လျော့နည်းစေနိုင်တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားတွေ များစွာရှိတဲ့ နိုင်ငံတွေနဲ့ ရှိပြီးသားဖြစ်တဲ့ နားလည်မှုစာချွန်လွှာတွေ ပြန်လည်သုံးသပ်တာပဲဖြစ်ဖြစ်၊ သဘောတူညီမှုအသစ်တွေရရှိဖို့ ကြိုးစားတာပဲဖြစ်ဖြစ်လုပ်သင့်ပါတယ်။ ပြီးတော့ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ၎င်းတို့ရဲ့ အလုပ်အကိုင်များနှင့် လုပ်ငန်းခွင်အခြေအနေများကို သုံးသပ်ပြီး အကာအကွယ်ပေးခြင်း၊ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ကိစ္စမှအစ Work Permit ရရှိအောင် ဆောင်ရွက်ပေးခြင်းအပြင် လိုအပ်တဲ့ အလုပ်ရှာဖွေရေးလုပ်ငန်းများကိုပါ မိတ်ဆွေနိုင်ငံများရှိ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ထည့်သွင်းစဉ်းစားသင့်တယ်လို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသန်းဦး၊ မြဝတီမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ ကြည်ညိုလေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ချစ်ခင်လေးစားရပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးရဲ့ နိုင်ငံခြားမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအတွက် ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်နိုင်ရန်ဆိုတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လေ့လာတွေ့ရှိထားတဲ့အချက်နဲ့ စာတွေ့တွေရော၊ လက်တွေ့ရော ပြောအုံးမှာဖြစ်တဲ့အတွက် အချိန်ကို ငဲ့ညှာပေးမယ့် အနည်းအကျဉ်းတော့ ခွင့်ပြုပေးစေလိုပါတယ်။ ပထမဦးစွာ Migration နဲ့ပတ်သက်တဲ့

ကျွန်တော်ရဲ့ လေ့လာတွေ့ရှိချက်မှာ သူရဲ့ Difinition ကိုက Demovement of Person from one country on Locality to another ဟုဖော်ပြထားပါတယ်။ ဒီ Migration မှာလည်း Type of Migration ၁၀ ခု ရှိပြီးတော့ Internal Migration, External Migration, In Migration, Un Migration, Population Transfer, Inpallent Migration, Step Migration, Change Migration, Return Migration နဲ့ Seasonal Migration ဆိုပြီးတော့၁၀ ခုရှိပါတယ် ရွှေ့ပြောင်းမှုဟာ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ မိမိတို့ရဲ့ဓလေ့နဲ့ ယဉ်ကျေးမှုတွေ တိုက်စားခံရတာတော့ အမှန်ပါပဲ။ ရွှေ့ပြောင်းသွားလာမှုဟာလည်း ကျွန်တော်တို့ ဒီခေတ်မှစပြီးတော့ ဖြစ်ခဲ့တာမဟုတ်ပါဘူး။ ယနေ့ခေတ် လူသားဖြစ်လာမယ့် Homosphaian မတိုင်မီခေတ်ကတည်းက Eupita တွေဟာ နှစ်သန်းပေါင်း ၁.၈ သန်းကတည်းက home of Africa ကို ပြောင်းရွှေ့သွားလာခြင်းက စခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းကို ဆန်းစစ်ကြည့်တဲ့နေရာမှာ တရားဝင်လေကြောင်းလိုင်းက ထွက်ခွာပြီးတော့ နိုင်ငံခြားမှာ အလုပ်လုပ်တာနဲ့ နယ်စပ်ဖြတ်ကျော်ပြီး တော့ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်သူဆိုပြီးတော့ နှစ်မျိုးတွေ့ရပါတယ်။ လေကြောင်းလိုင်းက ထွက်ခွာသူများကတော့ ပညာနဲ့အလုပ်လုပ်ကြပြီးတော့ နယ်စပ်ထွက်ခွာပြီးတော့ အလုပ်လုပ်ကြသူတွေကတော့ မိမိရဲ့လုပ်အားနဲ့ အချိန်ကိုရောင်းကုန်အဖြစ် လုပ်ကိုင်ကြတာတွေ့ရပါတယ်။ အဆိုရှင် တင်ပြထားသလို မြန်မာနိုင်ငံသားအများစုဟာ အန္တရာယ်ရှိသော ကြမ်းတမ်းသော၊ ညစ်ပတ်သောနေရာများမှာ လုပ်ကိုင်ကြတာတွေ့ရပါတယ်။ ဘဝအာမခံချက် လုံခြုံမှုဆိုတဲ့နေရာမှာလည်း နံပတ်(၁) တစ်ကိုယ်ရေလုံခြုံရေးနှင့်လုပ်ငန်းခွင်လုံခြုံရေးဆိုပြီးတော့ နှစ်ပိုင်း လေ့လာတွေ့ရှိရပါတယ်။ တစ်ကိုယ်ရေလုံခြုံရေးနဲ့ပတ်သက်လို့ကတော့ တရားဝင်အလုပ်သမားတွေရဲ့ အခွင့်၊ တရားဝင် ပြည်ပထွက်ခွာခွင့်၊ ပြည်တွင်းပြန်လည်ဝင်ရောက်ခွင့် စသည်တို့အပြင် တရားဝင်ငွေစုဆောင်းခွင့်နှင့် တရားဝင်ငွေလဲခွင့်များလည်း လွယ်ကူမြန်ဆန်အောင် ပြုလုပ်ပေးဖို့လိုအပ်ပါတယ်။ လုပ်ငန်းခွင်ဘဝ လုံခြုံမှုနဲ့ပတ်သက်လို့ကတော့ ဝင်ရောက်အလုပ်လုပ်မယ့် ပြည်ပနိုင်ငံများနှင့် ကျွန်တော်တို့နိုင်ငံ အလုပ်သမားဆိုင်ရာ သဘောတူညီချက်များ အဆိုပါနိုင်ငံတွေနဲ့ ILO ရဲ့ သတ်မှတ်ချက်နဲ့အညီ အလုပ်အကိုင်ရရှိစေရေး၊ နိုင်ငံတကာစံသတ်မှတ်ချက်အတိုင်း အလုပ်ချိန်၊ လစာ၊ ခံစားခွင့်၊ နားနေခွင့်နှင့် မီးဖွားခွင့်တို့အတွက် ကျန်းမာရေးစောင့်ရှောက်ခွင့်များကိုလည်း ညှိနှိုင်းလို့ရနိုင်သရွေ့ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးဖို့ လိုမှာဖြစ်ပါတယ်။ ပြည်ပအလုပ်လုပ်နေသူများ ကြုံတွေ့ရတာတွေကတော့ ၎င်းတို့ခံစားရရှိလိုတဲ့

လုပ်ခနဲ့တန်းတူမဖြစ်တာတွေပါပဲ။ ဒါကလည်း မိခင်တိုင်းပြည်ဟာ သားသမီးအရင်းတွေကိုပဲ ဦးစားပေးမယ်ဆိုတာသဘာဝကျပါတယ်။ ကျွန်တော်တို့ လက်ရှိဖြစ်ပေါ်နေတဲ့ အကြပ်အတည်း ကတော့ Sanction ကြောင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာတာကလည်း အကြောင်းအရင်းတစ်ရပ် ဖြစ်ပါတယ်။ ပြည်ပမှာ အလုပ်သွားရောက် လုပ်ကိုင်သူများ အလုပ်သွား ရောက်လုပ်ရမှုများ လျော့နည်းအောင် ပြည်တွင်းအလုပ်အကိုင်အသစ်တွေ ဖော်ထုတ်တာတွေ၊ စက်မှုလုပ်ငန်းပိုဖွံ့ဖြိုးလာအောင် အထူးသဖြင့် Labour intensive ပေါ်ထွန်းလာအောင် လုပ်ပေးဖို့ ဖြစ်ပါတယ်။ ပြည်တွင်းအလုပ်သမားများကို ကျွန်တော်တို့နိုင်ငံက ဖွဲ့စည်းပုံအခြေခံဥပဒေတွေ အလုပ်သမားဥပဒေတွေနဲ့ ဘဝလုံခြုံရေးရရှိရေး အစီအစဉ်လည်းထားရှိသင့်ပါတယ်။ ဒါ့ပြင်လည်း ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာမသက်ရောက်တဲ့ နိုင်ငံတွေမှာတော့ မိမိနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ဖို့ကလည်း အမှန်တကယ် လိုအပ်ပါတယ်။ မျက်နှာလွှဲခဲပစ် အရင်းအဖျား ခွဲခြားမှုမဖြစ်စေသင့်ပါဘူး။ ပြည်ပမှာ အလုပ်သွားလုပ်သူများအနေနှင့်လည်း အမိမြေကို ပြန်လာတဲ့ အခါ အရင်းအနှီးနဲ့ နည်းပညာပါရှိလာမှသာ အနိမ့်ဆုံး မိမိနဲ့မိမိဘဝ မိသားစုဘဝကို ထောက်ပံ့စေ နိုင်မှာဖြစ်ပါတယ်။ ဒါမှ မဟုတ်ဘဲနဲ့ရောဂါနဲ့ လူမှုဘဝဒုက္ခတွေသာ သယ်ဆောင်လာရင်တော့ နိုင်ငံ အတွက်လည်း ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ ကျွန်တော်ကြုံတွေ့ရသမျှ ကျွန်တော်တို့ မြဝတီဒေသရဲ့ အကြောင်း အနည်းငယ်ပြောရရင် ကျွန်တော်တို့ဒေသမှာ မကြာခဏ တရားမဝင်လူများ လာရောက်ပို့ ဆောင်ပါတယ်။ ဒေသအခေါ် လာသွန်တယ်လို့ခေါ်ပါတယ်။ ဘာလို့ သွန်တယ်လို့ခေါ်တယ်ဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျာ ကျွန်တော်တို့ မြန်မာနိုင်ငံသား တရားမဝင်နိုင်ငံသားတွေကို သူတို့က ဖမ်းပြီးတော့ တစ်ပါလို့ခေါ်တဲ့ မြေသယ်ကားတွေ အမှိုက်တင်ကားတွေနဲ့ သယ်လာတယ်။ တရားဝင်ချစ်ကြည်ရေး တံတားကြီးရှိပါလျက်နဲ့ ချစ်ကြည်ရေးတံတားပေါ်က လာပို့ခြင်းမရှိဘဲနဲ့ ပွဲစားတွေရဲ့ ကုလားဖန်ထိုး မှုပေါ့ ပြောရမယ်ဆိုလို့ရှိရင် သူတို့ဟာ ပွဲစားတွေရဲ့စကား ယုံကြည်ပြီးတော့ လူတစ်ဦးကို သူတို့နိုင်ငံ သုံးငွေ ဘတ် ၅၀၀ နဲ့ ရွေးခိုင်းပါတယ်။ တကယ်လို့ လာရွေးတဲ့သူမရှိရင်လည်း သွန်းနောလို့ခေါ်တဲ့ ထိုင်းလဝကရုံး နေပူကြီး ကွင်းအကျယ်ကြီးထဲမှာ တစ်နေ့လုံး နေခိုင်းထားပါတယ်။ ဒါမျိုးတွေရှိပါ တယ်။ သူတို့နိုင်ငံဟာ ကျွန်တော်တို့ရဲ့ အပေါ်ဆက်ဆံထားတဲ့ သဘောတရားကိုလည်း ကျွန်တော်တို့ နိုင်ငံက သွားအလုပ်လုပ်မယ့်သူတွေ နားလည်သဘောပေါက်ထားဖို့ လိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဆီကို တရားဝင်လာတဲ့သူတွေထဲမှာလည်း စိတ်မနှံ့တဲ့သူတွေပါလာပါတယ်။ ရောဂါ ဖြစ်တဲ့သူတွေလည်း ပါလာတတ်ပါတယ်။ စိတ်မနှံ့တဲ့သူတွေပါလာတဲ့အခါမှာ ကျွန်တော်တို့က

သက်ဆိုင်ရာ ရယကရုံးကနေ စောင့်ရှောက်ပြီးတော့ အမျိုးသမီးရေးရာတို့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးမှာထားပြီးတော့ သက်ဆိုင်ရာမှတစ်ဆင့် သူ့နေရင်းဒေသကို စုံစမ်းပြီးတော့ ပြန်ပို့ရတာလည်းရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တစ်ခုပြောချင်တာက နိုင်ငံခြားသားနဲ့ လက်ထပ်ထားတဲ့ အမျိုးသမီးတွေပေါ့။ တစ်ဖက်နိုင်ငံမှာ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျပြီးတော့ အဲဒီနိုင်ငံခြားသားနဲ့ အနေမပျော်တဲ့အခါ တစ်ဖက်ဖြစ်တဲ့ ကျွန်တော်တို့ မြဝတီမြို့ကို ဝင်လာပါတယ်။ ဝင်လာတဲ့အခါ တစ်ဖက်နိုင်ငံသားကလည်း တစ်ခါတလေ ပြန်လာပြီးတော့ခေါ်တဲ့အခါ လက်ရောက်မှု ကျူးလွန်တာမျိုး ကျွန်တော်တို့ တွေ့ရပါတယ်။ ဥပမာ ဆံပင်ဆောင့်ဆွဲပြီးတော့ နံရံနဲ့ခေါင်းဆောင့်တာတို့ အဲဒါမျိုးတော့ ကျွန်တော်တို့ ရပ်ကွက်မှာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက သတင်းပို့တဲ့အတွက်၊ အဖွဲ့ဝင် ၁ ဆိုတဲ့လူက ဖမ်းဆီးခေါ်ဆောင်ပြီးတော့ သက်ဆိုင်ရာဌာနကိုပို့ တရားစွဲဆိုတာလည်းရှိပါတယ်။ အဲဒီလိုမှာ ကျွန်တော်တို့ကနေပြီးတော့ အမှုသည် မိန်းကလေးကို လက်ရောက်မှု၊ အပြင်းအထန်နာကျင်စေမှု လဝက Act တွေနဲ့ အရေးယူဖို့ ဘယ်လောက်ပင် သင်ကြားသော်လည်း တရားလို အမျိုးသမီးကတရားခံ သူ့ရဲ့အမျိုးသားနဲ့မကြာခဏ တရားရုံးမှာ ထိတွေ့ဖန်များလာတဲ့အခါ စိတ်ပြန်လည်ပြီးတော့ အမှုတွေပြန်ရုပ်သိမ်းရတာမျိုးလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တကယ်တမ်းကျတော့ အလုပ်အကိုင် အခွင့်အလမ်းကမရှိလို့ မဟုတ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ် လက်ကြောတင်းတင်းနဲ့ အားကြိုးမာန်တက်ဆိုရင် မိသားစုစားဝတ်နေရေး အထိုက်အလျောက် ပြေလည်ပါတယ်။ မကြာခင်က သတင်းစာမှာ စာရေးဆရာ လင်းသိုက်ညွန့် ရဲ့ ကြော်ငြာတစ်ခုကို တွေ့ရပါတယ်။ သူပြောတဲ့အဆိုကတော့ ကမ္ဘာမှာ လူတန်းစားခွဲခြားမှု မရှိပါဘူး။ သို့သော် ကြိုးစားအားထုတ်မှုကြောင့် ကွဲပြားမှုတော့ ရှိပါတယ်။ အမှန်ပါခင်ဗျ။ ကျွန်တော်တို့ မိရိုးဖလာမှာ ယုံကြည်ကြတဲ့ ကံဉာဏ်ဝီရိယ ကြိုးစားအားထုတ်မှုအပေါ် မူတည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြဝတီနယ်စပ်မှာ အခုအခါမှာ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်တဲ့ သူများကို တရားဝင် ယာယီနိုင်ငံကူးလက်မှတ်လုပ်လျက်ရှိပါတယ်။ E-passport လူဝင်မှုကြီးကြပ်ရေး စာရွက်စာတမ်းကြေးနဲ့ အလုပ်သမားကတ်များအတွက် ကျပ် ၁၀၀၀၀ ခန့် အကုန်ကျခံရုံနဲ့ လွယ်ကူစွာဆောင်ရွက်ပေးနေပြီလို့လည်း သိရပါတယ်။ တစ်ရက်လျှင် လာရောက်လျှောက်ထားသူများအနက် ဦးရေ ၂ ထောင်ကျော်ကို နေ့ချင်းပြီး နိုင်ငံကူးလက်မှတ်ထုတ်ပေးလျက်ရှိပါတယ်။ တစ်ဖက်နိုင်ငံမှာ မြန်မာနိုင်ငံသား ၂ သန်းခန့်ရှိပြီး တရားဝင်လက်မှတ်ထုတ်ပေးထားတာ ၁ သန်းကျော် ရှိပြီလို့ သိရပါတယ်။ တရားဝင်လေကြောင်းလိုင်းက ထွက်ခွာသူ

များကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းက တစ်ရက်လျှင် ၈၆ ကျပ်ခွဲသာ ကျသင့်တဲ့ တစ်နှစ်လျှင် အာမခံကြေးကျပ် နှစ်သောင်းခွဲခန့် အမြန်ဆောင်ရွက်ပေးထားတာကို တွေ့ရပါတယ်။ Dead Case လို နေရာမျိုးမှာ သိန်းငါးဆယ် ပြန်လည်လျော်ပေးတာမျိုးလည်း တွေ့ရပါတယ်။ နယ်စပ်ဖြတ်ကျော်ပြီး တစ်ဖက်နိုင်ငံသွားရောက် အလုပ်လုပ်သူများကိုကျတော့ မြန်မာ့အာမခံလုပ်ငန်းက ဝန်ဆောင်မှုမပေးသေးတာကိုလည်း တွေ့ရပါတယ်။ အကယ်၍ ဆောင်ရွက် ပေးနိုင်မယ်ဆိုလျှင် တစ်ဖက်နိုင်ငံမှာ သွားရောက်အလုပ်လုပ်မယ့် လူတွေအနေနဲ့ စိတ်ချယုံကြည်မှု၊ နောက်ကျန်မိသားစုအတွက် တစ်စိတ်တစ်ပိုင်း စိတ်အေးနိုင်မှာဖြစ်သလို နိုင်ငံတော်အတွက်လည်း ဝင်ငွေတိုးစေနိုင်မှာ ဖြစ်တယ်လို့ ကျွန်တော် ထောက်ခံတင်ပြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ။ Migration Policy ကို စဉ်းစားလျှင် ကျွန်တော်တို့နိုင်ငံရဲ့ အနောက်ဖက်တံခါးကိုးပေါက်မှုကိုလည်း ထည့်သွင်း စဉ်းစားဖို့လိုပါတယ်။ ဒါဟာလည်း Migrant တစ်မျိုးပဲဖြစ်ကြောင်း တင်ပြရင်းနဲ့ ဧရာဝတီတိုင်း ဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဋ္ဌေးဦးရဲ့အဆိုကို ဆွေးနွေးမှု နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဋ္ဌေးဦး တင်သွင်းသွားတဲ့အဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ပနိုင်ငံများမှာ မြန်မာနိုင်ငံကနေအကြောင်း အမျိုးမျိုးကြောင့် သွားရောက်လုပ်ကိုင်နေကြတဲ့ရွှေ့ပြောင်းအလုပ်သမား (Migrant Worker) များရှိရာ ပြည်ပနိုင်ငံများ ဖြစ်တဲ့ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ဒူဘိုင်းနိုင်ငံများသို့ တရားဝင်လုပ်ကိုင်ခွင့် ရရှိသူများရှိသလို၊ တရားမဝင်လုပ်ကိုင်ကြသူများရှိကြောင်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့မြန်မာ နိုင်ငံသားများဟာ တရားဝင်နှင့် တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ကြသည်ဟူသော အကြောင်း အချက်များဟာ သက်ဆိုင်ရာနိုင်ငံများကိုသွားရောက်အလုပ်လုပ်ကိုင်ချိန်ဟာ ပထမပိုင်းမှာတရားဝင် အလုပ်သမားများအဖြစ် လုပ်ကိုင်ကြတာများပါတယ်။ နောက်ပိုင်းမှာ တရားမဝင်အလုပ်သမားများ အဖြစ် သို့တည်းမဟုတ် Over Stay Workers များအဖြစ် ဖြစ်သွားရတဲ့အကြောင်းတရားများရှိကြပါ တယ်။ ဒီအကြောင်းတွေကတော့ မြန်မာနိုင်ငံမှာပြောခဲ့တဲ့လုပ်ခလစာကို အမှန်တကယ်အလုပ်

လုပ်ကိုင်ချိန်မှာပေးသည့်လစာနှင့် ကွဲပြားခြားနားခဲ့မှု၊ သက်ဆိုင်ရာနိုင်ငံရဲ့ ကုန်ကျစရိတ်နှင့် အလုပ်လုပ်၍ရသောဝင်ငွေမကိုက်ညီမှု၊ အလုပ်ရှင်မှဖိနှိပ်အုပ်ချုပ်စေခိုင်းမှု၊ အလုပ်ခွင်မတော်တဆထိခိုက်မှုဖြစ်ပြီး အာမခံလျော်ကြေးငွေမရရှိမှုနှင့် အခြားအကြောင်းအချက်များရှိကြောင်း ခြုံငုံသုံးသပ်တွေ့ရှိရပါတယ်။ နိုင်ငံသားများဟာ ပြည်ပနိုင်ငံများကိုသွားရောက်အလုပ် လုပ်ကိုင်သူများဟာ စတင်ထွက်ခွာချိန်မှာ ၎င်းတို့ရဲ့အသက်အရွယ်တွေဟာ ၂၅ နှစ်အတွင်းရှိသူများဖြစ်ပြီးတော့ တချို့သောသူများဟာ ဘွဲ့တစ်ခုခုရရှိပြီးသောပညာတတ်များဖြစ်ကြပါတယ်။ တကယ့်ကို နိုင်ငံတော်အတွက်အားကိုးအားထားဆောင်ရွက်ရမယ့် အရွယ်ကောင်းများလည်းဖြစ်ပါတယ်။ တကယ်သွားအလုပ်လုပ်ကြတဲ့ပညာတတ်လူငယ်များဟာ မိမိတို့ဘွဲ့ကိုဖော်ပြပြီး နိုင်ငံကူးစာအုပ်ပြုလုပ်တယ်ဆိုရင် ပညာသင်စရိတ်လျော်ကြေးငွေပေးဆောင်ရမှာ စိုးရိမ်တာကတစ်ကြောင်း၊ ပေးဆောင်တဲ့နေရာမှာ အခက်အခဲများ ရှိတတ်တာကတစ်ကြောင်း စတဲ့အကြောင်းအမျိုးမျိုးကြောင့် မိမိတို့ရဲ့ပညာအရည်အချင်းများကို ၁၀ တန်းအဆင့်လောက်သာနိမ့်ချဖြည့်သွင်းပြီး နိုင်ငံကူးလက်မှတ်ဆောင်ရွက်ကာ ပြည်ပနိုင်ငံကိုထွက်ခွာ အလုပ်လုပ်ကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံအတွက်ကတော့ ၎င်းတို့ကိုပညာသင်ကြားရာမှာ ကုန်ဆုံးခဲ့တဲ့အချိန်ရယ်၊ ငွေရယ်အပြင်နိုင်ငံ့အတွက် လူ့စွမ်းအားအရင်းအမြစ်ပါဆုံးရှုံးနစ်နာ နေကြရပါတယ်။ မိမိနိုင်ငံရဲ့စီးပွားရေးအခြေအနေအရ မိမိတို့ရဲ့တတ်မြောက်ထားတဲ့ပညာများကို အဆင့်နိမ့်ပြီး အခြားနိုင်ငံများမှာအလုပ်လုပ်နေကြရတဲ့အတွက် များစွာမှစိတ်မကောင်းလည်း ဖြစ်မိပါတယ်။ ရွှေ့ပြောင်းလုပ်သားများ တစ်စတစ်စပိုမိုများပြားလာခြင်းအကြောင်းကတော့အကြောင်းများစွာထဲကအချက်တစ်ချက်ကတော့ စီးပွားရေးပိတ်ဆို့ခံလိုက်ရတဲ့ Sanction ကိစ္စပဲဖြစ်ပါတယ်။ ဒီ Sanction ကိစ္စဟာ စီးပွားရေးအကြပ်အတည်းတင်မကဘဲ သွားရောက်အလုပ်လုပ်ကိုင်သူရွှေ့ပြောင်းအလုပ်သမားများကိုပါ များစွာထိခိုက်စေပါတယ်။ မြန်မာသဘော်သားများဟာ Sanction ကြောင့် အလုပ်ခန့်ထားမှုမှာ၊ အလုပ်ရရှိမှုမှာ များစွာအဟန့်အတားများဖြစ်သလို အခြားရွှေ့ပြောင်းအလုပ်သမားများဟာလည်း အနှိမ်ခံဘဝရောက်နေကြတာကိုလည်း သတိပြုသင့်ပါကြောင်းလည်းဆွေးနွေးတင်ပြအပ်ပါတယ်။ နိုင်ငံတော်အနေနဲ့ကတော့ မြန်မာနိုင်ငံအတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် နိုင်ငံတော်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အမြန်ဆုံးအတည်ပြုပြီးနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်မှုရှိစေသောလုပ်ငန်းနှင့်ဥပဒေများကိုလည်းပဲ အမြန်ဆုံးအကောင်အထည်ဖော်ထွက်ပေါ်လာဖို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျွန်တော်တို့အားလုံးလက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်နေကြတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ အဆိုရှင်

တင်သွင်းခဲ့တဲ့ ရွှေ့ပြောင်းလုပ်သားများအနေနဲ့ ပြည်ပနိုင်ငံများမှာ Dangerous, Difficult and Dirty (3D) စတဲ့အလုပ်များလုပ်ဆောင်တယ်ဆိုတဲ့ အချက်နဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် ကျွန်တော်ကြားဖူးတဲ့ရွှေမြန်မာတစ်ယောက် ရွှေမြန်မာလို့ သုံးစွဲခွင့်ကိုခွင့်ပြုပါရန် ကျွန်တော့်အနေနဲ့ ခွင့်ပြုပါရန်လေးစားစွာတင်ပြအပ်ပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများဟာ မိမိတို့မြန်မာ အချင်းချင်းကို ရွှေလို့တင်စားပြီး ရွှေရွှေချင်း ဒီလိုထပ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ရွှေမြန်မာတစ်ယောက်ဆိုရင် ဓာတုဗေဒစက်ရုံမှာအလုပ်လုပ်ရင်းနဲ့ ဓာတုဗေဒပစ္စည်းဓာတ်ပြုမှုကြောင့် ၎င်းရဲ့ လက်သည်းများဟာ တဖြည်းဖြည်း ကြွေကျပြီးလက်ဆစ်များပြုတ်ထွက်ခြင်း၊ နောက်ဆုံးအလုပ်မလုပ်နိုင်လို့ ကိုယ့်နိုင်ငံကိုပြန်လာတဲ့အချိန်မှာ အသက်ပါဆုံးရှုံးရတဲ့ အဖြစ်ဆိုးများစွာတွေ့ကြုံခံစားခဲ့ရကြောင်းလည်း လေ့လာကြားသိခဲ့ရဖူးပါတယ်။ ဒါ့အပြင် အလုပ်ကြမ်းတမ်းခက်ခဲတဲ့ သင်္ဘောကျင်းလိုနေရာမျိုး၊ အဆောက်အဦဆောက်တဲ့ Construction စတဲ့ လုပ်ငန်းတွေမှာ အလွန်မြင့်မားတဲ့ ငြမ်းဆင်ခြင်း လုပ်ငန်းများကိုလည်း ခက်ခက်ခဲခဲဆောင်ရွက်ကြရင်း မတော်တဆ ထိခိုက်မှုဖြစ်လို့ အသက်ဆုံးရှုံးရခြင်း၊ ခြေကျိုးလက်ကျိုးဖြစ်ရခြင်းကိစ္စများ ဖြစ်ပေါ်မှုများလည်း ရှိခဲ့ပါတယ်။ သင်္ဘောတစ်စင်းသက်ဆိုင်ရာနိုင်ငံမှာ အကြောင်းအမျိုးမျိုး ဆောင်ရွက်ရန် ဝင်လာပြီးဆိုရင် သင်္ဘောညစ်ပတ်နေရင် သက်ဆိုင်ရာနိုင်ငံကအဝင်မခံတဲ့အတွက် ထိုနိုင်ငံတိုရဲ့ ပင်လယ်ဝမှာ ရေနံစိမ်းအစရှိတဲ့ပစ္စည်းများကို နည်းအမျိုးမျိုးနဲ့ သန့်ရှင်းဆောင်ရွက်ကြတဲ့အခါ အလွန် အင်မတန်မှ ညစ်ပတ်ပေရေခြင်း၊ အနံ့ဆိုးများရှူရှိုက်ရခြင်း၊ မြင့်မားသောသင်္ဘောများဖြစ်လို့ သင်္ဘော အတွင်းပိုင်းက ဘားတန်းများမှာ အလုပ်လုပ်ကိုင်ရင်း ခြေချော်လက်ချော်ကျလို့ ဒုက္ခရောက်ခဲ့ရတဲ့ အဖြစ်ပေါင်းများစွာလည်း ခံစားနေကြရတယ်လို့သိရှိရပါတယ်။ ဒီလို 3D အလုပ်တွေကို ရွှေမြန်မာတို့ တွေ့ကြုံခံစားရတဲ့အခါ၌လည်းကောင်း၊ လုပ်ခလစာကွာဟတဲ့အခါ၌လည်းကောင်း နေထိုင်မှု အဆင့်အတန်းလွန်စွာမှနိမ့်ကျဖြစ်ပေါ်ခံစားနေရတဲ့အခါ၌လည်းကောင်း၊ အလုပ်ရှင်ကုမ္ပဏီ သူဌေးက မတရားဖိနှိပ်ချုပ်ချယ်ခံနေရတဲ့အခါ၌လည်းကောင်း၊ လုပ်ငန်းခွင်စတဲ့ အကြောင်းအမျိုးမျိုးကြောင့် အားကိုးတကြီး မိမိနိုင်ငံက တရားဝင်သက်ဆိုင်ရာနိုင်ငံက ဖွင့်ထားတဲ့ မြန်မာသံရုံးမှာသွားရောက် အကူအညီတောင်းခံတဲ့အခါမှာ သံရုံးအရာရှိနှင့် ဝန်ထမ်းများဟာ ကိုယ့်နိုင်ငံက နိုင်ငံသားများကို နိုင်ငံတော်ကိုယ်စားမိမိတို့ရဲ့သားသမီးများကဲ့သို့ ဆက်ဆံဆောင်ရွက်မပေးတဲ့အပြင် ၎င်းတို့သုံးနေကြစကားလုံးကတော့ ဒီအတိုင်း ကိုယ့်နိုင်ငံကို ပြန်သွားတာက အကောင်းဆုံးပဲဆိုတဲ့စကားမှတစ်ပါး အခြားအကူအညီများရရှိခြင်း မရှိကြောင်းလည်း သိရတဲ့အတွက် Migration Policy ချမှတ်ရာမှာ

သက်ဆိုင်ရာနိုင်ငံများမှာရှိတဲ့ မိမိနိုင်ငံကိုယ်စားဖွင့်လှစ်ထားတဲ့ မြန်မာသံရုံးများကလည်း ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန်အချက်ကို ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်းလည်း ဆွေးနွေး တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက မြန်မာနိုင်ငံမှာရှိတဲ့ ဘွဲ့ရ ပညာတတ်တွေတောင်မှ ဘဝအာမခံချက်ရအောင် မစွမ်းဆောင်နိုင်ဘူး။ ပြည်ပမှာ သွားပြီးလုပ်နေ ကြတဲ့ လက်လုပ်လက်စားတွေရဲ့ အာမခံချက်ရရှိအောင် မဆွေးနွေးနိုင်ဘူး။ ဆွေးနွေးမယ့်ကိစ္စ အောင်မြင်နိုင်ပါ့မလားဆိုတဲ့ အပြောတွေ၊ အတွေးတွေပြောနေတွေးနေကြမယ့်အစား ပြည်သူတွေ အတွက် ပကတိအခြေအနေမှာ ကျွန်တော်တို့တစ်တွေ ဘယ်လိုကောင်းအောင် ဆောင်ရွက်ကြမလဲ။ ဘယ်လို Policy မျိုးတွေချမှတ်ကြမလဲဆိုတာ အဓိကထားဆွေးနွေးစဉ်းစား ဆောင်ရွက်ကြရမယ့် အချိန်လည်းဖြစ်၊ ဆောင်ရွက်ခွင့်ရကြတဲ့ နေရာလည်းဖြစ်နေကြတာကို လက်လွတ်မခံဘဲ ကျွန်တော်တို့ တစ်တွေလုပ်ကြရမယ့် လုပ်ကိုလုပ်ကြရမယ့်ကိစ္စတစ်ခုဖြစ်ကြောင်း လေးလေးနက်နက် ဆွေးနွေး တင်ပြအပ်ပါတယ်။ အချုပ်အားဖြင့်တင်ပြရလျှင် ရွှေမြန်မာများပြည်ပနိုင်ငံများမှာ ရွှေ့ပြောင်းလုပ်သား များအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ကြရာမှာ အဓိကအားဖြင့် ပေးဆောင်ရတဲ့ စရိတ်စကများ မြင့်မားခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အာမခံချက်မရှိခြင်း၊ အလုပ်သမားအခွင့်အရေးများ အပြည့်အဝမရရှိခြင်း၊ လုပ်ခလစာများကို အလုပ်ရှင်၊ ပွဲစားနှင့် အလုပ်ကြပ်တို့က ခေါင်းပုံ ဖြတ်မှုခံနေကြရတာကို ကျွန်တော်တို့ လွှတ်တော်ကြီးက ဒီအတိုင်းကြည့်နေကြတော့မှာလား။ ဒီအတိုင်းပဲမျက်နှာလွှဲထားကြတော့မှာလား။ ဒါဆိုရင် ကျွန်တော်တို့တစ်တွေ Migrant Workers များအတွက် Migration Policy ကို မဖြစ်မနေချမှတ် ဆောင်ရွက်ဖို့ အချိန်တန်ပြီလို့ တင်ပြ ဆွေးနွေးရင်း ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဌေးဦး တင်သွင်း သွားတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဆွေ (တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၏

နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်း အလုပ်သမားများ (Migrant Worker) အတွက် Labour Migration Policy ချမှတ်ဆောင်ရွက်နိုင်ပါရန်အဆိုနှင့် ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Globalization နှင့်အတူ နည်းပညာများဆန်းသစ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လျက်ရှိပါတယ်။ လုပ်သားဈေးကွက် လိုအပ်ချက်အရ ကျွမ်းကျင်လုပ်သားတစ်စိတ်တစ်ဒေသ ကျွမ်းကျင်လုပ်သား များနှင့် အထွေထွေလုပ်သားများမှာ မိမိအစီအစဥ်ဖြင့်သော်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန တွင် မှတ်ပုံတင်ထားသော ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှလည်းကောင်း၊ ထိုင်း၊မလေးရှား၊ကိုရီးယား၊ စင်ကာပူ၊ ဂျပန် စတဲ့နိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်နေကြတာကို သိရှိကြပြီးဖြစ်ပါတယ်။ မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်တဲ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်နိုင်ငံတို့တွင် Greater Mekong Sub-Region (GMS) HRD Strategic Frame Work Action Plan များအနေဖြင့် အလုပ်သမားရွှေ့ပြောင်းမှုစီမံခန့်ခွဲခြင်းနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစံများ လိုက်လျောညီထွေမှုရှိအောင် ဆောင်ရွက်ရန်၊ ဒေသခွဲ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစည်းခြင်းလုပ်ငန်းစဥ်များကို တိုက်ရိုက်လွယ်ကူချောမွေ့စေသည့် HRD ဆိုင်ရာလုပ်ငန်းများအား ပံ့ပိုးဖြည့်ဆည်းပေးရန်နှင့် နယ်စပ်ဖြတ်ကျော်၍ ကူးစက်တတ်သော ရောဂါများပျံ့နှံ့ခြင်း၊ GMS ပေါင်းစည်းခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည့် လူကုန်ကူးမှုကဲ့သို့သော နယ်စပ်ဖြတ်ကျော်ခြင်းဆိုင်ရာ အရေးကြီးသည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရှိရပါတယ်။ Greater Mekong Sub-Region (GMS) HRD Strategic Frame Work Action Plan တို့ကို အကောင်အထည်ဖော်ရန်လုပ်ငန်းအဖွဲ့သုံးခုဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေး၊ အလုပ်သမား တို့ နဲ့ဖွဲ့စည်းထားကြောင်းကိုလည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလုပ်ငန်းအစီအစဥ်တွင် ဒေသခွဲအတွင်းလုံခြုံစိတ်ချရသော အလုပ်သမားရွှေ့ပြောင်းခြင်း၊ လွယ်ကူချောမွေ့စေခြင်း၊ ပညာရေးနှင့် ကျန်းမာရေးတိုးတက်မှုဆိုင်ရာ ဒေသအဆင့်ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ခြင်း၊ ဒေသခွဲ၍ ကူးစက်တတ်သောရောဂါ ထိန်းချုပ်ရေးအားထောက်ပံ့ကူညီရေး၊ အစားအသောက်နှင့် ဆေးဝါး ဘေးအန္တရာယ်ကင်းရှင်းရေး အားတိုးတက်ကောင်းမွန်စေခြင်း၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဒေသအဆင့် အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုနှင့် ယန္တရားများပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်ကြောင်း သိရှိရပါ

တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်အနေဖြင့် အလုပ်သမားရွှေ့ပြောင်းမှုများစီမံခန့်ခွဲခြင်း၊ စနစ်များမြှင့်တင်ခြင်း(Enhancing Labour Migration Management Systems)၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုရေး ကာကွယ်စောင့်ရှောက်မှုမြှင့်တင်ခြင်း (Enhancing Social Protection for Migrant Worker)၊ အလုပ်သမားဈေးကွက်သတင်းအချက်အလက်စနစ်များ တိုးတက်စေခြင်း (Improving Market Information Systems) တို့ကို ယခုအခါမှာ ဦးစားပေးဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံ သားရွှေ့ပြောင်းအလုပ်သမားများအတွက် Labour Migration Policy ကို ချမှတ်ဆောင်ရွက် သင့်ကြောင်းပြောကြားရင်း ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ဦးဌေးဦးရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးပြည့်မောင် မတ္တရာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။ တစ်ယောက်ကျော် ထားပါတယ်။

**ဦးပြည့်မောင်(မတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးရဲ့အဆိုဖြစ်တဲ့ နိုင်ငံရပ်ခြားဒေသတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများအတွက် Labour Migration Policy ကို ချမှတ်ဆောင်ရွက်နိုင်ပါရန် အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်လို့ အလုပ်သမားများ စီမံခန့်ခွဲရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကျိုးခံစားခွင့်ရရှိဖို့အတွက် ကြီးကြပ် ဆောင်ရွက်ပေးရန် ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်မှုကော်မတီကို နိုင်ငံတော်မှ ဖွဲ့စည်းထား ကြောင်းသိရှိရပါတယ်။ ပြည်ပမှာ အလုပ်လုပ်ကိုင်မှု ကြီးကြပ်မှုကော်မတီအနေနဲ့ ပြည်ပအလုပ်လုပ်မှု ဆိုင်ရာမူဝါဒ (Labor Migration Policy) နဲ့ အလုပ်သမား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒများကို ချမှတ်ထားပါတယ်။ အဲဒီချမှတ်တဲ့အချက်မှာ ၆ ချက်လောက် တွေ့ရှိရပါတယ်။ အဲဒီအချက်တွေ

ကတော့ ပထမအချက်အနေနဲ့ကတော့ ကျွန်တော်တို့ ပြည်ပသို့အလုပ်အကိုင်ရှာဖွေရန် တရားဝင် လမ်းကြောင်းများဖွင့်ပေးပြီး သွားလာရန်လွယ်ကူစေခြင်း၊ ဒုတိယအချက်ကတော့ ရွှေ့ပြောင်းအလုပ် သမားများ၏ အခြေခံအခွင့်အရေးများရရှိစေရေး၊ တတိယအချက်ကတော့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်း နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ စတုတ္ထအချက်ကတော့ ရွှေ့ပြောင်း အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပဉ္စမအချက်ကတော့ ဒေသအတွင်း ရွှေ့ပြောင်းသွားလာခြင်းမှ အတွေ့အကြုံကျွမ်းကျင်မှုနှင့် အသိ ပညာရရှိစေခြင်းနှင့် ပြန်လည်မျှဝေပေးစေခြင်း၊ နောက်ဆုံးအချက်ကတော့ ရွှေ့ပြောင်းသွားလာခြင်း သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ၏ ပေါင်းစည်းမှုနှင့် တစ်စိတ်တစ်ဒေသ ဖြစ်စေခြင်းတို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ အဆိုပါမူဝါဒတွေဟာ မပြည့်စုံ သေးကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ILO အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ILO Convention များကိုလည်း လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ILO Convention ၆၆ မှာ ဖော်ပြထားတာကတော့ ပထမအချက်ကတော့ ရွှေ့ပြောင်းနေထိုင်ခြင်းနဲ့ စပ်လျဉ်းတဲ့အမြင်မှားယွင်းနေသည့်ဝါဒများ ဖြန့်ဝေခြင်းအား ဖိနှိပ်ရန်အတွက် အပြစ်ပေးအရေး ယူမည့် ဥပဒေပြဋ္ဌာန်းခြင်း ဒုတိယအချက်ကတော့ အခြားနိုင်ငံနယ်နိမိတ်မှာ လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ ပိုစတာများ၊ ကြော်ငြာများမှတစ်ဆင့် အများပြည်သူသိရှိစေရန် ဆောင်ရွက်ခြင်း၊ နံပါတ်သုံး အချက်ကတော့ တခြားနိုင်ငံရွှေ့ပြောင်းနေထိုင်ခြင်းအားဖြစ်စေမည့် သတင်းအချက်အလက်များ ပံ့ပိုး ပေးရန် လုံလောက်သည့် ဝန်ဆောင်မှုများပေးခြင်း၊ စတုတ္ထအချက်ကတော့ ရွှေ့ပြောင်းလုပ်ကိုင်သူ များနှင့် အလုပ်ရှင်များကြားချုပ်ဆိုသည့် အလုပ်ရှင်အလုပ်သမား သဘောတူစာချုပ်ကို ကြီးကြပ် သည့်နည်းစနစ် တစ်ရပ်ပံ့ပိုးပေးခြင်း၊ ပဉ္စမအချက်ကတော့ အဆိုပါစာချုပ်က ရွှေ့ပြောင်းအလုပ် သမားများ နားလည်သည့်ဘာသာစကားဖြင့် ဖော်ပြခြင်းတို့ပါရှိပါတယ်။ မြန်မာနိုင်ငံ၏ Labour Migration Policy မှာ အဆိုပါအချက်များကို ပေါင်းစပ်ထည့် သွင်းဖြည့်စွက်သွားခြင်းဖြင့် ပိုမို ပြည့်စုံတဲ့လုပ်ငန်းများကို ပေါ်လွင်မှာဖြစ်ကြောင်းတင်ပြရင်း ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး၏အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ် လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားရွှေ့ပြောင်း အလုပ်သမားများ (Migrant Workers) များအတွက် ဘဝအာမခံချက် လုံခြုံမှုရရှိစေရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးပါရန်အဆိုကို အပြုသဘော ဆွေးနွေးသွားမည် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်ဒီပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၉ အရ တာဝန်များထမ်းဆောင်ရန်နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄၊ ၂၇ အရ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ၏ တာဝန်များထမ်းဆောင်ရန်အတွက် လွှတ်တော်နားနေစဉ်အတွင်း ပြည်သူများနှင့် တွေ့ဆုံခြင်း လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းတင်ပြခြင်းတို့ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူထဲကပြည်သူများ ဖြစ်ကြသော အသက်ကြီးသည့် မိဘအရွယ် အဘိုး၊ အဘွားအများစုသည် သူတို့၏သားသမီးမြေးမြစ်များသည်မိဘအဘိုးအဘွားရဲ့စကားကိုနားမထောင်ဘဲ အိမ်နီးနားချင်းဆီသို့ အလုပ်အကိုင်ရရှိရေးအတွက် တရားဝင်တာရော၊ တရားမဝင်တာရော၊ နိုင်ငံခြားသို့ အစုလိုက် အပြုံလိုက် ထွက်သွားခြင်း၊ ထွက်သွားဆဲဖြစ်နေပါကြောင်း၊ ထိုကိစ္စကို အချိန်မီတားဆီးပေးပါရန် ပြည်သူလူထုများက ကျွန်တော့်ဆီမကြာခဏ အကူအညီတောင်းခံလာပါတယ်။ ဤကဲ့သို့ ဖြစ်ရတဲ့ အကြောင်းအရင်းမှာ (၁) ပညာရေးအဆင့်အတန်းနိမ့်ပါးပြီး စာမတတ်တဲ့အတွက်ကြောင့် မှန်ကန်တဲ့ အတွေးအခေါ်မရှိ၍ နိုင်ငံခြားသို့ သွား၍အလုပ်ကြမ်းလုပ်ကိုင်ခြင်း၊ (၂) မိမိနိုင်ငံကို အထင်သေးပြီး နိုင်ငံခြားကို အထင်ကြီးခြင်း၊ (၃) အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ (၄) မိမိနိုင်ငံ၏ လုပ်ခလစာ သည် မိသားစုအတွက် ဖူလုံမှုမရှိခြင်း၊ (၅) ဖြတ်လမ်းနည်းဖြင့် ချမ်းသာလိုခြင်း (၆) မိမိနေထိုင်သော နယ်မြေဒေသတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမရှိသောကြောင့် တရားဥပဒေစိုးမိုးမှုမရှိ၍ အခြားနိုင်ငံ သို့ ထွက်ခွာရခြင်း၊ (၇) ပြည်တွင်းငြိမ်းချမ်းရေး ပီပြင်စွာ မဖော်ဆောင်နိုင်သေးသဖြင့် ပဋိပက္ခဖြစ်နေ၍ စစ်မှုထမ်းရမည်ကို ကြောက်ရွံ့ပြီး အခြားနိုင်ငံသို့ ထွက်ခွာရခြင်း၊ (၈) အကြောင်းအမျိုးမျိုးကြောင့် မိမိပိုင်ဆိုင်သော လယ်ယာမြေများသိမ်းဆည်းခံရ၍ မြေမဲ့ယာမဲ့ဘဝကြောင့် မိမိဘဝရပ်တည်ရေး အတွက် နိုင်ငံခြားသို့ ထွက်ခွာရခြင်း၊ (၉) မိမိဒေသသည် မူးယစ်ဆေးဝါးစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊

စားသုံးခြင်းစသည်တို့နှင့် ပတ်သက်မိမှာကို စိုးရိမ်ပါသောကြောင့်၊ မိဘဆွေမျိုးများရဲ့ တိုက်တွန်းခြင်းဖြင့် နိုင်ငံခြားသို့ထွက်ခွာရခြင်း၊ (၁၀) နိုင်ငံခြားသို့ ရောက်နှင့်နေသူများမှ မိမိ၏ဆွေမျိုးသားချင်း၊ သူငယ်ချင်းများကို ခေါ်ယူသဖြင့်နိုင်ငံခြားသို့ထွက်ခွာရခြင်း၊ (၁၁) လူမှောင်ခိုကူးသူများ၏ မဲဆွယ်မှုပယောဂကြောင့် နိုင်ငံခြားသို့ထွက်ခွာရခြင်း၊ (၁၂) အိမ်နီးနားချင်းနိုင်ငံမှ အမျိုးသမီးရှားပါးမှုကြောင့် အခြားနိုင်ငံသားများ၏ ဇနီးသားများအဖြစ် ပြုလုပ်ခံရခြင်းကြောင့် နိုင်ငံခြားသို့ ထွက်ခွာရခြင်းစသည့် အကြောင်းရင်းများ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသားများသည် အခြားနိုင်ငံသို့ အလုပ်လုပ်ကိုင်သူများအဖြစ်သော်လည်းကောင်း၊ ဒုက္ခသည်များ အဖြစ်သော်လည်းကောင်း၊ တရားဝင်တာရော၊ တရားမဝင်တာရော၊ ခန့်မှန်းခြေ လူဦးရေ ၂.၄ သန်းခန့်ရှိပါကြောင်း သိရှိရပါတယ်။ ရှမ်းတိုင်းရင်းသားများဦးရေမှာ ၈သိန်းခန့် အိမ်နီးနားချင်းနိုင်ငံတွင် သွားရောက်အလုပ် လုပ်ကိုင်နေသည်ကို ကြားသိမြင်တွေ့နေရပါတယ်။ အများစုမှာ နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အင်မတန်မှ တန်ဖိုးကြီးလှတဲ့ ဖျတ်လက်လျင်မြန်သော တိုးတက်တဲ့ အမြင်ရှိသောလူငယ်များ အများစုဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့၏ Policyနှင့် Institution တွေလည်း ပြောင်းလဲခဲ့ပါပြီ။ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အတွင်းဒေသပေါင်းစုံ၊ ဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံအသီးသီးတွင် ဒီမိုကရေစီပြန့်ပွားထွန်းကားရေးအတွက် စစ်မှန်သော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေး၊ စီးပွားရေးစနစ် ပီပြင်စွာပေါ်ထွန်းလာရေးအတွက် ပြည်သူများ၏ အားဖြင့် တိုင်းပြည်ကြီးကို အရှိန်အဟုန် တည်ဆောက်နေသည်ကို တွေ့မြင်ရပါတယ်။ ထို့အပြင် ယခုလက်ရှိအချိန်မှာ လူထုများကို အခြေပြုသည့် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာဒုတိယအဆင့်ကို တက်လှမ်းနိုင်ရေးအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နေကြပါတယ်။ နိုင်ငံတော်သမ္မတကြီး၏ မဟာဗျူဟာ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော် သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်ကို ပိုင်စိုးမည့် မျိုးဆက်သစ်လူသားအရင်းအမြစ်တို့ အင်အားရှိရေးပဲဖြစ်ပါတယ်။ ဤကဲ့သို့ အကောင်အထည်ဖော်ဆောင်ရာမှာ နယ်ပယ်အသီးသီးတွင် လူသားအရင်းအမြစ်များစွာလိုအပ်လှပါတယ်။ ကျွန်တော် နှမြောတမ်းတရင်နာနေရတဲ့ အကြောင်းအရင်းတစ်ခုကတော့ မိမိနိုင်ငံမှ ပညာတတ်အများစုဟာ တခြားနိုင်ငံသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ရာမှာ ၎င်းနိုင်ငံသားများမှ မလုပ်ချင်ကြတဲ့ နိမ့်ကျတဲ့အလုပ်ကိုလုပ်ခ လစာနည်းနည်းဖြင့် မသက်သာစွာ လုပ်ရတဲ့ကိစ္စပဲဖြစ်ပါတယ်။ Brain Drain ဟုခေါ်သော ဦးနှောက်ယိုစီးမှု တနည်းအားဖြင့် ပညာ

တတ်လူသားအရင်းအမြစ်ဆုံးရှုံးမှုသည် မြန်မာနိုင်ငံတွင် မြင့်မားနေကြောင်းကိုလည်း သိမြင်နေရပါတယ်။ မိမိ၏ ပညာတတ်လူသားအရင်းအမြစ် မဆုံးရှုံးရလေအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို နည်းလမ်းရှာသင့်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏အဆိုကို ထောက်ခံဆွေးနွေးရင်း နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် ဆောင်ရွက်ရင်း မိမိနိုင်ငံအတွင်းရှိ လက်ရှိပညာတတ် လူသားအရင်းအမြစ်များ ထပ်မံမဆုံးရှုံးရလေအောင် ဝိုင်းဝန်းပြီး နည်းလမ်းရှာဖွေကာကွယ်ပါစို့လို့ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၂၃) ရက်မြောက်နေ့ အစီအစဉ်ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၄) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၆း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ၁၆း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]**